
www.burmeseclassic.com



လာဘ်မိုးရွာစာပေ

# သင် ဘယ်လိုလူစားလဲ

သုတေသီ
မြင့်ထွန်း

www.burmeseclassic.com

www.burmeseclassic.com

# [illegible]

**ထုတ်ဝေသူ**
ဦးမိုးကြည်၊ မိုးကြည်စာပေ
အမှတ် (၃၈၇)၊ (၇)ရပ်ကွက်၊ ဈေးပုံလမ်း၊
ဒဂုံ(မြောက်)

**စာမူခွင့်ပြုချက်အမှတ်**
၇၁/၉၉ (၁)

**မျက်နှာဖုံးခွင့်ပြုချက်အမှတ်**
၁၀၇/၉၉ (၃)

**ပုံနှိပ်သူ**
ဦးဝင်းဆွေ၊ ဝင်းထွန်းပုံနှိပ်တိုက် (မြဲ-၀၄၈၃၉)
အမှတ် (၃၇)၊ ရေကျော်လမ်းမကြီး

**ကွန်ပျူတာစာစီ**
ရွှေကွင်းဆက် ကွန်ပျူတာ

ပထမအကြိမ်၊ အုပ်ရေ (၁၀၀၀)
တန်ဖိုး (၂၀၀/-)

၁၉၉၉- ခုနှစ်၊ စက်တင်ဘာလ

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ

## လျှော့မျက်နှာ


မျက်နှာအပေါ်ပိုင်း ၄
မျက်နှာအလယ်ပိုင်း ၅
မျက်နှာအောက်ပိုင်း ၆
မျက်နှာအပိုင်းသုံးပိုင်း ၇
မှတ်သားဖွယ်ရာ လျှော့မျက်နှာ ၈
မျက်နှာပုံစံအနေအထား ၈
လဝန်းမျက်နှာ ၈
ဘဲဥမျက်နှာ ၉
လေးထောင့်မျက်နှာ ၉
မြင်းမျက်နှာ ၁၀
ငါးထောင့်မျက်နှာ ၁၀
မြွေ (သို့မဟုတ်) ကြွက်မျက်နှာ ၁၁


## ဆံပင်


ဆံပင်နှင့်အရောင်အသွေး ၁၄
ဆံပင်၏ အထွေထွေသဘာဝ ၁၄
ဆံပင်နှင့်ကျန်းမာမှု ၁၅
ဆံပင်ကျွတ်ခြင်း ၁၆


www.burmeseclassic.com

www.burmeseclassic.com

## ဦးခေါင်း

ဦးခေါင်း၏အထွေထွေသဘာဝ ၁၇
အမျိုးသားဦးခေါင်း ၁၈
အမျိုးသမီးဦးခေါင်း ၁၉
ဦးခေါင်းလက္ခဏာ ၂၀

## နဖူး

နဖူးအနေအထားများ ၂၁
နဖူးပြင်မြင့်ခြင်း ၂၂
နဖူးပြင်နိမ့်ကျခြင်း ၂၂
နဖူးပြင်ကျယ်ခြင်း ၂၂
နဖူးပြင်ကျဉ်းမြောင်းခြင်း ၂၃
နဖူးပြင်လေးထောင့်ကျခြင်း ၂၃
နဖူးအောက်ပိုင်းကျယ်ပြီးမောက် ၂၄
နဖူးအပေါ်ပိုင်းမို့မောက် ၂၄
နဖူးထက်အောက်မျှတစွာမို့မောက် ၂၅
အမျိုးသားနဖူးလက္ခဏာ ၂၅
အမျိုးသမီးနဖူးလက္ခဏာ ၂၆
အမျိုးသား အမျိုးသမီးနဖူးပြင်ရှိ
အရေးအကြောင်းလက္ခဏာများ ၂၇
မဟာနဖူး ၂၈
နဖူးက ဆံဦးစွန်း ၂၉
နဖူးထိပ်က ဆံလယ် ၂၉
ထူးခြားသော နဖူးပြင်က အရေးအကြောင်းများ ၂၉
ဂန္ဓာလရာဇ်ကျမ်းအဆို ၃၀

www.burmeseclassic.com

www.burmeseclassic.com

## မျက်စုံး


| | |
|---|---|
| မျက်ခုံးအမျိုးမျိုး | ၃၁ |
| - တည်ငြိမ်သော မျက်ခုံး | ၃၂ |
| - စိတ်ဆတ်သောမျက်ခုံး | ၃၂ |
| - ဖိုမျက်ခုံး | ၃၂ |
| - မမျက်ခုံး | ၃၃ |
| - အနုပညာမျက်ခုံး | ၃၃ |
| - ကြောက်စရာကောင်းသောမျက်ခုံး | ၃၄ |
| - အငြင်းသန်သော မျက်ခုံး | ၃၄ |
| -စဉ်းလဲသောမျက်ခုံး | ၃၄ |
| - ကံမကောင်းသော မျက်ခုံး | ၃၅ |
| မျက်ခုံးမွေးလက္ခဏာ | ၃၅ |
| မကောင်းသော အမျိုးသားတို့၏ မျက်ခုံးမွေး | ၃၆ |
| အမျိုးသမီးမျက်ခုံးမွေးလက္ခဏာ | ၃၆ |
| မကောင်းသော အမျိုးသမီးတို့၏ မျက်ခုံးမွေး | ၃၇ |


## မျက်စွံ


| | |
|---|---|
| မှိုသော မျက်ခွံ | ၃၉ |
| မျက်ခွံ လက္ခဏာ | ၄၀ |
| မျက်ခမ်း လက္ခဏာ | ၄၀ |
| မျက်တောင် လက္ခဏာ | ၄၀ |
| အမျိုးသားမျက်တောင်မွေးလက္ခဏာ | ၄၁ |
| အမျိုးသမီးမျက်တောင်မွေးလက္ခဏာ | ၄၂ |


BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

# မျက်လုံး


| | |
|---|---|
| မျက်လုံးအရောင်အသွေးများ | ၄၃ |
| - ပြာသော မျက်လုံး | ၄၄ |
| - မီးခိုးရောင် မျက်လုံး | ၄၄ |
| - အစိမ်းရောင် မျက်လုံး | ၄၅ |
| - နီကြောင်ကြောင် မျက်လုံး | ၄၅ |
| - ညိုမှိုင်းမှိုင်း မျက်လုံး | ၄၅ |
| - မဲမှောင်သော မျက်လုံး | ၄၆ |
| မျက်လုံး အမျိုးမျိုး | ၄၆ |
| - ဝိုင်းစက်ပြီး ပြူးကျယ်သော မျက်လုံး | ၄၆ |
| - အရွယ်အစား သင့်တင့်သော မျက်လုံး | ၄၇ |
| - အလွန်သေးငယ်ပြီး ကျဉ်းမြောင်းသော မျက်လုံး | ၄၇ |
| - အလွန်ပြူးကျယ်သော မျက်လုံး | ၄၇ |
| - အလွန်စူးရှသော မျက်လုံး | ၄၈ |
| အရည်လဲ့သော မျက်လုံး | ၄၈ |
| က်လုံး ကွာဝေးခြင်း | ၄၈ |
| မျက်လုံး နီးကပ်ခြင်း | ၄၉ |
| မျက်လုံးလက္ခဏာ | ၄၉ |
| အမျိုးသားမျက်လုံးလက္ခဏာ | ၄၉ |
| အမျိုးသမီး မျက်လုံးလက္ခဏာ | ၅၁ |
| သတိပြုရမည့် မျက်လုံးများ | ၅၂ |
| မမျက်လုံး | ၅၃ |
| ရှေးဟောင်း ပုရပိုက်အဆို | ၅၃ |


BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

## နှာခေါင်း


နှာခေါင်းပုံသဏ္ဍာန် ၅၅
- ရှည်လျားပြီး ချွန်ထက်သော နှာခေါင်း ၅၆
- ဖြောင့်တန်းညီညာသော နှာခေါင်း ၅၆
- လင်းယုန်နှုတ်သီးကဲ့သို့ကောက်ကွေ့သောနှာခေါင်း ၅၇
- ရှည်လျားပြီးကျယ်ပြန့်ကြီးမားသော နှာခေါင်း ၅၇
- တိုပြီး လန်နေသော နှာခေါင်း ၅၈
နှာခေါင်းကြီးသူနှင့် နှာခေါင်းသေးသူ ၅၈
နှာခေါင်းပေါက်ကျယ်သူနှင့် နှာခေါင်းပေါက်ကျဉ်းသူ ၅၉
နှာယောင်ပါးလျားသူနှင့် နှာယောင်ထုကောင်းသူ ၅၉
ဝက်နှာခေါင်း ၆၀
သဘင်သည် နှာခေါင်း ၆၀
တီထွင်ဉာဏ်ရှိသော နှာခေါင်း ၆၀
သံသယ နှာခေါင်း ၆၁
အမျိုးသား နှာခေါင်းလက္ခဏာ ၆၁
အမျိုးသမီးနှာခေါင်းလက္ခဏာ ၆၂
မ နှာခေါင်း ၆၂
နှာခေါင်းလက္ခဏာ ၆၃
ဂန္ဓာလရာဇ်ကျမ်းအဆို ၆၃


## နား


နားရွက်အမျိုးမျိုး ၆၅
- ကြီးသော နားရွက် ၆၆
- သင့်တင့်သော နားရွက် ၆၆
- ငယ်သော နားရွက် ၆၆
- ဦးခေါင်းတွင် ကပ်နေသောနားရွက် ၆၆


www.burmeseclassic.com

www.burmeseclassic.com


- ထောင်ပြီး ကားနေသောနားရွက် ၆၆
- ထိပ်ဖျားချွန်သောနားရွက် ၆၇
အမျိုးသားနားရွက်လက္ခဏာ ၆၇
အမျိုးသမီးနားရွက်လက္ခဏာ ၆၈
နားရွက်လက္ခဏာ ၆၉


## နှုတ်ခမ်း


နှုတ်ခမ်းအမျိုးမျိုး ၇၁
- ချွန်ပြီးစူနေသော နှုတ်ခမ်း ၇၂
- ချိုင့်ပြီး နိမ့်ဝင်နေသော နှုတ်ခမ်း ၇၂
- ညီညာသော နှုတ်ခမ်း ၇၃
- အပေါ်အောက်ထူသောနှုတ်ခမ်း ၇၃
- အထူအပါးညီမျှသောနှုတ်ခမ်း ၇၃
- အပေါ်အောက်ပါးသောနှုတ်ခမ်း ၇၄
- အပေါ်ဘက်တွင် တိုသော နှုတ်ခမ်း ၇၄
- အပေါ်ဘက်တွင် ရှည်သောနှုတ်ခမ်း ၇၄
- အောက်ဘက်တွင်တိုသောနှုတ်ခမ်း ၇၄
- အောက်ဘက်တွင် ရှည်သောနှုတ်ခမ်း ၇၅
နှုတ်ခမ်းဟသူနှင့် နှုတ်ခမ်းစေ့သူ ၇၅
အချိုးမကျသောနှုတ်ခမ်း ၇၅
ယဉ်ကျေးသောနှုတ်ခမ်း ၇၅
အာရုံလိုက်စားသောနှုတ်ခမ်း ၇၆
အမျိုးသားနှုတ်ခမ်းလက္ခဏာ ၇၆
အမျိုးသမီးနှုတ်ခမ်းလက္ခဏာ ၇၆
နှုတ်ခမ်းလက္ခဏာ ၇၈


www.burmeseclassic.com

www.burmeseclassic.com

## ပါးစပ်

ပါးစပ်အမျိုးမျိုး ၃၉
- ဟပ်သောပါးစပ် ၈၀
- ကြီးသောပါးစပ် ၈၀
- အပေါ်သို့ လန်နေသောပါးစပ် ၈၁
- အောက်သို့တွဲကျနေသောပါးစပ် ၈၁
- ညီညာပြေပြစ်လှပသောပါးစပ် ၈၁
အမျိုးသားပါးစပ်လက္ခဏာ ၈၂
အမျိုးသမီးပါးစပ်လက္ခဏာ ၈၂

## သွား

အမျိုးသားသွားလက္ခဏာ ၈၅
အမျိုးသမီးသွားလက္ခဏာ ၈၇
သွားလက္ခဏာ ၈၈

## လျှာ

အမျိုးသားလျှာလက္ခဏာ ၈၉
အမျိုးသမီးလျှာလက္ခဏာ ၉၀
လျှာလက္ခဏာ ၉၁

## မေးစေ့

မေးစေ့အမျိုးမျိုး ၉၃
- ချိုင့်ဝင်နေသောမေးစေ့ ၉၄
- ညီညာပြေပြစ်သောမေးစေ့ ၉၄
- ငေါထွက်နေသောမေးစေ့ ၉၄

www.burmeseclassic.com

www.burmeseclassic.com

- ကျယ်ပြန့်ပြီး ကားသောမေးစေ့ ၉၄
- ကျဉ်းမြောင်းသေးသွယ်သောမေးစေ့ ၉၅
ရှေ့တည့်တည့်မေးစေ့ ၉၅
- လေးထောင့်မေးစေ့ ၉၅
- ချွန်သောမေးစေ့ ၉၅
- ဘဲဥပုံမေးစေ့ ၉၆
- နှစ်ထပ်မေးစေ့ ၉၆
- ချိုင့်ခွက်ဖြစ်ပေါ်သောမေးစေ့ ၉၆
အချစ်ကြီးတတ်သူမေးစေ့ ၉၇
မေတ္တာရှင်မေးစေ့ ၉၇
ချစ်စိတ်ပြင်းထန်သောမေးစေ့ ၉၇
စေတနာရှင်မေးစေ့ ၉၇
အတ္တစွဲမေးစေ့ ၉၇
အမျိုးသားမေးစေ့လက္ခဏာ ၉၈
အမျိုးသမီးမေးစေ့လက္ခဏာ ၉၈
ဂန္ဓာလရာဇ်ကျမ်းအဆို ၉၉

## လည်ပင်း

လည်ပင်းသဘာဝ ၁၀၁
အမျိုးသားလည်ပင်းလက္ခဏာ ၁၀၂
အမျိုးသမီးလည်ပင်းလက္ခဏာ ၁၀၂

## ပခုံး

အမျိုးသားပခုံးလက္ခဏာ ၁၀၅
အမျိုးသမီးပခုံးလက္ခဏာ ၁၀၆

www.burmeseclassic.com

www.burmeseclassic.com

## လက်

လက်ပုံသဏ္ဍာန်(၇)မျိုး ၁၀၉
- မူလလက် ၁၁၀
- လေးထောင့်လက် ၁၁၀
- လှုပ်ရှားလက် ၁၁၀
- အတွေးအခေါ်လက် ၁၁၁
- အနုပညာရှင်လက် ၁၁၂
- စိတ်ကူးယဉ်လက် ၁၁၃
- အရောအနှောလက် ၁၁၄
လက်ဖဝါးအရောင်အမျိုးမျိုး ၁၁၄
- ပန်းရောင်လက်ဖဝါး ၁၁၅
- နီသောလက်ဖဝါး ၁၁၅
- အဝါရောင်လက်ဖဝါး ၁၁၅
- ဖြူသောလက်ဖဝါး ၁၁၅
- အပြာရောင်လက်ဖဝါး ၁၁၆
လက္ခဏာအရေးအကြောင်း အရောင်အဆင်း ၁၁၆
လက်မအနေအထားနှင့် စိတ်နေသဘာဝ ၁၁၆
ပထမအဆစ်အဟော ၁၁၇
ဒုတိယအဆစ်အဟော ၁၁၉
တတိယအဆစ်အဟော ၁၂၀
လက်သည်းပွင့်ခြင်း ၁၂၁
လက်သည်းခွံနှင့် စိတ်နေစိတ်ထား ၁၂၃
လက်သည်းခွံအနေအထားနှင့် ကျန်းမာရေး ၁၂၄

www.burmeseclassic.com

www.burmeseclassic.com

## ကျောကုန်း


အမျိုးသား ကျောကုန်းလက္ခဏာ ၁၂၇

အမျိုးသမီးကျောကုန်းလက္ခဏာ ၁၂၈


## ရင်ဘတ်ပြင်


အမျိုးသားရင်ဘတ်ပြင်လက္ခဏာ ၁၂၉

အမျိုးသမီးရင်ဘတ်ပြင်လက္ခဏာ ၁၃၀

အမျိုးသား၊ သားမြတ်သီးလက္ခဏာ ၁၃၀

အမျိုးသမီး သားမြတ်သီးလက္ခဏာ ၁၃၁

အမျိုးသားအသားမြတ်လက္ခဏာ ၁၃၁

အမျိုးသမီးအသားမြတ်လက္ခဏာ ၁၃၂

အမျိုးသားဝမ်းဗိုက်လက္ခဏာ ၁၃၃

အမျိုးသမီးဝမ်းဗိုက်လက္ခဏာ ၁၃၄

အမျိုးသားချက်လက္ခဏာ ၁၃၄

အမျိုးသမီးချက်လက္ခဏာ ၁၃၅

အမျိုးသားခါးလက္ခဏာ ၁၃၅

အမျိုးသမီးခါးလက္ခဏာ ၁၃၆

အမျိုးသားတင်ပါးလက္ခဏာ ၁၃၆

အမျိုးသမီးတင်ပါးလက္ခဏာ ၁၃၇

အမျိုးသားပေါင်လက္ခဏာ ၁၃၇

အမျိုးသမီးပေါင်လက္ခဏာ ၁၃၈

အမျိုးသားဒူးဆစ်လက္ခဏာ ၁၃၉

အမျိုးသမီးဒူးဆစ်လက္ခဏာ ၁၄၀

အမျိုးသားခြေသလုံးလက္ခဏာ ၁၄၀

အမျိုးသမီးခြေသလုံးလက္ခဏာ ၁၄၀

အမျိုးသားခြေဖမိုးလက္ခဏာ ၁၄၁


www.burmeseclassic.com

www.burmeseclassic.com


| | |
|---|---|
| အမျိုးသမီးခြေဖမိုးလက္ခဏာ | ၁၄၁ |
| အမျိုးသားခြေမျက်စိလက္ခဏာ | ၁၄၂ |
| အမျိုးသမီးခြေမျက်စိလက္ခဏာ | ၁၄၂ |
| အမျိုးသားခြေဖနောင့်လက္ခဏာ | ၁၄၃ |
| အမျိုးသမီးခြေဖနောင့်လက္ခဏာ | ၁၄၃ |
| အမျိုးသားခြေဖဝါးပြင်လက္ခဏာ | ၁၄၃ |
| အမျိုးသမီးခြေဖဝါးပြင်လက္ခဏာ | ၁၄၅ |
| အမျိုးသားခြေမလက္ခဏာ | ၁၄၆ |
| အမျိုးသမီးခြေမလက္ခဏာ | ၁၄၇ |
| အမျိုးသားခြေချောင်းလက္ခဏာများ | ၁၄၇ |
| အမျိုးသမီးခြေချောင်းလက္ခဏာများ | ၁၄၈ |
| အမျိုးသားခြေသည်းခွံလက္ခဏာ | ၁၅၀ |
| အမျိုးသမီးခြေသည်းခွံလက္ခဏာ | ၁၅၀ |
| ရယ်ရွှင်ခြင်းလက္ခဏာ | ၁၅၁ |
| ငိုကြွေးခြင်းလက္ခဏာ | ၁၅၂ |
| နှာချေတတ်ခြင်း လက္ခဏာ | ၁၅၂ |
| သွားကြိတ်ခြင်းလက္ခဏာ | ၁၅၃ |
| ကျမ်းကိုးစာရင်း | ၁၅၄ |


www.burmeseclassic.com

www.burmeseclassic.com

## အမှာစာ

ဘုရား-တရား-သံဃာ ရတနာမြတ်သုံးပါးကို ရှိသေမြတ်နိုး
လက်စုံမိုး၍၊ ရှိခိုးကန်တော့ပါ၏။ ရှိခိုးကန်တော့ ပြီးသော်၊ ဤစာအုပ်
ကို ကြိုးပမ်းအားစိုက်၍ ပြုစုပါအံ့သတည်း။

ဤကမ္ဘာမြေပေါ်ဝယ် ရှေးအထက်ကျော်ကာရီတည်းက
လူမျိုးအသီးသီးတွင် 'ဥပမိရုပ်အဟော' ပညာရပ်များစွာ ရှိခဲ့သည်။
ထိုသို့ ပညာရပ်အမျိုးမျိုး အပြားပြား ရှိနေခြင်းသည်၊ လူသားတို့၏
တီထွင် ဉာဏ်အမျိုးမျိုးရှိခဲ့ကြောင်းကို ဖော်ပြခြင်းလည်း ဖြစ်သည်။

ဥပမိရုပ်အဟောပညာသည် ဘဝတစ်ခုလုံးကို ခြုံငုံပြီး၊ နိမိတ်
ဖတ်ဟောသော ရှေးဟောင်းပညာရပ်လည်း ဖြစ်သည်။ ဘဝတွင်
မည်သို့ အကျိုးပေးမည်။ စိတ်နေသဘာဝ မည်သို့ရှိမည်။ အကျင့်
သီလ၊ စာရိတ္တမည်သို့ရှိမည်။ စသည်တို့ကို ယေဘုယျသဘောဆောင်
သည့် နိမိတ်ဖတ်ဟောသော ပညာရပ်လည်း ဖြစ်သည်။

နှစ်ပေါင်း နှစ်ဆယ်ကျော်ကာလအတွင်း၊ မြန်မာနိုင်ငံအရပ်
ရပ်ရှိ လူပေါင်း ငါးထောင်ကျော်ကို စာတွေ့၊ မျက်တွေ့ လေ့လာပြီး
ဤစာအုပ်ကို ပြုစုထားခြင်း ဖြစ်သည်။

ဤစာအုပ်ဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ကူညီ
ပေးသော၊ နာမည်ကျော်သော မုဒ္ဒိက ပညာရှင် ဆရာဗေဒ (ဦးငြိမ်း
အောင်၊ မော်ကွန်းထိန်း(၂)ရန်ကုန်တက္ကသိုလ်)၊ ဦးမြင့်မောင် (ဘီ
အေ၊ ဒီတီ)။ မိုးတားဆရာဦးထွန်းရှိန်၊ စာရေးဆရာ ကဗျာဆရာ
နန်းညွှန့်ဆွေ၊ ဆရာနန္ဒတို့အား ကျေးဇူးဥပကာရ တင်ရှိကြောင်း
မှတ်တမ်းတင်အပ်ပါသည်။

သုတေသီမြင့်ထွန်း

လိပ်စာ

အမှတ် (၁၄, စဉ့်အိုးတန်းအောက်လမ်း၊ ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com



## သင် ဘယ်လိုလူစားလဲ

မိတ်ဆွေလား။ ရန်သူလား။
သူတော်ကောင်းလား။ သူယုတ်မာလား။
လူတော်လား။ လူညံ့လား။
ရိုးသားလား။ ကောက်ကျစ်လား။
လူအကဲခတ်ပြီး
ခွဲခြားတတ်လျှင်
သင့်အတွက်
အန္တရာယ်ကင်းပြီး
အကျိုးများစေမဲ့။


သုတေသီမြင့်ထွန်း၊



www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com



## လူ့မျက်နှာ

လူတစ်ယောက်တွင် မျက်နှာသည် အရေးကြီးသည်။ လူချင်းတွေ့လျှင် မျက်နှာကို အလျှင်ကြည့်သည်။ လေ့လာ အကဲခတ်သည်။

အကောင်းအဆိုးကို ဦးစွာ မျက်နှာပြင်ကို ကြည့်၍ ဆုံးဖြတ်လေ့ရှိသည်။ မျက်နှာပြင်သည် "စိတ်၏ ကြေးမုံ" ဟူ၍ဆို၏။

ရှေးဟောင်းတရုတ်အမျိုးသားတို့၏ ဥပမိရုပ် အဟောပညာရှင်များက လူတစ်ယောက်၏ မျက်နှာကို မျဉ်းလေးကြောင်းတား၍ ခွဲခြားသတ်မှတ်ထားသည်။ ယင်းသို့ ခွဲခြားသတ်မှတ်ထားသည်ကို 'စန်တင်း' ဟူ၍ ခေါ်ဆို၏။

မျဉ်းလေးကြောင်းတား၍ လူတစ်ယောက်၏ မျက်နှာကို-

(၁) မျက်နှာအပေါ်ပိုင်း။ (ဆံပင်မှ မျက်ခုံးအထိ)
(၂) မျက်နှာအလယ်ပိုင်း။ (မျက်ခုံးမှ နှာသီးဖျားအထိ)
(၃) မျက်နှာအောက်ပိုင်း။ (နှာသီးဖျားမှ မေးစေ့အထိ)

ဟူ၍ အပိုင်းသုံးပိုင်း ခွဲခြားထားရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



(၁) မျက်နှာအပေါ်ပိုင်း

လူတစ်ယောက်၏ မျက်နှာအပေါ်ပိုင်းသည် အသိဉာဏ်နှင့် သက်ဆိုင်သည်ဟု မှတ်ယူထား၏။ အထူးသဖြင့် ၁၅ နှစ်အရွယ်မှ အသက် ၃၀ အရွယ်ထိ။ ထို့နောက် ၈၄ - နှစ်အရွယ်မှ ၉၃နှစ် အရွယ်ထိ သက်ဆိုင်သည်ဟု ဆို၏။

လူတစ်ယောက်၏နဖူးသည် ပုံစံအနေအထားလှလျှင် ထို ပုဂ္ဂိုလ်သည်

(၁) ဉာဏ်ပညာ ကောင်းတတ်၏။

(၂) တွေးခေါ်မျှော်မြင်မှု ကောင်းတတ်၏။

(၃) အောင်မြင်ထင်ရှား ကျော်စောတတ်၏။

ထိုပုဂ္ဂိုလ်၏ နဖူးပြင်သည် -

(က)အထူးဖွံ့ဖြိုးပြီး ကျယ်ပြန့်မည်ဆိုလျှင်

(ခ) အချိုးအစားကျလျှင်

(ဂ) အလွန်ကြည့်ကောင်းမည်ဆိုလျှင်

အထူးသဖြင့် ဘဝတစ်လျှောက်လုံးတွင် ကောင်းကျိုးပေး တတ်သည်။

ထိုပုဂ္ဂိုလ်၏ နဖူးပြင်သည်-

(က)အလွန် ရှည်လျားပြီး မြင့်မောက်နေလျှင်

(ခ) နဖူးသည်နားရွက်နှစ်ဖက်နှင့် ချိန်ကိုက်ထားပြီးသား ဖြစ် နေလျှင်

(ဂ) နဖူးအလွန်ကြီးမားပြီး ပုံစံအနေအထား မကျခဲ့လျှင်

ထိုပုဂ္ဂိုလ်၏ စိတ်နေသဘာဝမှာ မှုမမှန်ဘဲ ချို့ယွင်းနေတတ် သည်။

နဖူးပြင်သည် အလွန်ကျဉ်းပြီး နေသည်၊ ပုံစံအနေအထား မကျ ဖြစ်နေသည်။ ထိုပုဂ္ဂိုလ်သည်

www.burmeseclassic.com

www.burmeseclassic.com



(၁) ဘဝတွင် ခက်ခဲမှုများစွာဖြင့် ရင်ဆိုင်တွေ့ကြုံရတတ်၏။

(၂) လူအများနှင့်မကိုက်ညီသော စိတ်ဓာတ်မျိုးရှိနေတတ်၏။

(၃) ငယ်ရွယ်စဉ်အခါက မိဘများ စောစီးစွာသေဆုံးတတ်၏။

## (၂) မျက်နှာအလယ်ပိုင်း

လူတစ်ယောက်၏ မျက်နှာအလယ်ပိုင်းသည် ဘဝ၏ အရေးကြီးသော အပိုင်းကဏ္ဍဟု မှတ်ယူထား၏။ အထူးသဖြင့် ၃၅နှစ်အရွယ်မှ အသက် ၅၀ အရွယ်ထိ။ ထို့နောက် ၇ နှစ်၊ ၈နှစ်၊ ၁၄နှစ်၊ ၈၀နှစ်၊ ၈၃နှစ်၊ ၉၄နှစ်၊ ၉၇နှစ် အသက်ပိုင်းများနှင့် သက်ဆိုင်သည်ဟုဆို၏။

လူတစ်ယောက်၏ မျက်နှာအလယ်ပိုင်းသည် အလွန်ကြည့်ကောင်းသော ပုံစံအနေအထားရှိလျှင်

(၁) စွန့်စားဝံ့သော စိတ်ဓာတ်မျိုးရှိတတ်၏။

(၂) ကိုယ်ရည်သွေးတတ်၏။

(၃) တတ်ယောင်ကား လုပ်တတ်၏။

(၄) စိတ်ဓာတ်ရေးရာမှာ အလယ်အလတ် ဖြစ်တတ်၏။

မျက်နှာအလယ်ပိုင်းသည် ရှည်၏။ မျက်နှာအပေါ်ပိုင်းနှင့်ညီနေ၏။ ထိုပုဂ္ဂိုလ်သည် အလွန်မြင့်မြတ်သော အကျင့်စာရိတ္တမျိုးရှိတတ်၏။

ကြီးမားသော နှာခေါင်း၊ နှာအုပ်တို့ရှိလျှင် ထိုပုဂ္ဂိုလ်သည် စီးပွားရေးလုပ်ငန်းများကိုသာ လုပ်ကိုင်ဆောင်ရွက်တတ်၏။

မျက်နှာအထက်ပိုင်းက အလယ်ပိုင်း အောက်ပိုင်းတို့ထက် ထူးခြားစွာ ရှည်လျှင် ပညာရှိဖြစ်၏။ တိုနေလျှင် ဆင်းရဲတတ်၏။

မျက်နှာ အောက်ပိုင်းသည် အထက်ပိုင်း၊ အလယ်ပိုင်းတို့



www.burmeseclassic.com

www.burmeseclassic.com



ထက်ရှည်လျှင် စကားအလွန်များတတ်သည်။ တိုနေလျှင် ဆင်းရဲတတ်၏။

မျက်နှာ အထက်ပိုင်း၊ အောက်ပိုင်းတို့ထက် မျက်နှာအလယ်ပိုင်းက တိုနေလျှင် အသက်တိုတတ်၏။

မျက်နှာအပိုင်းသုံးပိုင်း တစ်ခုနှင့်တစ်ခု အတိုအရှည် ကွာဟချက်မရှိ။ ကြည့်လျှင် ညီမျှသယောင်ရှိလျှင် အသက်ရှည်တတ်၏။

**(၃) မျက်နှာအောက်ပိုင်း**

လူတစ်ယောက်၏ မျက်နှာအောက်ပိုင်းသည် ဘဝနောက်ပိုင်းနှင့် သက်ဆိုင်သည်။ အထူးသဖြင့် ၅၁နှစ် အရွယ်မှ ၇၇နှစ်အရွယ်ထိ။ ထို့နောက် ၇၈ နှစ်အရွယ်မှ ၉၁ နှစ်အရွယ်ထိ သက်ဆိုင်၏။

လူတစ်ယောက်သည် မျက်နှာအပေါ်ပိုင်း၊ မျက်နှာ အလယ်ပိုင်းတို့ ကျယ်ပြန့်သည်နှင့်အညီ မျက်နှာအောက်ပိုင်းမှ မေးစေ့တို့ကလည်း ကြီးရမည်။ ထိုပုဂ္ဂိုလ်သည် အချစ်ရေးကိစ္စများကိုသာ စိတ်ပါဝင်စားမှု များတတ်၏။

မျက်နှာအောက်ပိုင်းက အလွန်ကျယ်ပြန့်နေလျှင်

(၁) ဒေါသကြီးတတ်၏။

(၂) မောဟကြီးတတ်၏။

(၃) တဏှာ ရမ္မက်ကြီးတတ်၏။

အကယ်၍ မျက်နှာအောက်ပိုင်းက အလွန်ကျဉ်းနေခဲ့လျှင်

(၁) မိမိ၏ မိသားစုနှင့် မိတ်ဆွေများအပေါ် စိတ်ဝင်စားမှု အလွန်နည်းပါးတတ်၏။

(၂) တစ်ဦးတစ်ယောက်တည်းသာ နေထိုင်တတ်၏။

(၃) တစ်ကိုယ်ကောင်းဆန်တတ်၏။



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာအောက်ပိုင်းသည် အလွန်ရှည်နေခဲ့လျှင်

(၁) မျှော်မှန်းမထားသော ကိစ္စကြီးငယ်များ ဖြစ်တတ်၏။

(၂) ကံအလွန်ဆိုးတတ်၏။

မျက်နှာအောက်ပိုင်းတွင် အရိုးများ ကြီးမားပြီး အသားများလျှင် အသက်အရွယ် ကြီးရင့်လာသောအခါ အောင်မြင်မှုများနှင့် ကြွယ်ဝချမ်းသာမှုတို့ ခံစားရတတ်၏။

မျက်နှာအောက်ပိုင်းသည် ရှည်ပြီး ကျဉ်းကာ၊ မေးစေ့က ချွန်နေမည်ဆိုလျှင် လူ့ဘဝတွင် ဆုံးရှုံးမှုများစွာ ဖြစ်တတ်၏။

## မျက်နှာအပိုင်းသုံးပိုင်း

လူတစ်ယောက်၏ မျက်နှာကို အပေါ်ပိုင်း၊ အလယ်ပိုင်း၊ အောက်ပိုင်း ဟူ၍ ခွဲခြားသတ်မှတ်ထားသည်။ ထိုမျက်နှာ အပိုင်းကြီးသုံးပိုင်း တစ်ခုနှင့် တစ်ခု၊ မကြီးမသေး၊ အချိုးအဆစ်ကျပြီး ညီညွတ်မှုရှိလျှင် ထိုပုဂ္ဂိုလ်၏ ခန္ဓာကိုယ်လည်း အချိုးအစားကျကာ ညီညွတ်မှုရှိကြောင်း မှတ်ယူရမည်။

ဆိုလိုသည်မှာ မျက်နှာ အပိုင်းကြီးသုံးပိုင်း ညီညွတ်မှုရှိလျှင်

(က)ဆံပင်မှ လည်ပင်းအရင်း တစ်ပိုင်း

(ခ) လည်ပင်းအရင်းမှ ချက်အထိ တစ်ပိုင်း။

(ဂ) ချက်မှ ခြေဖျားအထိ တစ်ပိုင်း။

ဤအစိတ်အပိုင်း လူ့ခန္ဓာကိုယ်လည်း ညီညွတ်မှုရှိတတ်သည်။ ထိုပုဂ္ဂိုလ်သည်

(၁) ချမ်းသာကြွယ်ဝတတ်၏။

(၂) အမည်ထင်ရှားတတ်၏။

(၃) လူ့ဘဝတွင် စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာမှုအပေါင်းနှင့် ပြည့်စုံတတ်၏။



www.burmeseclassic.com

www.burmeseclassic.com



**မှတ်သားဖွယ်ရာ လူ့မျက်နှာ**

လူတစ်ယောက်၏ မျက်နှာအနေအထားသည် အပေါ်ပိုင်း၊ အလယ်ပိုင်း၊ အောက်ပိုင်း၊ အချိုးအစားကျ၍ ညီညွတ်မှုရှိသော်လည်း လူ့ခန္ဓာကိုယ်သည် ကျုံ့လီသေးကွေးနေလျှင် ဘဝတွင် မဖြစ်သင့်၊ မဖြစ်ထိုက်၊ မဖြစ်အပ်သည်တို့ ဖြစ်ပျက်ကာ ဘေးဒုက္ခဆိုးများနှင့် ရင်ဆိုင်တွေ့ကြုံရတတ်၏။

လူ့လောကတွင် အကောင်းဆုံး၊ အမြင့်မြတ်ဆုံး၊ အကြီးကျယ်ဆုံး 'စံ' နမူနာထားရသော လူချွန်၊ လူမွန် ပုဂ္ဂိုလ်ထူးများ၏ မျက်နှာအနေအထားသည် အပိုင်းသုံးပိုင်း၊ အချိုးအစား ညီညွတ်မှု ရှိနေကြသည်ကို သတိရပါ။

## မျက်နှာပုံစံ အနေအထား

လူတစ်ယောက်၏ မျက်နှာပုံစံ အနေအထားကို (၆)မျိုး ခွဲခြား သတ်မှတ်ထားရှိသည်။

(၁) လဝန်းမျက်နှာ
(၂) ဘဲဥမျက်နှာ
(၃) လေးထောင့်မျက်နှာ
(၄) မြင်းမျက်နှာ
(၅) ငါးထောင့်မျက်နှာ
(၆) မြွေ (သို့မဟုတ်) ကြွက်မျက်နှာ စသည်တို့ဖြစ်၏။

### (၁) လဝန်းမျက်နှာ

ပိုင်းစက်သော မျက်နှာဖြစ်သည်။ ထိုမျက်နှာရှိသောသူသည်

(၁) မင်းဖြစ်တတ်၏။
(၂) ရာထူးကြီးများ ရရှိတတ်၏။



www.burmeseclassic.com

www.burmeseclassic.com



(၃) တိုင်းပြည်တွင် အထွတ်အထိပ်သို့ ရောက်တတ်၏။

(၄) ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာတတ်၏။

(၅) အမျိုးသမီးဖြစ်လျှင် သူဌေးမ သို့မဟုတ် မင်းကတော် သူဌေးကတော် ဖြစ်တတ်၏။

(ရတနာပုံ မြို့တည် နန်းတည် ဘဝရှင်မင်းတုန်းမင်းတရားကြီး မျက်နှာပုံစံမျိုး)

## (၂) ဘဲဥမျက်နှာ

ဘဲဥပုံသဏ္ဍာန် မျက်နှာရှိသောသူသည်

(၁) စိတ်ခက်ထန်၏။

(၂) ကောင်းသော နည်းဖြင့်လည်း ကျော်ကြားတတ်၏။

(၃) မကောင်းသော နည်းဖြင့်လည်း ကျော်ကြားတတ်၏။

(၄) တိုင်းပြည်တွင် အထွတ်အထိပ်သို့ ရောက်ရှိတတ်၏။

(၅) အလုပ်တစ်ခုကို မဖြစ်မနေ ဇွဲသန်သန်နှင့် လုပ်ကိုင်ဆောင်ရွက်တတ်၏။

(ဂျာမနီ အာဏာရှင် အဒေါ့ဟစ်တလာ၊ တရုတ်ဖြူ သမ္မတချန်ကေရှိတ် မျက်နှာပုံစံမျိုး)

## (၃) လေးထောင့်မျက်နှာ

လေးထောင့်ပုံသဏ္ဍာန် မျက်နှာဖြစ်သည်။ အထူးသဖြင့် အမျိုးသမီးများထက် အမျိုးသားများတွင် အတွေ့များသည်။ ထိုလေးထောင့်မျက်နှာရှိသော သူသည်

(၁) ထင်ပေါ်ကျော်ကြားတတ်၏။

(၂) အထွတ်အထိပ်သို့ ရောက်တတ်၏။

(၃) ကောင်းလျှင်လည်း အလွန်ကောင်းတတ်၏။



www.burmeseclassic.com

www.burmeseclassic.com



(၄) ဆိုးလျှင်လည်း အလွန်ဆိုးတတ်၏။

(၅) ယုံကြည်ချက်တစ်ခုကို စွဲမြဲမိပြီဆိုလျှင် မှားသည်ဖြစ်စေ မှန်သည်ဖြစ်စေ ဆုံးခန်းတိုင်အောင် ပြုလုပ်တတ်၏။

(၆) အလုပ်တစ်ခုကို လုပ်လျှင် နောက်မဆုတ်တမ်း၊ ဖွဲ့ကြီးကြီးနှင့် ပြုလုပ်တတ်၏။

(ဗြိတိသျှ နိုင်ငံရေးခေါင်းဆောင်ကြီး ဆာဝင်စတန်ချာချီ၊ နိုင်ငံကျော် စာရေးဆရာ သော်တာဆွေ မျက်နှာပုံစံမျိုး)

## (၄) မြင်းမျက်နှာ

မြင်းမျက်နှာသည် ထက်အောက်ရှည်သည်။ အမှတ်မထင်ကြည့်လျှင် ဘဲဥမျက်နှာနှင့် မသဲမကွဲဟု ထင်မှတ်ရသည်။ သေချာစွာ လေ့လာကြည့်မှ သိနိုင်သည်။

ထိုမြင်းမျက်နှာ ပုံစံရှိသောသူသည်

(၁) အမည်ထင်ရှားကျော်ကြားတတ်၏။

(၂) အလုပ်တစ်ခုကို စွန့်စားပြီး လုပ်ကိုင်ဆောင်ရွက်တတ်၏။

(၃) မိမိကိုယ်ကျိုးထက် အများအကျိုးကို သယ်ပိုးဆောင်ရွက်တတ်၏။

(၄) တရားမမှုလည်း [illegible]ဝတတ်၏။

(အမေရိကန် သမ္မတကြီး အေဗရာဟမ်လင်ကွန်း၊ ဗြိတိသျှ ဒသသနတွေးခေါ်ရှင်ကြီး လော့ဘာထရန်ရပ်ဆဲ မျက်နှာပုံစံမျိုး)

## (၅) ငါးထောင့်မျက်နှာ

ငါးထောင့်ချိုးရှိသော မျက်နှာဖြစ်သည်။ ထိုမျက်နှာ ပုံစံရှိသောသူသည်

(၁) အကောင်းအဆိုး ဒွန်တွဲနေတတ်၏။



www.burmeseclassic.com

www.burmeseclassic.com



(၂) အကြွင်နာခံရှိသကဲ့သို့ ရက်စက်ကြမ်းကြုတ်တတ်၏။

(၃) စိတ်အပြောင်းအလဲ မမြန်သော်လည်း အလုပ်တစ်ခုကို လုပ်လျှင် ဖြစ်သင့်သည်ထက် ဖြစ်ချင်ရာကို ဆန္ဒအလျောက် လုပ်တတ်၏။

(၄) ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာတတ်၏။

(၅) အမည်ထင်ရှား ကျော်ကြားတတ်၏။

(အမေရိကန်သမ္မတကြီး ဂျွန်အက်ကနေဒီ၊ ပြင်သစ်စစ်ဘုရင် နပိုလီယံ ဘိုနာပတ် မျက်နှာပုံစံမျိုး)

**(၆) မြွေ (သို့မဟုတ်) ကြက်မျက်နှာ**

မြွေ (သို့မဟုတ်) ကြက်မျက်နှာမှာ သုံးထောင့်မျက်နှာဖြစ်သည်။ ထိုမျက်နှာပုံစံမျိုး ရှိသောသူသည်. . .

(၁) ယုံကြည်ချက် ခိုင်ခိုင်မာမာ မရှိ၊ စိတ်အပြောင်းအလဲ မြန်တတ်၏။

(၂) အကြင်နာတရားကင်းပြီး ရက်စက်ကြမ်းကြုတ်တတ်၏။

(၃) လိမ်ညာလှည့်ဖြားတတ်၏။

(၄) နိုးဆိုးသတ်ဖြတ်၍ အသက်မွေးခြင်း၌ ပျော်မွေ့တတ်၏။

(တစ်ချိန်က ကမ္ဘာကျော်အောင် ရက်စက် ကြမ်းကြုတ်ခဲ့သော တောင်ဗီယက်နမ်က 'မဒမ်နု' မျက်နှာပုံစံမျိုး)

* * * * *



www.burmeseclassic.com

www.burmeseclassic.com






လာဘ်မိုးရွာစဉ

www.burmeseclassic.com

www.burmeseclassic.com





## ဆံပင်

လူ့အကျင့်စရိုက်ကို ဆံပင်က ဖော်ပြနေတတ်သည်။ စရိုက်ဆိုသည်မှာ စိတ်ဓာတ် အမူအကျင့်ကို ဆိုလိုသည်။

ဆံပင်သည် အလွန်သေးငယ်သော ပြွန်ချောင်းကလေးများပင်ဖြစ်သည်။

ဆံပင်သည် ခန္ဓာကိုယ်မှ အာဟာရဓာတ်ရည်ကို စုပ်ယူ၍ တည်နေခြင်းပင် ဖြစ်သည်။

ထို အာဟာရဓာတ်ရည်များက ဆံပင်ကို အရောင်အသွေး အမျိုးမျိုးဖြစ်စေခဲ့သည်။ ရွှေဝါရောင်မှ အမှောင်ဆုံး ညိုနက်ရောင်ထိဖြစ်စေခဲ့သည်။

ဆံပင်ဟူသည် အနက်ရောင် စစ်စစ် မရှိဟူ၍ ဆရာဝန်များကဆို၏။ အရင့်ဆုံး ညိုနက်ကို အမြင်အားဖြင့် အနက်ဟု ခေါ် ဆိုနေကြခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



## ဆံပင်နှင့် အရောင်အသွေး

ဆံပင်ရောင် နက်မှောင်နေလျှင်

(၁) ချစ်စိတ် မုန်းစိတ် ပြင်းထန်တတ်၏။

(၂) လက်တုံ့ပြန်တတ်၏။

(၃) ရန်ငြိုးဖွဲ့တတ်၏။

(၄) ခန္ဓာကိုယ်အင်အား သန်စွမ်းတတ်၏။

ဆံပင်ရောင် နီနေလျှင်

(၁) စိတ်ဆတ်တတ်၏။

(၂) စိတ်မြန်တတ်၏။

(၃) စိတ်ကြီးဝင်တတ်၏။

(၄) ပ, လွှားတတ်၏။

(၅) အာရုံကို ခုံမင်စွာ လိုက်စားတတ်၏။

ဆံပင်ရွှေရောင် ဖြစ်နေလျှင်

(၁) စိတ်ပြောင်းလွယ်တတ်၏။

(၂) ကိုယ်ကာယ ပျော့ညံ့တတ်၏။

**ဆံပင်၏ အထွေထွေ သဘာဝ**

ဆံပင်ခွေလိပ်နေလျှင်

(၁) အင်အား ကောင်းတတ်၏။

(၂) စိတ်ဓာတ် ခိုင်မာတတ်၏။

ဆံပင်ဖြောင့်ဖြူးနေလျှင်

(၁) စိတ်ဓာတ် တည်ကြည်တတ်၏။

(၂) စိတ်သဘောထား ပြည့်ဝတတ်၏။



www.burmeseclassic.com

www.burmeseclassic.com



ဆံပင်ကြမ်းနေလျှင်

(၁) ခွန်အား ကောင်းတတ်၏။

(၂) အလုပ်မရွေး လုပ်ကိုင်၍ အသက်မွေးဝမ်းကျောင်းတတ်၏။

ဆံပင်နူနေလျှင်

(၁) သိမ်မွေ့လွန်းတတ်၏။

(၂) အာရုံထိခိုက်လွယ်တတ်၏။

(၃) အမျိုးသား ဖြစ်နေလျှင် အမျိုးသမီးဆန်တတ်၏။

(၄) အမျိုးသမီးဆန်သော ထိတွေ့ခံစားချက်များ ရှိနေတတ်၏။

(အာရှထိခိုက်လွယ်သူတိုင်းတွင် နူသော ဆံပင်ရှိတတ်သည်။ ထိုသူများသည် ဆံပင်များသာမက မျက်ခုံး မျက်တောင်များပါ အလားတူ နူနယ်၍ နေတတ်သည်ကို သတိပြုပါ)

**ဆံပင်နှင့် ကျန်းမာမှု**

ဆံပင်ကို ကြည့်ပါ။ လူတစ်ယောက်၏ ကျန်းမာရေး အခြေအနေကို ခန့်မှန်းနိုင်သည်။

ကျန်းမာရေးကောင်းသော လူတစ်ယောက်သည်

(၁) ဆံပင်ဆီမလိမ်းသော်လည်း အရောင်ထွက်နေတတ်၏။

(၂) ဆံပင်သည် မွဲခြောက်ခြင်းမရှိ၊ ရွှရွှကလေးဖြစ်နေတတ်၏။

(၃) ဆံပင်လည်း ပို၍ များနေတတ်၏။

ကျန်းမာရေး မကောင်းသော လူတစ်ယောက်သည်. .

(၁) ဆံပင်မှာ ပျော့နေတတ်၏။

(၂) လျှော့ရိ လျှော့ရဲ ဖြစ်နေတတ်၏။



www.burmeseclassic.com

www.burmeseclassic.com



(၃) အရောင်အသွေး မှေးမှိန်နေတတ်၏။

(၄) မွဲခြောက်၍ နေတတ်၏။

**ဆံပင်ကျွတ်ခြင်း**

ဆံပင်ကျွတ်ခြင်းမှာ

(၁) ခန္ဓာကိုယ် အားနည်းမှုကြောင့်လည်း ကျွတ်တတ်၏။

(၂) ရောဂါဝေဒနာ တစ်ခုခုကြောင့်လည်း ကျွတ်တတ်၏။

(၃) အသက်အရွယ်ကြီးရင့်၍လည်း ကျွတ်တတ်၏။

(၄) စိတ်သောက များလွန်းလျှင်လည်း ကျွတ်တတ်၏။

(၅) အတွေးလွန်လျှင်လည်း ကျွတ်တတ်၏။ သို့မဟုတ် ဆံပင် ပါးတတ်၏။ သို့မဟုတ် ဖြူဖွေးလာတတ်၏။

ထိုသို့ ဖြစ်ရသည်မှာ အာဟာရဓာတ်ရည်၊ အရောင်အသွေး ဖြစ်စေတတ်သော ဓာတ်သဘာဝများ၊ ဆံပင်ပြွန်ပေါက်အတွင်း ကုန်ခန်းသွားကြ၍ ဖြစ်သည်။

* * * * *



ထားဒီမိုးဆွေစာဆေ

www.burmeseclassic.com

www.burmeseclassic.com





ဦးခေါင်း

လူသည် ယခုတိုင် အရာရာတိုင်းကို လေ့လာသည်။ ဆည်းပူးသည်။ ဝေဖန်ပိုင်းခြားသည်။

လူကို သဘာဝကျကျ လေ့လာသည်မှာ လူပင်ဖြစ်သည်။

လူ့သဘာဝကို လေ့လာရာတွင် ဦးခေါင်းသည် အရေးကြီးသော အစိတ်အပိုင်းမှ ပါဝင်နေသည်။

## ဦးခေါင်း၏ အတွေ့တွေ့ သဘာဝ

ဦးခေါင်းပုံသဏ္ဌာန် အနေအထားအရ လူ့စိတ်၊ လူ့အသိဉာဏ် ဖြစ်ပေါ်ရာ ဖြစ်သည်။

(ပုံ)၁။ ။လူတစ်ယောက်၏ ဦးခေါင်းသည် နား၏ အထက်တွင် သာမန် ရှိသင့်သည်ထက် ပိုပြီး မြင့်မားစွာရှိနေလျှင်

(၁) စိတ်ဓာတ်သည် အမြင့်သို့ မှန်းလွန်းတတ်၏။

(၂) ကဗျာဆန်လွန်းသော အတွေးအခေါ်မျိုး ရှိတတ်၏။

(၃) စိတ်ကူးယာဉ်ပြီး အတွေးကြီးတတ်၏။



www.burmeseclassic.com

www.burmeseclassic.com



ပုံ(၂)။ ။လူတစ်ယောက်၏ ဦးခေါင်းသည် နား၏ရှေ့ဘက်ခြမ်းတွင် သုံးပုံတစ်ပုံရှိလျှင်

(၁) ဆင်ခြင်တုံ အသိဉာဏ်ရှိတတ်၏။

(၂) အရာရာကို လူ့စိတ် လူ့အသိဖြင့် လူပီပီ လုပ်ဆောင်တတ်၏။

(၃) လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာန တရားများရှိတတ်၏။

(၄) တစ်ခါတစ်ရံ အမှားပြုမိတတ်၏။

ပုံ(၃)။ ။လူတစ်ယောက်၏ ဦးခေါင်းသည် နား၏ နောက်ဘက်ခြမ်းတွင် လေးပုံတစ်ပုံသာ ရှိပြီး၊ နား၏ ရှေ့ဘက်ခြမ်းတွင် လေးပုံသုံးပုံ ရှိလျှင်

(၁) စိတ်ကူးကောင်းတတ်၏။

(၂) ကဗျာဉာဏ်၊ စိတ်ကူးဉာဏ် လွန်စွာမှ ကောင်းတတ်၏။

(၃) မှတ်ဉာဏ်ကောင်းတတ်၏။

(၄) သိမှတ်ဉာဏ်ဖြင့် အကောင်အထည်ဖော်တတ်၏။

**အမျိုးသားဦးခေါင်း**

အမျိုးသား၏ ဦးခေါင်းသည်. .

(၁) ဖွင့်ထားသော ထီး၏ ပုံသဏ္ဌာန်နှင့် တူခြင်း

(၂) အမျိုးသမီး၏ သားမြတ်ပုံသဏ္ဌာန်နှင့် တူခြင်း။

(၃) ဦးခေါင်းကြီးခြင်း

(၄) လုံးဝိုင်းခြင်း

(၅) အထက်သို့ မြင့်နေခြင်း

(၆) ထူးခြားစွာ ငယ်ထိပ်နေရာတွင် နိမ့်၍မနေဘဲ ချွန်ပြီးနေခြင်း



www.burmeseclassic.com

www.burmeseclassic.com



တို့ ဖြစ်နေလျှင်

(၁) ဩဇာ အရှိန်အဝါ ကြီးမားတတ်၏။

(၂) အမည်ထင်ရှားတတ်၏။

(၃) စည်းစိမ်ချမ်းသာနှင့် ပြီးပြည့်စုံတတ်၏။

မကောင်းကျိုးကို ဖြစ်စေတတ်သော အမျိုးသား ဦးခေါင်းမှာ

(၁) ဦးခေါင်း ဘို့နှစ်ဘို့ရှိခြင်း

(၂) တစ်ဖက်နှင့် တစ်ဖက် မညီညွတ်ခြင်း

(၃) ရွဲ့စောင်း၍ နေခြင်းတို့ ဖြစ်နေလျှင်

(၁) ကွဲရဲ့ခံရတတ်၏။

(၂) ပင်ပန်းနွမ်းနယ်စွာ လုပ်ကိုင် စားသောက်ရတတ်၏။

အမျိုးသား ဦးခေါင်းသည် ငါးသတ္တဝါ၏ ဦးခေါင်းနှင့် တူနေလျှင်သော်လည်းကောင်း၊ ဦးခေါင်း ပိပြားလွန်းနေလျှင်သော် လည်းကောင်း၊ ထိုသူသည် များစွာရက်စက်တတ်၏။ မကောင်းမှုဖြင့်သာ အသက်မွေးရတတ်၏။

**အမျိုးသမီး ဦးခေါင်း**

အမျိုးသမီး၏ ဦးခေါင်းသည် မြင့်မောက်ပြီး လုံးဝန်းနေလျှင်

(၁) ပစ္စည်းဥစ္စာ ပြည့်စုံတတ်၏။

(၂) ကတော်မယား ဖြစ်တတ်၏။

(၃) ဩဇာ အာဏာရှိသူ၏ ချစ်ခင် နှစ်သက်မြတ်နိုးခြင်းကို ခံရတတ်၏။

အမျိုးသမီး၏ ဦးခေါင်းသည်

(၁) လွန်စွာမကြီးရ ကြီးလွန်းလျှင် ဂုဏ်ကျက်သရေ ကင်းပြီး ဆင်းရဲတတ်၏။

(၂) ဦးခေါင်းထိပ်ချွန်ပြီး မောက်နေလျှင် အကျင့်မကောင်း၊



www.burmeseclassic.com

www.burmeseclassic.com



မုဆိုးမ ဖြစ်တတ်၏။

(၃) တစ်ဖက်နိမ့် တစ်ဖက်မြင့် ဖြစ်နေလျှင် ရောဂါထူပြော တတ်၏။ အသက်တိုတတ်၏။

## ဦးခေါင်းလက္ခဏာ

ဦးခေါင်းကြီးလျှင် အများခင်မင်တတ်၏။ လုံးလျှင် ကောင်း စားတတ်၏။ ဝန်းလျှင် ဂုဏ်မရှိတတ်။ ငယ်လျှင် ဝန်တိုတတ်၏။ နဖူးမောက်လျှင် ခြူစူတတ်၏။ ဆင်ဦးကင်းနှင့် တူလျှင် အများ ချစ်ခင်တတ်၏။ နောက်စေ့ထွက်လျှင် ဉာဏ်ထိုးထွင်းတတ်၏။ နောက် ဘက်နက်လျှင် ပျင်းရိတတ်၏ ဟူ၍ သုတသန္နိစယ မူကျယ်ကျမ်း တွင် ဖော်ပြထားသည်။

❋ ❋ ❋ ❋ ❋





www.burmeseclassic.com

www.burmeseclassic.com





## နဖူး

မျက်နှာပြင်တွင် နဖူးသည် ထိပ်ဆုံးကဖြစ်သည်။

အချို့က နဖူးကို အကဲဖြတ်ရာတွင် 'နဖူးရေ ဒူးရေ' ဟုဆို၏။ အမှန်မှာ နဖူးရေ ဒူးရေမဟုတ်၊ 'နဖူးရေ ထူးရေ' သာ ဖြစ်သည်။

နဖူးရေ (သို့မဟုတ်) နဖူး၏ အဂါ်အရည်အသွေးသည် ထူးရေ (သို့မဟုတ်) ထူးခြားသော အသွင်လက္ခဏာရှိသည့် မဟာနဖူးနှီးတွင် ပါဝင်ရမည်ဟု ဆိုကြခြင်း ဖြစ်သည်။

### နဖူးအနေအထားများ

နဖူးအနေအထားကို ခွဲခြားလျှင်

(၁) နဖူးပြင် မြင့်ခြင်း။

(၂) နဖူးပြင် နိမ့်ကျခြင်း။

(၃) နဖူးပြင် ကျယ်ခြင်း

(၄) နဖူးပြင် ကျဉ်းမြောင်းခြင်း

(၅) နဖူးပြင် လေးထောင့်ကျခြင်း

တို့ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



(၁) နဖူးပြင် မြင့်ခြင်း

(၁) ပါးနပ် လိမ္မာတတ်၏။

(၂) စာအုပ်များ ဖတ်ခြင်းကို နှစ်သက်တတ်၏။

(၃) ဗဟုသုတ ဖြစ်ဖွယ်များကို လေ့လာလိုက်စားတတ်၏။

(၄) မှတ်ဉာဏ် အလွန်ကောင်းတတ်၏။

(၅) ဘာသာတရားကို ရိုသေ ကိုင်းရှိုင်းတတ်၏။

(၆) စိတ်ဓာတ်နှင့် စိတ်နှလုံး ဖြူစင် မွန်မြတ်တတ်၏။

(၇) ကတိတည်၍ သစ္စာရှိတတ်၏။

နဖူးပြင် အနေအထားကို မြင့်တက်ပြီး ကျယ်ပြန့်နေလျှင် အလုပ်တစ်ခုကို လက်တွေ့လုပ်ကိုင် ဆောင်ရွက်လေ့ ရှိတတ်၏။

နဖူးပြင်မြင့်တက်နေပြီး ဘေးနှစ်ဖက် ခပ်ကျဉ်းကျဉ်းဖြစ်နေလျှင် လက်တွေ့ထက် စိတ်ကူးယဉ်မှုကို နှစ်ခြိုက်တတ်၏။

(၂) နဖူးပြင်နိမ့်ကျခြင်း

နဖူးပြင် နိမ့်ကျလျှင်

(၁) 'ကံ' တရားကိုသာ ယုံစားတတ်၏။

(၂) မှတ်ဉာဏ် အထူးချို့ယွင်းတတ်၏။

(၃) မည်သည့် ပြဿနာကိုမှ ဦးနှောက်ထဲတွင် ထည့်သွင်းထားလေ့မရှိ။ အရာရာကို ပေါ့ပေါ့တွေးတောတတ်၏။

(၃) နဖူးပြင် ကျယ်ခြင်း

နဖူးပြင် မြင့်မောက်ခြင်း၊ ကျဉ်းခြင်းမရှိလျှင်

(၁) အလုပ်ဖြစ်အောင် ဆောင်ရွက် လုပ်ဆောင်လေ့ ရှိတတ်၏။

(၂) ငွေကြေး ရှာဖွေရာတွင် အထူးကျွမ်းကျင်တတ်၏။



www.burmeseclassic.com

www.burmeseclassic.com


(၃) စီးပွားရေး လုပ်ငန်းတွင် ထူးချွန်တတ်၏။

(၄) **နဖူးပြင် ကျဉ်းမြောင်းခြင်း**

နဖူးပြင် အလွန်ကျဉ်းမြောင်းလျှင်

(၁) စိတ်ကူးဉာဏ် အလွန်ကျဉ်းမြောင်းတတ်၏။

(၂) မည်သည့် အလုပ်ကိစ္စမျိုးကိုမဆို ပေါ့ပေါ့နေ ပေါ့ပေါ့ စားလုပ်တတ်၏။

(၃) စကားပြောလျှင် ဘုကျကျ ဝွသမား ဖြစ်တတ်၏။

(၄) အလွန်ရှေးကျသော အနေအထိုင်၊ အဝတ်အစားတို့ကို နှစ်သက် မြတ်နိုးတတ်၏။

(၅) ခေတ်ပေါ် ဆင်ယင်ထုံးဖွဲ့မှုများကို မနှစ်ကြိုက်၊ ရှေးဆန် ၍ နေတတ်၏။

(၅) **နဖူးပြင် လေးထောင့်ကျခြင်း**

အလျားနှင့် အနံ ခပ်ညီညီနေတတ်သော နဖူးမျိုးဖြစ်သည်။ ထိုလေးထောင့် နဖူးပိုင်ရှင်သည်

(၁) စိတ်ထား တည်ကြည်တတ်၏။

(၂) ကတိ သစ္စာ ခိုင်မြဲတတ်၏။

(၃) အရာရာကို လက်တွေ့လုပ်ကိုင် ဆောင်ရွက်တတ်၏။

(၄) သူတစ်ပါးပေါ် မတရားပြုကျင့်မှုကို ရွံရှာမုန်းတီးတတ် ၏။

(၅) မှန်ကန်သော ခေါင်းဆောင်မှုမျိုးကို ပေးစွမ်းနိုင်တတ် ၏။

(၆) စိတ်ကူးစိတ်သန်း ကောင်းတတ်၏။

(၇) စာအရေးအသား ထူးချွန်ပြောင်မြောက်တတ်၏။



www.burmeseclassic.com

www.burmeseclassic.com



(၈) အဝတ်အစားကို သေသပ်ကျနစွာ ဝတ်ဆင်တတ်၏။
(၉) မိတ်ဆွေ အပေါင်းအသင်း ပေါများတတ်၏။
(၁၀) ဆန်းသစ်သော တီထွင်မှုမျိုးကို လုပ်ကိုင်ဆောင်ရွက်တတ်၏။

**နဖူးအောက်ပိုင်း ကျယ်ပြီးမောက်**

နဖူးအောက်ပိုင်း မျက်ခုံး နှစ်ခုအထက်နားအပိုင်းသည် ကျယ်ပြီး မောက်နေလျှင်

(၁) မြင်တတ်၊ သိတတ်၊ မှတ်သားတတ်၏။
(၂) ပါးရည်၊ နပ်ရည်၊ လိမ္မာရည် ရှိတတ်၏။
(၃) အကြည့်အမြင် စူးစိုက်ဖျတ်လတ်တတ်၏။
(၄) စိတ်အားထက်သန်စွာ လုပ်ကိုင်ဆောင်ရွက်တတ်၏။
(၅) သိမှတ်ဉာဏ်ရည် ကောင်းတတ်၏။ သို့သော် အတွေး အခေါ် ညံ့ဖျင်းတတ်၏။

**နဖူးအပေါ်ပိုင်း၊ မို့မောက်**

နဖူးအပေါ်ပိုင်း မို့မောက်၍ အောက်ပိုင်း ခပ်လျှောလျှော ရှိနေလျှင်

(၁) မိမိစိတ်ကူးများကို တကယ့်ဖြစ်ရပ်များဟု ထင်မှတ်ကာ နှစ်ခြိုက်နေတတ်၏။
(၂) စိတ်ကူးယဉ်နေတတ်၏။
(၃) ချက်ချင်းဆုံးဖြတ်တတ်၏။

နဖူးမောက်မောက်ကြီး ဖြစ်နေလျှင်

(၁) စိတ်ဓာတ်ကျဆင်းလွယ်တတ်၏။
(၂) များသောအားဖြင့် ဒုက္ခတွေ့တတ်၏။



www.burmeseclassic.com

www.burmeseclassic.com



(၃) အခါများစွာ စိတ်မချမ်းမသာ ဖြစ်နေတတ်၏။

နဖူးအပေါ်ပိုင်း ကျယ်မောက်လွန်းနေလျှင်

(၁) အတွေးဉာဏ်၊ စဉ်းစားဉာဏ်လွန်စွာမှ ကောင်းတတ်၏။

(၂) လက်တွေ့ထက် စိတ်ကူးက ပိုတတ်၏။

နဖူးမောက်သူတိုင်း မျက်လုံးပြူးပြီး စူးရှယောင် ရှိနေတတ်သည်။ ထိုသူတို့သည် မိမိတို့၏ စိတ်ကူးများကို ပြောပြရာတွင် ထိထိမိမိ အပြောကောင်းတတ်သည်ကို လေ့လာတွေ့ရှိရ၏။

**နဖူး ထက်အောက်မျှတစွာ မို့မောက်**

နဖူး ထက်အောက် အလယ်သည် မျှတစွာ မို့မောက်ပြီး ပြည့်၍ ကောင်းနေလျှင်

(၁) လက်တွေ့ အသိအမြင် စွယ်စုံတတ်၏။

(၂) ဆင်ခြင် စဉ်းစားတတ်၏။

(၃) ဝေဖန်ဉာဏ်ဖြင့် ချိန်ဆ ကြည့်တတ်၏။

(၄) ယထာဘူတကျအောင် ရှုမြင်တတ်၏။

နဖူးသည် လေးထောင့်စပ်စပ် အမို့အမောက် မျှတနေလျှင် မှတ်ဉာဏ်၊ စဉ်းစားဉာဏ်၊ ဝေဖန်ဉာဏ်၊ အဘက်ဘက်က ပြည့်စုံတတ်၏။

## အမျိုးသား နဖူးလက္ခဏာ

အမျိုးသား နဖူးပြင်သည် လမင်း၏ ထက်ဝက်ပုံသဏ္ဍာန် ချိုင်း (သို့မဟုတ်) ဘီးကုတ်၏ ပုံသဏ္ဍာန်ကဲ့သို့ မြင့်မောက်မြင့် ပြောနေလျှင် ကြီးမားသော ဂုဏ်အင် စည်းစိမ်နှင့် ပြည့်စုံတတ်၏။



www.burmeseclassic.com

www.burmeseclassic.com



(ဆံပင်များ မရှုပ်ထွေးဘဲ နူးညံ့မှုလည်း ရှိရမည်ကို အထူးသတိပြုပါ)

အမျိုးသားနဖူးပြင်သည် နိမ့်ချိုင့်နေလျှင် မမှန်မကန် ပြောဆိုလေ့ရှိတတ်၏။

ခိုက်ရန်ပွားလေ့ရှိသော လူမိုက်ဖြစ်တတ်၏။

နဖူးပြင်တွင် သွေးကြောများဖြင့် ကန့်လန့်ဖြတ်ပြီး ရှုပ်ထွေးနေလျှင် မုဆိုး၊ လူဆိုး၊ ဓားမြ၊ လူမိုက် ဖြစ်တတ်၏။ သို့မဟုတ် သူတစ်ပါး၏ အခိုင်းအစေ ဖြစ်တတ်၏။

နဖူးပြင်သည် အနိမ့်အမြင့် မညီညွတ်လျှင် ရှာ၍ရသော ပစ္စည်းဥစ္စာဓနများ ယုတ်လျော့ ပျက်စီးတတ်၏။

## အမျိုးသမီးနဖူး လက္ခဏာ

အမျိုးသမီး၏ နဖူးပြင်သည်

(၁) အမွေးမပေါက်ဘဲ ပေါ်လွင်ထင်ရှားခြင်း

(၂) လခြမ်းကွဲသို့ လက်သုံးသစ်မျှသာ မြင့်ခြင်း။

တို့ရှိလျှင် ထိုမိန်းမသည် ဝေဒနာရောဂါ ကင်းစင်တတ်၏။

အမျိုးသမီး၏ မကောင်းသော နဖူးပြင်မှာ

(၁) မွေးညင်းပေါက်ခြင်း

(၂) အကြောတို့ဖြင့် ထင်ရှားနေခြင်း

(၃) နဖူးပြင် ရှည်လျားလွန်းနေခြင်း

တို့ရှိလျှင် ထိုမိန်းမသည် မတ်ဖြစ်သူအား ဖျက်ဆီးတတ်၏။ ဝေဒနာရောဂါ စွဲတတ်၏။





www.burmeseclassic.com

www.burmeseclassic.com



## အမျိုးသား၊ အမျိုးသမီး နဖူးပြင်ရှိ အရေးအကြောင်း လက္ခဏာများ

အမျိုးသား နဖူးပြင်တွင် ကန့်လန့်ဖြတ်ပြီး ထင်ရှားသော အရေး သုံးချောင်းရှိလျှင် ဩဇာရှိန်ဝါ ကြီးတတ်၏။

အရေးလေးချောင်း ရှိလျှင် ဩဇာရှိန်ဝါ ကြီးသည်သာမက အသက်ရှည်မည်ဟု မှတ်ယူရ၏။

နဖူးပြင်တွင် အရေးအကြောင်းများ နီးကပ်နေလျှင် (သို့မဟုတ်) အရေးအကြောင်းများ ရှုပ်ထွေးလိမ်ယှက်နေလျှင် ထိုသူသည် အသက်တိုတတ်၏။ မကျော်စောခြင်း ဖြစ်တတ်၏။ အမှုအခင်းများသော လူရှုပ် လူရမ်းကား ဖြစ်တတ်၏။

### အမျိုးသမီးနဖူးပြင်တွင်

(၁) အရေးအကြောင်း ငါးခုမှာ ထင်ရှားစွာရှိနေ၏။ ဘုန်းကျက်သရေတို့ ရှိပြီး ကာမဂုဏ် ချမ်းသာခြင်းနှင့် ပြည့်စုံတတ်၏။ အနှစ်တစ်ရာတိုင်လည်း အသက်ရှည်တတ်၏။

(၂) နဖူးရေတွင် ခရင်းသုံးခွ ပုံသဏ္ဌာန် ဖြစ်နေလျှင် လူအများအား စိုးမိုးအုပ်ချုပ်ရသော ဩဇာအာဏာရှိသူ ဖြစ်တတ်၏။

(၃) နဖူးရေတွင် အရေးအကြောင်း လေးခု ထင်ရှားစွာ ရှိနေလျှင် အနှစ်ရှစ်ဆယ်တိုင်အောင် အသက်ရှည်တတ်၏။ ရာထူး စည်းစိမ်ဥစ္စာနေနှင့် ပြီးပြည့်စုံတတ်၏။

(၄) နဖူးရေတွင် အရေးအကြောင်း သုံးခုရှိလျှင် အသက်ခုနစ်ဆယ်အထိ၊ အရေးအကြောင်း နှစ်ခု ထင်ရှားစွာ ရှိလျှင် အသက်ခြောက်ဆယ်အထိ၊ အရေးအကြောင်း တစ်ခု ထင်ရှားစွာ ရှိလျှင် အသက်လေးဆယ်အထိ၊ အသက်ရှည်တတ်သော သဘောရှိသည်



www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ ရှေးကျမ်းဂန်များတွင် ပြဆို၏။

နဖူးရေတွင် အရေးအကြောင်း လုံးဝမရှိ (တစ်ကြောင်းမျှ မပါရှိ) လျှင် ထိုအမျိုးသမီးသည် ငယ်ရွယ်စဉ်က ပင်ပန်း ဆင်းရဲဒုက္ခ ရောက်တတ်၏။ အသက် တိုတတ်၏။ အသက်နှစ်ဆယ့်ငါးနှစ် မပြည့်မီ သေဆုံးတတ်သည်ဟု ရှေးဆရာကြီးတို့က မှတ်သားထား ကြ၏။

နဖူးရေတွင် အရေးအကြောင်းများ ကွေ့ကောက်ပြီး နီးကပ် နေလျှင် (သို့မဟုတ်) အရေးအကြောင်းများစွာ ရှုပ်ထွေးလိမ်ယှက်နေ လျှင်

(၁) အသက်တိုတတ်၏။

(၂) အမှုအခင်းများ တတ်၏။

(၃) လူရမ်းကားဖြစ်တတ်၏။

(၄) မထင်မရှား မကျော်စောဘဲ ဖြစ်နေတတ်၏။

**အမျိုးသမီး၏ နဖူးပြင်တွင်**

(၁) မှဲ့၊ ဝက်ခြံ ကင်းလျက် တံခွန်တိုင်သဖွယ် တစ်ကြောင်း တည်းသော အရေးအကြောင်းရှိလျှင် အနှစ်တစ်ရာတိုင် အသက် ရှည်တတ်၏။

(၂) မည်းသော အရေးအကြောင်း၊ ထင်ရှားစွာရှိနေလျှင် ချမ်းသာကြီးပွားတတ်၏။

**မဟာနဖူး**

နဖူး ထက်၊ အောက်၊ လယ် မျှတစွာ မို့မောက်မှု ရှိ၏။ ကျယ် ပြန့်၏။ ထိုနဖူးမျိုးကို 'မဟာနဖူး' ဟူ၍ ခေါ်ဆို၏။

အမျိုးသား၊ အမျိုးသမီးတို့တွင် မဟာနဖူးရှိလျှင် .



www.burmeseclassic.com

www.burmeseclassic.com



(၁) ပစ္စည်းဥစ္စာ ပြည့်စုံတတ်၏။

(၂) ထင်ရှား ကျော်ကြားတတ်၏။

(၃) ဦးစီး ခေါင်းဆောင် ဖြစ်တတ်၏။

မဟာနဖူး၏ကောင်းခြင်းလက္ခဏာကို မြန်မာတို့ ဤအတိုင်း ယုံကြည်ကြသည်။ ထို့အတူ. . . ရှေးတရုတ်အမျိုးသားများလည်း ယုံကြည်ကြ၏။

**နဖူးက ဆံဦးစွန်း**

နဖူးပြင်၏ အလယ်ဗဟိုတည့်တည့် ဆံစပ်နေရာတွင် တြိဂံပုံသဏ္ဌာန် ဆံဦးစွန်းလေး ရှိနေလျှင် ကြီးပွားတတ်၏။ ကောင်းစားတတ်၏။ ကံကောင်းတတ်၏။

**နဖူးထိပ်က ဆံလယ်**

အမျိုးသမီး ဦးထိပ်ဆံလယ်၌ ဆံပင်သည် လက်ယာရစ် ရှိနေလျှင် သားကောင်း၊ သားမြတ် မွေးတတ်၏။ (သမုဒ္ဒိက ကျမ်းအဆို)

## ထူးခြားသော နဖူးပြင်က အရေးအကြောင်းများ

(၁) နဖူးပြင်တွင် လှိုင်းတွန့်သဏ္ဌာန် ကန့်လန့်ဖြတ် နဖူးရေများ ပေါ်လွင်ထင်ရှားနေလျှင် အလွန် မျှော်လင့်ချက်ထားသူများ ဖြစ်တတ်၏။

(၂) နဖူးပြင်တွင် သာမန်ဖြောင့်တန်းသော အကြောင်းများ ရှိလျှင် ပညာသားပါပါ တွေးတောတတ်၏။ သဒ္ဓါတရား ထက်သန်၏။



www.burmeseclassic.com

www.burmeseclassic.com



(၃) နဖူးပြင်၏ ဘယ်ဘက် ညာဘက်မှ အရေးအကြောင်းများ အောက်ဘက်သို့ ယိုင်လဲဆင်းလာပြီး နဖူး၏ အလယ်ဗဟိုတွင် ဆုံစည်းလျှင် မိုက်မဲ တွေဝေတတ်၏။

**ဂန္ဓာလရာစ်ကျမ်းအဆို**

ရှေးတရုတ်အမျိုးသားတို့၏ ဂန္ဓလရာဇ်ကျမ်းအဆိုအရ မျက်နှာပေါ်ရှိ အရေးအကြောင်းများ (ပုံစံနံပါတ် ၁)

နံပါတ်(၁) နဖူးပေါ်တွင် အလျားလိုက် အရေး အကြောင်း သုံးခု ထင်ရှားစွာ ပေါ်လွင်နေလျှင် အသက်ရှည်မည်ကို ဖော်ပြ သည်။

နံပါတ် (၂) ဘယ်ဘက်မျက်ခုံးပေါ်တွင် ထောင်လိုက် အရေး အကြောင်းများ စုစည်းနေသည်။ သင် သတိမထားလျှင် ဒုက္ခတွေ့ရ လိမ့်မည်ကို ဖော်ပြသည်။ ရှေးတရုတ်အမျိုးသားတို့၏ အယူအဆ အရ အဆိုပါ အရေးအကြောင်းများကို ဘေးဒုက္ခ ဖိတ်ခေါ်နေသော အရေးအကြောင်းဟု ခေါ်ဆို၏။

နံပါတ် (၃) ဘယ်ဘက်မျက်ခုံးကို ကန့်လန့်ဖြတ်သော အရေး အကြောင်းကြီးရှိလျှင် ဘေးဒုက္ခကို ဖော်ပြနေသည်။ ဤအရေး အကြောင်းကြောင့် အနီးစပ်ဆုံး ဆွေမျိုးသားချင်းများ ငယ်ရွယ်စဉ် မသေဆုံးခဲ့ဘူးလျှင် ကိုယ်တိုင် ထောင်တန်းကျဖွယ်ရှိသည်။

နံပါတ် (၄) မျက်ခုံးနှစ်ခုကြားတွင် ထောင်လိုက် အရေး အကြောင်းများရှိလျှင် အသက်ငယ်ရွယ်စဉ် ချစ်သူ၏ စွန့်ပစ်ခြင်းကို ခံရတတ်သည်။ ဘဝတွင် အချိန်ကြာမြင့်စွာ တစ်ယောက်တည်းနေ ရတတ်သည်။


❋ ❋ ❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com





## မျက်ခုံး

လူတစ်ယောက်၏ မျက်ခုံးသည် ကျက်သရေကို ဆောင်နေသည်။ မတင့်တယ်မှုကိုလည်း ပြဆိုနေသည်။ မျက်ခုံးက လူ့သဘာဝ၊ လူ့စရိုက်၊ လူ့အကျင့်ကို ဖော်ပြနေသည်။

### မျက်ခုံးအမျိုးမျိုး

မျက်ခုံးကို ခွဲခြား သတ်မှတ်ထားသည်မှာ
(၁) တည်ငြိမ်သောမျက်ခုံး
(၂) စိတ်ဆတ်သော မျက်ခုံး
(၃) ဖိုမျက်ခုံး
(၄) မမျက်ခုံး
(၅) အနုပညာမျက်ခုံး
(၆) ကြောက်စရာကောင်းသော မျက်ခုံး
(၇) အငြင်းသန်သော မျက်ခုံး



www.burmeseclassic.com

www.burmeseclassic.com



(၈) စဉ်းလဲသော မျက်ခုံး
(၉) ကံမကောင်းသော မျက်ခုံး
ဟူ၍ သတ်မှတ်ထားရှိသည်။

**(၁) တည်ငြိမ်သော မျက်ခုံး**

မျက်ခုံးမွေးများ နုသည်။ တညီတညာတည်း တစ်ဖက်သ[...] ဆင်းသွားသည်။ ထိုသူသည်

(၁) ထူးထူးခြားခြား ဥာဏ်ရှိတတ်၏။
(၂) စိတ်ဓာတ် တည်ငြိမ်တတ်၏။
(၃) ကိုယ်အမူအရာပါ တည်ငြိမ်တတ်၏။
(၄) တရားဓမ္မ နှလုံးသွင်းထားသူ ဖြစ်တတ်၏။

**(၂) စိတ်ဆတ်သော မျက်ခုံး**

မျက်ခုံးမွေးများ ထူလပျစ် ဖြစ်နေသည်။ မညီမညာ [...] ထောင် သည်ပိုင် ဖြစ်နေသည်။ ထိုသူသည်

(၁) စိတ်မြန်တတ်၏။
(၂) စိတ်ဆိုးလွယ်တတ်၏။
(၃) အထိမခံ၊ ဆတ်ဆတ်ကြဲ ဖြစ်တတ်၏။

မျက်လုံးချိုလွန်းအားကြီးလျှင် အလေးအနက် စဉ်းစား[...] သော ဉာဏ်မရှိ။ မြင်သိတတ်မှု မရှိ၊ လက်တွေ့လည်း မရှိသူ[...] ဖြစ်တတ်သည်။

**(၃) ဝိုမျက်ခုံး**

မျက်ခုံးမွေးများ တညီတညာတည်း ဖြောင့်တန်း၍ နေသ[...] ထိုသူသည်

(၁) အမျိုးသားစရိုက် သဘာဝအပြည့် ရှိတတ်၏။



www.burmeseclassic.com

www.burmeseclassic.com


(၂) အမျိုးသမီးများတွင် ထိုမျက်ခုံးမျိုးရှိလျှင် အမျိုးသား ဆန်တတ်၏။ တစ်နည်း ယောကျ်ားလျာ ဖြစ်တတ်၏။

**(၄) ဓမျက်ခုံး**

မျက်ခုံး ကွေးသည်။ ခုံးမျက်စ သုံးရက်လ မျက်ခုံးမျိုး ဖြစ်သည်။ ထိုသူသည်

(၁) အမျိုးသမီး သဘာဝစရိုက် အပြည့်ရှိတတ်၏။

(၂) အမျိုးသားတို့တွင် ထိုမျက်ခုံးမျိုးရှိလျှင် မိန်းမလို မိန်းမရ ပြောဆို လုပ်ကိုင်တတ်၏။

မျက်ခုံးရိုး ပင့်လွန်း၍ ရှည်သော မျက်ခုံးမျိုးရှိလျှင် သချာ်ဉာဏ်ကောင်းတတ်သည်။ မျက်ခုံးလျားပြီး မျက်လုံး ပါးလျားလျားရှိနေလျှင် အထူးသဖြင့် အတွက်အချက် ကောင်းတတ်သည်။

အင်ဂျင်နီယာ၊ ဗိသုကာတို့တွင် ဤမျက်ခုံးမျိုးကို တွေ့ရှိရတတ်၏။

**(၅) အနုပညာမျက်ခုံး**

မျက်ခုံးအလယ်တွင် ထောင့်ချွန်သဖွယ် ဖြစ်နေတတ်သည်။ ထိုသူသည်

(၁) အလင်းအမှောင်၊ အရောင်အသွေး အစပ်ကောင်းသော ပန်းချီအနုပညာရှင် ဖြစ်တတ်၏။

ကမ္ဘာကျော် ပန်းချီဆရာကြီး ရှဘင်းစ်ကို အစွဲပြုပြီး ရှဘင်းစ်ပ္ပိုင့် ပန်းချီဆရာ မျက်ခုံးဟုလည်း ခေါ်သည်။ (မြန်မာပန်းချီဆရာကြီး ဦးဘကြည် မျက်ခုံးမျိုး)

မျက်ခုံးအစွန်းသည် မျက်လုံး၏ အပြင်စွန်းနှင့် များစွာဝေးကွာနေလျှင် အပျော်အပါး လွန်ကဲစွာ ဝါသနာပါတတ်သည်ကို သတိပြုပါ။


www.burmeseclassic.com

www.burmeseclassic.com


(၆) ကြောင်စရာကောင်းသော မျက်ခုံး

မျက်ခုံးအလယ်တွင် အောက်သို့ပြန့်ပြီး ချိုင့်နေသည်။ ထိုသူ သည်

(၁) မနာလို ဝန်တိုစိတ် အားကြီးတတ်၏။

(၂) မခံချင်စိတ် လွန်ကဲတတ်၏။

(၃) ရန်ငြိုးဖွဲ့တတ်၏။

(၇) အငြင်းသန်သော မျက်ခုံး

မျက်ခုံးနှစ်ခု၏ အပြင်စွန်းသည် အောက်ဘက်သို့ လျော ဆင်းနေသည်။ မျက်လုံးနှင့် ထိလုနီး ဖြစ်နေသည်။ ထိုသူသည်

(၁) ဆွေးနွေးငြင်းခုံမှုကို အလွန်နှစ်သက်တတ်၏။

(၂) ငြင်းခုံရာတွင် အနိုင်ယူလိုစိတ်မျိုး ရှိတတ်၏။

ထိုမျက်ခုံးမျိုးကို အစိုးရ အရာရှိကြီးများ၊ နိုင်ငံရေးသမားများ၊ ဒဿနတွေးခေါ် ရှင်ကြီးများတွင် တွေ့မြင်ရတတ်သည်။

အကယ်၍ မျက်လုံး၏ အောက်မျက်ခမ်းအခြေတွင် မှဲ့ပေါက် နေလျှင် အပြောအဆို ကောင်းတတ်သည်။

(၈) စဉ်းလဲသော မျက်ခုံး

မျက်ခုံးသည် အပေါ်နံဘေးသို့ ကားပြီး ထောင်တက်သွား သည်။ ထိုသူသည်

(၁) လိမ်ညာတတ်၏။

(၂) ရန်ငြိုးဖွဲ့တတ်၏။

(၃) ရက်စက်တတ်၏။

(၄) ကောက်ကျစ်စဉ်းလဲတတ်၏။

(၅) ဟိုကွေ့ သည်ရှောင် လှည့်ပတ် ပြောဆိုတတ်၏။


www.burmeseclassic.com

www.burmeseclassic.com



(၆) လျှို့ဝှက်စွာ လုပ်ဆောင်တတ်၏။

*(၇) မကောင်းသော လုပ်ငန်းဖြင့် အသက်မွေးတတ်၏။*

ထိုမျက်ခုံးမျိုးကို 'အစရှိပြီး၊ အဆုံးမရှိသူ' ဟူ၍ တရုတ်အမျိုးသားတို့က ယူဆကြသည်။ (နိုင်ငံတော် လုပ်ကြံမှု ဖြစ်ခဲ့သော ဂဠုန်ဦးစောမျက်ခုံးမျိုး)

**(၉) ကံမကောင်းသော မျက်ခုံး**

မျက်ခုံးစ နှစ်ခုသည် နှာခေါင်းထိပ်တွင် ဆက်နေလျှင် (သို့မဟုတ်) ဆက်လုနီးပါးဖြစ်နေသည်။ ထိုသူသည်

(၁) ဘဝကို အရှုံးနှင့် ရင်ဆိုင်ရတတ်၏။

(၂) ဒုက္ခတွေ ပင်လယ်ဝေတတ်၏။

(၃) အထူးသဖြင့် အိမ်ထောင်ရေး ဒုက္ခနှင့် တွေ့ကြုံရတတ်၏။

(၄) အကျင့်သီလပျက်သူ ဖြစ်တတ်၏။

## မျက်ခုံးမွေးလက္ခဏာ

ရှေးကျမ်းများ၌ လာရှိသော လူချွန်လူမွန် အမျိုးသားတို့၏ မျက်ခုံးမွေးမှာ

(က)မျက်ခုံးထူခြင်း

(ခ) နူးညံ့၍ မို့မောက်ခြင်း

(ဂ) မည်းမှောင် နက်ကြုတ်သော အဆင်းရှိခြင်း။

(ဃ)နှာတံ၏ အရင်းမှ အထက်သို့ တက်သွားခြင်း။

တို့ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com


**မကောင်းသော အမျိုးသားတို့၏ မျက်ခုံးမွေး**

(က)မျက်ခုံးမွေးနည်းပါး၍ ကျဲခြင်း။
(ခ) နေရာပြတ်ပြီး ပေါက်ခြင်း။
(ဂ) အမွေးတုတ်၍ ကြမ်းတမ်းခြင်း
(ဃ)မညီမညာ တိမ်းငိုက်နေခြင်း
(င) မျက်ခုံးမွေး အလွန်နိမ့်ကျခြင်း။
(စ) မျက်ခုံးအလယ်မှ ပြတ်နေခြင်း
တို့ ဖြစ်နေလျှင်

ထိုအမျိုးသားသည် ဘဝတွင် အရှုံးနှင့် ရင်ဆိုင်ရသာမက အညတရဘဝဖြင့် ဘဝဆုံးပါးတတ်၏။

**အမျိုးသမီး မျက်ခုံးမွေးလက္ခဏာ**

(က)နူးညံ့မည်းနက်ခြင်း
(ခ) သေးသွယ် ကျော့ရှင်းခြင်း
(ဂ) လေးကိုင်းသဏ္ဍာန်ရှိခြင်း

တို့ရှိလျှင် ထိုအမျိုးသမီးသည် သူဌေးကတော်၊ အရာရှိကတော် ဖြစ်တတ်သည်။ ပညာတတ် ဖြစ်တတ်သည်။ အမည်ထင်ရှားတတ်သည်။

အကယ်၍ အကြင်မိန်းမမှာ မျက်ခုံးမွေးများသည် နှာခေါင်းအရင်း၌ ဆုံတွေ့အံ့။ ကံထူးသော မိန်းမဖြစ်လေသည် ဟူ၍ ဆရာကြီး ပီမိုးနင်းက 'ထွက်သက် ဝင်သက် အောင်မြင်ရေးကျမ်း' တွင် ဖော်ပြထားသည်။


www.burmeseclassic.com

www.burmeseclassic.com



**…င်းသော အမျိုးသမီးတို့၏ မျက်ခုံးမွေး**

(က)ကြမ်းတမ်းသော အမွေးရှိခြင်း၊

(ခ) အမွေးများတုတ်ဆိုင်းနေခြင်း၊

(ဂ) ထူထပ်ပျံ့နှံ့စွာ ပေါက်နေခြင်း၊

(ဃ)မျက်ခုံးမွေး လုံးဝ မပေါက်ခြင်း၊

တို့ ရှိလျှင် ထိုအမျိုးသမီးသည် ပင်ပန်းဆင်းရဲတတ်၏၊ အကျင့်သီလ ပျက်ယွင်းတတ်၏၊ ဘေးဒုက္ခဆိုးအမျိုးမျိုးတို့ဖြင့် ရင်ဆိုင်တွေ့ကြုံရတတ်၏၊





www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com





မျက်ခုံး

မျက်ခုံး ခပ်မှိုမှိုကလေးရှိလျှင် ချစ်စဖွယ် ဖြစ်နေတတ်သည်။

အမျိုးသား၊ အမျိုးသမီးတို့၏ မျက်ခုံးသည် မျက်လုံးလောက် စိတ်ဝင်စားစရာ မကောင်းလှပါ။ မျက်ခုံးသည် မျက်လုံးကို ဖုံးအုပ်ထားသည်ဆိုက ဆိုနိုင်သည်။

**မှိုသော မျက်ခုံး**

မျက်ခုံးများသည် အမျိုးသားများထက် အမျိုးသမီးများနှင့် သက်ဆိုင်လေ့ရှိသည်။ မှိုသော မျက်ခုံးရှိသော အမျိုးသမီးသည် အာရုံထိခိုက်လွယ်တတ်သည်။ စိတ်ထား ပျော့ပျောင်းတတ်သည်။ သူတစ်ပါးပြောတိုင်း ယုံလွယ်တတ်သည်။ နှလုံးသားရေးရာနှင့် ပတ်သက်လျှင် အပြောင်းအလွဲ မြန်ဆန်တတ်သည်။ ဆန့်ကျင်ဘက်လိင်ကို ဆွဲဆောင်အားကောင်းတတ်သည်။ ချစ်သူ ခင်သူ များတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



## မျက်ခွံလက္ခဏာ

အမျိုးသမီး မျက်ခွံသည်

"မျက်ခွံရှည်လျက် အမွေးများအံ့၊ အစွမ်းသတ္တိရှိ၏၊ လူများနှင့် ဆက်ဆံရာ၌ ရက်စက်တတ်၏။

မျက်ခွံသေးငယ်၍ တိုတောင်းသော မျက်ခွံရှိအံ့၊ တရားတပေါင် ဝါသနာ ပါတတ်၏။ ရက်စက်၏၊ ပညာရှိ၏၊

မျက်ခွံ ကျဉ်းကျဉ်းနှင့် တိုတိုရှိအံ့၊ ပညာရှိအံ့၊ သဘောကောင်းအံ့၊ ကလဲ့စား ချေတတ်အံ့၊ ဟူ၍ မသျှုတ္တရတွင် ဆရာကြီး ပီမိုးနင်းက ရေးသားတင်ပြထား၏။

## မျက်ခမ်း

မျက်ခမ်း ပြည့်ပြည့် မို့မို့ရှိလျှင် .

(၁) အပြောအဆို ကောင်းတတ်၏။

မျက်တွင်းတိမ်ပြီး မျက်လုံးပြူးယောင်ယောင် ဖြစ်နေလျှင်

(၁) ဩဇာပေး ကောင်းတတ်၏။

(၂) အပြောသာမဟုတ် အရေးအသားပါ ကောင်းတတ်၏။

(၃) အနုပညာရပ်များကို လေ့လာလိုက်စားလျှင် အောင်မြင်ကျော်ကြားတတ်၏။

## မျက်တောင်

သက်ရှိ လူသားတိုင်း မျက်တောင် ခတ်လေ့ရှိသည်။

အမျိုးသားတို့တွင် မျက်တောင်မခတ်ဘဲ နေလေ့ရှိသူသည် တန်ခိုးသိဒ္ဓိရသူဟု ဆို၏။ အချိန်စက္ကန့် အတော်ကြာလေ့ မျက်တောင်ခတ်သူသည်

(၁) အသက်ရှည်တတ်၏။



www.burmeseclassic.com

www.burmeseclassic.com



(၂) ဉာဏ်ပညာ ကြီးမားတတ်၏။

(၃) ဉစ္စာဓနေ ပေါကြွယ်ဝတတ်၏။

အချိန်စက္ကန့် (လက်ဖျစ်တတွက်) အတွင်း မကြာမကြာ ခဏခဏ မျက်တောင်ခတ်သူသည်

(၁) အသက်တိုတတ်၏။

(၂) မှတ်ဉာဏ်နည်းတတ်၏။

(၃) ဆင်းရဲဒုက္ခ ကြီးတတ်၏။

**အမျိုးသား မျက်တောင်မွေးလက္ခဏာ**

အသက်ရှည်၍ စည်းစိမ်ချမ်းသာနှင့် ပြည့်စုံသော အမျိုးသား ၏ မျက်စိသည် နက်သော မျက်ဝန်းရှိသည်။ မျက်စိပေါက် မျက်ခွံစပ် တွင် သိမ်မွေ့သော မျက်တောင်မွေးတို့ဖြင့် တင့်တယ်စွာ ရှိတတ်၏။

အမျိုးသားတို့တွင် မျက်တောင်မွေးကင်းလျှင် (ပါးလွန်းလျှင်)

(၁) စိတ်ယုတ်မာတတ်၏။

(၂) ကာမစိတ် အားကြီးတတ်၏။

(၃) လောဘ၊ ဒေါသ၊ မောဟ အားကြီးတတ်၏။

မျက်တောင်မွေးသည်

(က)ကြီးသော မွေးလုံးရှိခြင်း။

(ခ) ကျဲစွာ ပေါက်ရောက်ခြင်း။

(ဂ) အရောင်အသွေး မှေးမှိန်နေခြင်း။

တို့ဖြစ်နေလျှင် တရားဓမ္မ မရှိသော အမျိုးသားဖြစ်ကြောင်း ရှေးကျမ်းများတွင် ပြဆိုထား၏။





www.burmeseclassic.com

www.burmeseclassic.com



**အမျိုးသမီးမျက်တောင်ရှူး၊ အကျိုးအား**

အမျိုးသမီး မျက်တော်င်သည် ကော့ပြီး ရှည်နေလျှင်

(က)စိတ်ထားနုတတ်၏။

(ခ) အညှာလွယ်တတ်၏။

(ဂ) ချစ်သူ ခင်သူ ပေါများတတ်၏။

(ဃ)ရမ္မက်စိတ် ထန်တတ်၏။

(င) ဆန့်ကျင်ဘက် လိင်အား ညှို့ဓာတ်အား ကောင်းတတ်၏။

(စ) အနုပညာနှင့် ပတ်သက်၍ လုပ်ကိုင်လျှင် အောင်မြင်ကျော်ကြားတတ်၏။






www.burmeseclassic.com

www.burmeseclassic.com





## မျက်လုံး

လူတွင် အထင်ရှားဆုံးအရာမှာ မျက်လုံးပင် ဖြစ်သည်။

လူ၏ စိတ်ခံစားမှု သမာဓိအား စွမ်းအင်ကို မျက်လုံးတွင် တွေ့မြင်နိုင်သည်။ လူတစ်ယောက်သည် မျက်လုံးကြောင့်

အချီးမွမ်းခံရတတ်၏။

အကဲ့ရဲ့ခံရတတ်၏။

အမုန်းခံရတတ်၏။

အချစ်ခံရတတ်၏။

ထို့ကြောင့် လူတစ်ယောက်တွင် မျက်လုံးသည် အရေးပါသည်။ အရာရောက်သည်။

### မျက်လုံး၏ အရောင်အသွေးများ

မျက်လုံးကို သေချာစွာ ကြည့်ပါ။ အရောင်အသွေး၊ အနီ၊ အဝါ၊ အပြာ၊ အမျိုးမျိုးကို တွေ့မြင်နိုင်သည်။

မျက်လုံး၏ အရောင်အသွေးများ ခွဲခြားကြည့်လျှင်



www.burmeseclassic.com

www.burmeseclassic.com



(၁) ပြာသော မျက်လုံး
(၂) မီးခိုးရောင် မျက်လုံး
(၃) အစိမ်းရောင် မျက်လုံး
(၄) နီကြောင်ကြောင် မျက်လုံး
(၅) ညိုမှိုင်းမှိုင်း မျက်လုံး
(၆) မည်းမှောင်သော မျက်လုံး
တို့ဖြစ်သည်။

**(၁) ပြာသောမျက်လုံး**

(၁) မိမိကိုယ်ကို ထိန်းသိမ်းနိုင်စွမ်း ရှိတတ်၏။
(၂) အမြင်ကျယ်တတ်၏။
(၃) ခွန်အား ကောင်းတတ်၏။
(၄) ဇွဲ ရှိတတ်၏။
(၅) အမှန်အကန်ကို ရွေးချယ်ပြီး ဆုံးဖြတ်လုပ်ကိုင်တတ်၏။
(၆) စာတွေ့ လက်တွေ့ သေချာစွာ လေ့လာပြီးမှ လုပ်ကိုင်ဆောင်ရွက်တတ်၏။
(၇) စကားပြောဆိုရာတွင် ကြောင်းကျိုးခိုင်လုံစွာ တင်ပြဆွေးနွေးတတ်၏။
(၈) လောဘကြီးသောစိတ် ရှိတတ်၏။

**(၂) မီးခိုးရောင်မျက်လုံး**

(၁) စနစ်ကျနစွာ လုပ်ကိုင်ဆောင်ရွက်တတ်၏။
(၂) အောင်မြင်ကျော်ကြားတတ်၏။
(၃) ချစ်တတ် ခင်တတ်၏။
(၄) စိတ်မြန်တတ်၏။





www.burmeseclassic.com

www.burmeseclassic.com



(၅) သဘောပေါက်အောင် ပြောပြလျှင် သဘောတိုက်ဆိုင် လွယ်တတ်၏။

(၆) စီးပွားရေးလုပ်ဆောင်ရာတွင် ခေါင်းအေးအေးထားပြီး လုပ်ဆောင်တတ်၏။

**(၃) အစိမ်းရောင် မျက်လုံး**

(၁) အလွန်ထက်မြက်သော အတွေးအခေါ် နှင့် ပြည့်စုံတတ်၏။

(၂) အထူးပြောင်မြောက်သော စွမ်းရည်များ ရှိတတ်၏။

(၃) စိတ်တို့၍ မဖြစ်သင့်သည့် ပြဿနာများဖြစ်ပွားတတ်၏။

**(၄) နီကြောင်ကြောင်မျက်လုံး**

(၁) သူတစ်ပါးကို ကြင်နာသနားတတ်၏။

(၂) စကားပြော ကောင်းတတ်၏။

(၃) အပေါင်းအသင်းများနှင့် မသင့်မမြတ် ဖြစ်တတ်၏။

(၄) တစ်ခါတစ်ရံ ကလေးစိတ် မွေးတတ်၏။

(၅) အလုပ်လုပ်ဆောင်ရာတွင် ဇွဲသတ္တိ ရှိတတ်၏။

**(၅) ညိုဖျိုင်းဖျိုင်းမျက်လုံး**

(၁) အလုပ်ကို ကြိုးစားပြီး လုပ်ကိုင် ဆောင်ရွက်တတ်၏။

(၂) စေ့စပ်သေချာသော သဘာဝ ရှိတတ်၏။

(၃) ကိုယ်ချင်းစာနာစိတ် ရှိတတ်၏။

(၄) အနုပညာကို နှစ်သက်မြတ်နိုးတတ်၏။

(၅) မိမိကိုယ် မိမိ ထိန်းသိမ်းနိုင်မှု မရှိ၊ ထို့ကြောင့် တစ်ခါ တစ်ရံတွင် မိုက်မဲမှုများ ကျူးလွန်တတ်၏။



www.burmeseclassic.com

www.burmeseclassic.com



(၆) မည်းမှောင်သော မျက်လုံး

(၁) အလုပ်ကို သစ္စာရှိရှိ ဇွဲရှိရှိနှင့်လုပ်ကိုင် ဆောင်ရွက်တတ်၏။

(၂) အလုပ်တစ်ခုကို မဖြစ်မနေ စွမ်းဆောင်လုပ်ကိုင်ရေး ရှိတတ်၏။

(၃) မနာလို ဝန်တိုစိတ်များ မကြာမကြာ ပေါ်ပေါက်တတ်၏။

(၄) မျက်လုံးမည်းမှောင်သည်နှင့်အမျှ ချစ်စိတ်၊ မေတ္တာစိတ်၊ ဒေါသစိတ်များ ပြင်းထန်တတ်၏။

## မျက်လုံး အမျိုးမျိုး

အမျိုးသား အမျိုးသမီးတို့၏ မျက်လုံးများကို ခွဲခြား လေ့လာကြည့်လျှင်

(၁) ဝိုင်းစက်ပြီး ပြူးကျယ်သော မျက်လုံး

(၂) အရွယ်အစား သင့်တင့်သော မျက်လုံး

(၃) အလွန်သေးငယ်ပြီး ကျဉ်းမြောင်းသော မျက်လုံး

(၄) အလွန်ပြူးသော မျက်လုံး

(၅) အလွန်စူးရှသော မျက်လုံး

(၆) အရည်လဲ့သော မျက်လုံး

တို့ဖြစ်သည်။

(၁) ဝိုင်းစက်ပြီး ပြူးကျယ်သော မျက်လုံး

(၁) လွတ်လပ်မှုကို လိုလားတတ်၏။

(၂) ချုပ်ချယ်မှုကို မုန်းတီးတတ်၏။

(၃) အတွေးအခေါ် ရဲရင့်တတ်၏။



www.burmeseclassic.com

www.burmeseclassic.com



(၄) ဖျတ်လတ် သွက်လက်သော ဟန်အမူအရာနှင့် ပြည့်စုံတတ်၏။

(၅) ဖြားယောင်း သွေးဆောင်ခြင်းကို နားယောင်လေ့မရှိ၊ နှလုံးသားတွင် မေတ္တာတရား ပြည့်ဝနေတတ်သည်။

**(၂) အရွယ်အစား သင့်တင့်သော မျက်လုံး**

(၁) ပါးနပ် လိမ္မာတတ်၏။

(၂) သွက်လက် ချက်ချာတတ်၏။

(၃) မည်သည့်ကိစ္စမျိုးတွင်မဆို မယုတ်မလွန်အောင် လုပ်ဆောင်တတ်၏။

(၄) လူ့အလွှာအသီးသီးကို သင့်တင့်အောင် ပေါင်းသင်းဆက်ဆံတတ်၏။

**(၃) အလွန်သေးငယ်ပြီး ကျဉ်းမြောင်းသော မျက်လုံး**

(၁) မိမိကိုယ်ကို အထင်ကြီးတတ်၏။

(၂) အလုပ်လုပ်ရာတွင် စေ့စပ်သေချာတတ်၏။

(၃) အသိပညာနှင့် အတွေးအခေါ်တို့ အနည်းငယ် လျော့ပါးနေတတ်၏။

**(၄) အလွန်ပြူးကျယ်သော မျက်လုံး**

(၁) ငါသိ ငါတတ်သမားမျိုး ဖြစ်တတ်၏။

(၂) ခေါင်းမာပြီး ဆုံးမရခက်တတ်၏။

(၃) မိမိကိုယ်နှင့် မိမိစိတ်ကို ထိန်းသိမ်းနိုင်စွမ်းမရှိ။ စိတ်ထင်ရာကို ဇွတ်လုပ်တတ်၏။



www.burmeseclassic.com

www.burmeseclassic.com



**(၅) အလွန်ရူးရှသော မျက်လုံး**

(၁) ဖြတ်ထိုးဉာဏ်ကောင်းတတ်၏။

(၂) စိတ်ကူးဉာဏ် လွန်စွာ ထက်မြက်တတ်၏။

(၃) တိကျမှန်ကန်သော ကိစ္စများကိုသာ ပြောဆိုလုပ်ကိုင်တတ်၏။

(၄) လုပ်ဆောင်ပြောဆိုရာတွင် တက်ကြွမှုရှိတတ်၏။

(၅) စိတ်ဓာတ်အင်အား လွန်စွာကောင်းတတ်၏။

(အမေရိကန် နိုင်ငံခြားရေး ဝန်ကြီးဟောင်း ဟင်နရီ ကစ်စင်ဂျာ ၏ မျက်လုံးမျိုး)

**(၆) အရည်လဲ့သော မျက်လုံး**

(၁) အနုပညာနှင့် ပတ်သက်လျှင် ဘက်ပေါင်းစုံတွင် အောင်မြင် ကျော်ကြားတတ်၏။

(၂) ဆန့်ကျင်ဘက် လိင်ကို ဆွဲဆောင်အားကောင်းတတ်၏။

(၃) အမည်ထင်ရှား ကျော်ကြားတတ်၏။

(အကယ်ဒမီဆုရ၊ စာရေးဆရာ၊ အဆိုတော်၊ ဒါရိုက်တာ ရုပ်ရှင်ပြဇာတ်မင်းသားချော ကိုဝင်းဦး၏ မျက်လုံးမျိုး)

## မျက်လုံးအကွာအဝေး

နှာခေါင်းနှင့် မျက်လုံးနှစ်လုံး အကွာအဝေး အကျဉ်းအကျယ်တို့ကို လေ့လာသောအခါ



**မျက်လုံးကွာဝေးခြင်း**

နှာခေါင်းနှင့် မျက်လုံးကွာဝေးနေလျှင်

(၁) သစ္စာရှိတတ်၏။



www.burmeseclassic.com

www.burmeseclassic.com



(၂) နှုးညံ့ပြောပျောင်းတတ်၏။
(၃) လျှို့ဝှက်ထိမ်းသိမ်းနိုင်၏။
(၄) သူတစ်ပါးအပေါ် ယုံကြည်လွယ်တတ်၏။

**မျက်လုံးနီးကပ်ခြင်း**

နှာခေါင်းနှင့် မျက်လုံး နီးကပ်လွန်းလျှင်
(၁) သစ္စာမဲ့မှုကြောင့် ယုံကြည်သူ နည်းပါးတတ်၏။
(၂) နှမြော တွန့်တိုတတ်၏။
(၃) အတ္တသမားဖြစ်တတ်၏။
(၄) အလွန်စိတ်ကြီးဝင်ပြီး ဘဝင်မြင့်တတ်၏။

## မျက်လုံးလက္ခဏာ

မျက်လုံးကျယ်မူ ဉာဏ်ကြီးတတ်၏။ ဝန်းမူ လျှပ်ပေါ်တတ်၏။ ညိုမူ တောင်းရမ်းတတ်၏။ ကြောင်မူ ကြမ်းတမ်းတတ်၏။ မျက်ခမ်းနီမူ လူမုန်း များတတ်၏။ ဟူ၍ သုတသန္တိဝယမူကျယ် ကျမ်းတွင် ပြဆိုထား၏။

**အမျိုးသား မျက်လုံးလက္ခဏာ**

အမျိုးသား မျက်လုံးသည်
(က)ကျဉ်းလွန်းခြင်း
(ခ) ရွဲ့စောင်းခြင်း
(ဂ) ခြောက်သွေ့ခြင်း
(ဃ)ညစ်ထေးခြင်း
(င) အရောင်အဆင်း ကင်းမဲ့ခြင်း။
(စ) မျက်လုံးတစ်လုံးနှင့် တစ်လုံး ဆက်နေသည်ဟု ထင်ရ



www.burmeseclassic.com

www.burmeseclassic.com



လောက်အောင် နှာခုရိုးချိုင့်ကပ်နေခြင်း

တို့ ရှိလျှင်

(၁) ရက်စက်တတ်၏။

(၂) ကောက်ကျစ်စဉ်းလဲ တတ်၏။

(၃) ဆင်းရဲတတ်၏။

မျက်လုံး အလျားရှည်နေလျှင် အသက်ရှည်တတ်၏။

မျက်လုံး ဝိုင်းလွန်းခြင်း (သို့မဟုတ်) များစွာ မြင့်မောက်ပြီး ပြူးနေလျှင် အသက်တိုတတ်၏။

ဆိတ်မျက်လုံးကဲ့သို့ ရှိလျှင် ကာမဂုဏ် အလိုရမ္မက်ကြီး တတ်၏။

ကြောင်မျက်လုံးကဲ့သို့ ရှိလျှင် မကောင်းမှုကို အစဉ်အမြဲ ပြုမူ တတ်၏။

ကြက်မျက်လုံးကဲ့သို့ ရှိလျှင် ငြင်းခုံ ခိုက်ရန် ဒေါသ လွန်ကဲ တတ်၏။

ဆင်မျက်လုံးကဲ့သို့ရှိလျှင် မကောင်းမှုများကို ပြုလုပ်ရန် အကြံ ကြီးတတ်၏။

မျက်လုံးသည် ပုလဲရောင်အဆင်းရှိလျှင် ပညာရှိ ကျမ်းပြု ပုဂ္ဂိုလ်အကျော်အမော် ဖြစ်တတ်၏။

မျက်လုံးသည် ကြာညို၏ အဆင်းရှိလျှင် ဂုဏ်မာနတက်ကြွ လွန်းတတ်၏။ ပညာမရှိဘဲ ပညာရှိယောင် ဟန်ဆောင်တတ်၏။

မျက်လုံးသည် (မျက်စိနာခြင်းမဟုတ်ဘဲ )နီရဲသော အဆင်းရှိ လျှင် မင်းစိုးရာဇာ ဖြစ်တတ်၏။

မျက်လုံးသည် စူးရှတောက်ပပြီး မျက်ကြော သေနေလျှင် သမာဓိ (သို့မဟုတ်) လောကီ တန်ခိုးသိဒ္ဓိများ ရရှိတတ်၏။

(အိန္ဒိယပြည်ရှိ ဆာဒူးကြီး၏ မျက်လုံးမျိုး)



www.burmeseclassic.com

www.burmeseclassic.com



**အမျိုးသမီး မျက်လုံးလက္ခဏာ**

အမျိုးသမီးမျက်လုံးသည်

(၁) မျက်နှာဖြူဝင်းပြီး မျက်ဝန်းနက်လျှင် ပစ္စည်းဥစ္စာ ချမ်းသာတတ်၏။ ကတော်မယားဖြစ်တတ်၏။

(၂) မျက်လုံးသည် ပျားရည်ကဲ့သို့ အဆင်းရှိပြီး အရည်လဲ့ရွှန်းနေလျှင် ဣန္ဒြေကို ထိန်းသိမ်းတတ်၏။ စိတ်နှလုံးကောင်းတတ်၏။ စည်းစိမ်ချမ်းသာ ပြည့်စုံတတ်၏။

(၃) မျက်လုံးသည် နီမြန်းနေလျှင် လင်ယောကျ်ားဩဇာကို မခံ၊ အစဉ်ရန်ဖြစ်တတ်၏။

(၄) မျက်လုံးသည် ကြာညိုကဲ့သို့ စိမ်းစိုသောအရောင်အသွေးရှိလျှင် မိဘ၊ လင်ယောကျ်ားတို့အား ချမ်းသာသုခ တိုးပွားစေတတ်၏။

(၅) မျက်လုံးသည် ဂေါ်လီလုံးကဲ့သို့ လုံးဝန်းနေလျှင် လူအများ၏ ချစ်ခင်မြတ်နိုးခြင်းကို ခံရတတ်၏။ အနုပညာနှင့် ပတ်သက်ပြီး အောင်မြင်ကျော်ကြားတတ်၏။
(ရုပ်ရှင်မင်းသမီး အကယ်ဒမီမေဝင်းမောင် မျက်လုံးမျိုး)

(၆) မျက်လုံးစွေစောင်းနေလျှင် မာနကြီးတတ်၏။ အကောက်ကြံတတ်၏။ မာယာများတတ်၏။

(၇) မျက်လုံး အလွန်ပြူးလွန်းလျှင် အသက်တိုတတ်၏။

(၈) မျက်လုံးအရောင်အဆင်း မွဲလွန်းလျှင် ဆင်းရဲတတ်၏။

(၉) မျက်လုံးမှေးနေလျှင် ဆန့်ကျင်ဘက်လိင်အား တဏှာရမ္မက်နှင့် ပတ်သက်၍ ဆွဲဆောင်အား ကောင်းတတ်၏။ အနုပညာနှင့် ပတ်သက်၍ အောင်မြင်ကျော်ကြားတတ်၏။
(ကွယ်လွန်သူ ကမ္ဘာကျော် အလှပဂေး၊ ရုပ်ရှင်မင်းသမီးချော မယ်ရီလင်မွန်ရိုး မျက်လုံးမျိုး)



www.burmeseclassic.com

www.burmeseclassic.com



## သတိပြုရမည့် မျက်လုံးများ

မျက်လုံး အဖြူသားများသည်၊ မျက်နက်ဝန်းသေးသည်၊ ထိုမျက်လုံးပိုင်ရှင်သည် စိတ်မတည်ငြိမ်၊ ရိုးသားဟန် ရှိတတ်သည်၊ တစ်ဝက်သာ ရိုးသားသည်၊ ကျန်တစ်ဝက်မှာ ကောက်ကျစ်စဉ်းလဲ သူများဖြစ်တတ်၏၊ တုံထိုင်း မိုက်မဲသူများ ဖြစ်တတ်သည်၊

မျက်လုံး သူငယ်အိမ်ကျယ်သူများသည် အမြင်ရှင်းလင်းတတ် သည်၊ ပြောလျှင် နားရှင်းလွယ်တတ်သည်၊ ပြတ်သားစွာ သိမြင် တတ်သည်၊

မျက်လုံး အိမ်အတွင်း နက်နက်ရှိသော မျက်လုံးမှာ ရုတ် တရက် မမြင်မသိတတ်၊ သို့သော် သိမြင်ပြီဆိုလျှင် တိကျမှန်ကန်စွာ မြင်သိတတ်သည်၊ အပေါ်ယံအမြင်ဖြင့် မည်သည့်အခါမှ မကြည့်၊ စေ့စပ်သေချာစွာ လေ့လာကြည့်ရှုတတ်သည်၊

မျက်ပေါက် ကျဉ်းသူများမှာ စိတ်ထက်သန်မှု ရှိတတ်သည်၊ အတွေးအခေါ် ကြီးတတ်သည်၊ ဉာဏ်ကို လွှာပြီး သုံးတတ်သည်၊ လျှို့ဝှက်ပြီး ကြံစည်လုပ်ဆောင်တတ်သည်၊

အောက်မျက်ခမ်းမို့မို့ မျက်လုံးသည် ဖြူယောင်ယောင် ရှိ သည်ဟု ထင်မှတ်ရ၏၊ ထိုမျက်လုံးမျိုးသည် စာရေးဆရာ၊ ဂီတအနု ပညာရှင် ဖြစ်တတ်သည်၊

'မျက်လုံးစွေစောင်း၊ လက်မောင်းတိုရှည်၊ မပေါင်းအပ်' ဟူ၍ စကားစဉ်ရှိ၏၊ မျက်လုံးစွေစောင်းလျှင် အကြင်လင်မယား အဖြစ် သော်လည်းကောင်း၊ အပေါင်းအသင်းအဖြစ်သော်လည်းကောင်း မပေါင်းအပ်၊ ကောက်ကျစ် စဉ်းလဲ ယုတ်မာတတ်၏၊





www.burmeseclassic.com

www.burmeseclassic.com



ရေတ်လုံး

မြည်း၏ မျက်လုံးကဲ့သို့ ငယ်သော မျက်လုံးရှိမူ မှတ်ဉာဏ်နည်း၏။ ပါးရည် နပ်ရည် မရှိ။

မျက်ခွံတွဲ ရွဲ ကျဆင်းလျက် မျက်လုံး ထက်သန်အံ့။ အပျော်အပါး ကိလေသာ အားကြီးအံ့။ မစူးမစမ်း ပြုလုပ်တတ်အံ့။

မျက်လုံးအိမ်များအတွင်း၌ နက်စွာသော မျက်လုံးများသည် စိတ်သဘောထားကြီးအံ့၊ သံသယများအံ့။

ကြီးသော မျက်လုံးများသည် ဖျင်းရိအံ့။ မုသား ပြောတတ်အံ့။ ရက်စက်အံ့။ ဟူ၍ ဆရာကြီး ဝိမိုးနင်းက မသျှတ္တရတွင် ရေးသား ဖော်ပြထားသည်။

## ရှေးဟောင်း ပုရပိုက်အဆို

ရှေးဟောင်း ပုရပိုက် တစ်ဆူတွင် မျက်လုံး လက္ခဏာနှင့် ပတ်သက်၍ ရေးမှတ်ထားသည့် မူကွဲတစ်ခုမှာ

(၁) မျက်တွင်း ကျယ်ပြီး တောက်ပကြည်လင်ပိုင်းစက်နေလျှင် အရသာခံစားမှု တပ်မက်တတ်၏။ စိတ်တိုတတ်၏။ ဆန့်ကျင်ဘက်လိင်ကို စိတ်ဝင်စားမှု ကြီးမားတတ်၏။

(၂) မျက်ကွင်း အစုံအလယ်ဗဟိုတွင် မျက်လုံးအိမ်နက်သာမက အပေါ်နှင့်အောက်ခြားပြီး မျက်လုံးအကာအဖြူသားများ ပေါ်လွင်နေလျှင် စိတ်သောက ဗျာပါဒ များတတ်၏။ စိတ်ပူပန်တတ်၏။ အလုပ်တစ်ခုမှ တစ်ခုသို့ ပြောင်းလွဲမှု များတတ်၏။

(၃) မျက်လုံးအိမ်နှစ်ခု နီးကပ်စွာနေလျှင် အာရုံ စိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ထိုးထွင်းဉာဏ်သဘောရှိတတ်၏။ အလွန်နီးကပ်လွန်းနေလျှင် ကောက်ကျစ်စဉ်းလဲတတ်၏။

(၄) မျက်ခွံများ အောက်သို့ တွဲကျနေပြီး အလွန်ပါးသော မျက်ခမ်းများရှိလျှင် စိတ်နှမ်းကိုယ်နှမ်း ဖြစ်တတ်၏။ ကျန်းမာရေး ချို့တဲ့တတ်၏။

(၅) ဝိုင်းစက်သော မျက်လုံးအစုံရှိလျှင် ကြင်နာမှု၊ တည်ကြည်မှု၊ ရိုးသားမှု အပြည့်ရှိတတ်၏။ ပညာရှင် ပုဂ္ဂိုလ်ထူး အကျော်အမော် ဖြစ်တတ်၏။

(၆) မျက်လုံးအိမ် တစ်ခုနှင့်တစ်ခု ကွာခြားနေလျှင် ဖြောင့်မတ်ပြီး စကားပြော တိုတောင်းတတ်၏။

(၇) မျက်လုံးထောင့်အတွင်းသို့ မြားဦးသဏ္ဌာန် ထိုးထွက်နေသောထောင့်ချွန် မျက်လုံးအိမ်ရှိလျှင် စိတ်လေးလံ ထိုင်းမှိုင်းမှု ရှိတတ်၏။ အလွန်ချွန်နေလျှင် ယုတ္တိယုတ္တာ ခိုင်လုံစွာဖြင့် လိမ်လည်တတ်၏။

(၈) မျက်လုံးသဏ္ဌာန်သည် ရှည်လျားပြီး ဗန်ဒါသီးပုံသဏ္ဌာန်နှင့် တူနေလျှင် ဝမ်းတွင်းပါ ပင်ကိုယ်အားဖြင့် ပါရမီထူးခြားသည့် ပုဂ္ဂိုလ်ဖြစ်တတ်၏။ ထင်ရှားကျော်စောမှု ရှိတတ်၏ ဟူ၍ မှတ်သားရဖူးသည်။




www.burmeseclassic.com

www.burmeseclassic.com






နှာခေါင်းသည် မျက်နှာတွင် အရေးကြီးသည်။ နှာတံပေါ်လျှင် ပေါ်လွင်သည်။ နှာတံဖြောင့်လျှင် ဖြောင့်သည်။ နှာတံကောက်လျှင် ကောက်သည်ဟူသည့် သဘောမျှသာ သိရှိကြသည်။ နှာတံ၏ အဓိပ္ပါယ်မှာ ကျယ်ဝန်းလှသည်။

## နှာခေါင်းပုံသဏ္ဍာန်



လူတို့၏ နှာခေါင်းပုံသဏ္ဍာန်ကို ခွဲ၍ လေ့လာကြည့်လျှင်

(၁) ရှည်လျားပြီး ချွန်ထက်သော နှာခေါင်း

(၂) ဖြောင့်တန်း ညီညာသော နှာခေါင်း

(၃) လင်းယုန်နှုတ်သီးကဲ့သို့ ကောက်ကွေးသော နှာခေါင်း

(၄) ရှည်လျားပြီး ကျယ်ပြန့်ကြီးမားသော နှာခေါင်း။

(၅) တိုပြီး လန်နေသော နှာခေါင်း

တို့ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



(၁) ရှည်လျားပြီး ချွန်ထက်သော နှာခေါင်း

(၁) လျင်မြန် ဖျတ်လတ်တတ်၏။

(၂) ဉာဏ်ပညာ ထက်မြက်တတ်၏။

(၃) တရားဓမ္မစိတ် ရှိတတ်၏။

(၄) အကျင့်စာရိတ္တ အထူးပင် ကောင်းမွန်တတ်၏။

(၅) တက်ကြွစွာ ဆောင်ရွက်လုပ်ကိုင်တတ်၏။

(၆) သည်းခံစိတ် ရှိတတ်၏။

(၇) ကြီးကျယ်မြင့်မြတ်သော ရာထူး၊ ဂုဏ်ထူးများ ရရှိတတ်၏။

(၈) မိမိကိုယ်တိုင် ဦးစီးခေါင်းဆောင်၍ ပြုလုပ်တတ်၏။

(၉) ပြဿနာများနှင့် ရင်ဆိုင်တွေ့ကြုံလျှင် ရဲဝံ့မှန်ကန်စွာ စဉ်းစား ဆုံးဖြတ်တတ်၏။

(၁၀) စိတ်မရှည်ခြင်း၊ စိုးရိမ်စိတ် လွန်ကဲခြင်း စသော ချို့ယွင်းချက်များ ရှိတတ်၏။

(ဘဝရှင် မင်းတုန်းမင်း တရားကြီး၏ ညီတော်၊ ကနောင်မင်းသားကြီး၊ ယောအတွင်းဝန် ဦးဘိုးလှိုင်၊ ဂျာမန် ဂက်စတာ မိုလ်ချုပ်ဟင်မလာ၏ နှာခေါင်းမျိုး)

(၂) ဖြောင့်တန်းညီညာသော နှာခေါင်း

(၁) စကားပြောသောအခါ သာယာချိုအေးစွာ ပြောဆိုလေ့ရှိတတ်၏။

(၂) ခေတ်မီသော အတွေးအခေါ် အယူအဆတို့ကို လက်ခံလေ့ရှိတတ်၏။

(၃) အနုပညာများကို စိတ်ဝင်စားတတ်၏။

(၄) စာပေဝါသနာ ထုံတတ်၏။



www.burmeseclassic.com

www.burmeseclassic.com



(၅) သူတစ်ပါးကို ကူညီမှုများစွာ ပေးတတ်၏။
(၆) မိမိကိုယ်ကို ထိန်းသိမ်းနိုင်စွမ်း ရှိတတ်၏။
(၇) အခက်အခဲပြဿနာများ ကြုံတွေ့လျှင် စဉ်းစား ဆင်ခြင်တတ်၏။ ထို့နောက် စိတ်ရှည်စွာထားပြီး ဖြေရှင်းလေ့ရှိတတ်၏။

(ကင်းဝန်မင်းကြီး ဦးကောင်းမှာ ဖြောင့်တန်းညီညာသော နှာခေါင်းမျိုး)

(၃) လင်းယုန်ငှက်သီးကဲ့သို့ ကောက်ကွေ့သော နှာခေါင်း

(၁) အေးဆေးစွာ နေထိုင်တတ်၏။
(၂) လွတ်လပ်စွာ တွေးခေါ်တတ်၏။
(၃) ဉာဏ်ပညာ ထက်မြက်တတ်၏။
(၄) တက်ကြွစွာ လုပ်ကိုင်ဆောင်ရွက်တတ်၏။
(၅) ရာထူး ဂုဏ်ထူးများစွာ ရှိတတ်၏။
(၆) အကျင့်စာရိတ္တ အထူးပင် ကောင်းမွန်တတ်၏။
(၇) ယုံကြည်ချက် ပြင်းထန်တတ်၏။
(၈) စိုးရိမ်စိတ် လွန်ကဲ၍ အများအယွင်း အနည်းငယ်တွေ့ရတတ်၏။

(အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးဟောင်း ခရစ်ယာန်မိန္ဒန် နှာခေါင်းမျိုး)

(၄) ရှည်လျားပြီး ကျယ်ပြန့်ကြီးမားသော နှာခေါင်း

(၁) အလုပ်ကို ကြိုးစားပြီး လုပ်ကိုင်ဆောင်ရွက်တတ်၏။
(၂) ငွေရှာရာတွင် နောက်မဆုတ်တမ်း၊ လုံ့လ ဝီရိယ စိုက်ထုတ်ပြီး ရှာဖွေလေ့ ရှိတတ်၏။



www.burmeseclassic.com

www.burmeseclassic.com



(၃) လူကဲခတ်သော အတတ်ပညာတွင် အလွန်တော်တတ်၏။

(၄) စာရင်းအင်း နိုင်နင်းကတ်၏။

(၅) ပျော်ရွှင်မှုကို နှစ်သက်တတ်၏။

(၆) အလုပ်လုပ်ကိုင်ရာတွင် စနစ်တကျ စီမံကိန်း ရေးဆွဲပြီး လုပ်ဆောင်လေ့ ရှိတတ်၏။

(၇) ငွေရှာဖွေမှုကို ခံ့မင်မြတ်နိုးတတ်၏။ သို့သော် ပေးကမ်းစွန့်ကြဲမှုတွင်လည်း ရက်ရောတတ်၏။

**(၅) တိုပြီး လန်နေသော နှာခေါင်း**

(၁) အပြောအဆို ပါးနပ်လိမ္မာတတ်၏။

(၂) လူချစ်လူချင် များပြားတတ်၏။

(၃) မနားမနေ လုပ်ကိုင်ဆောင်ရွက်တတ်၏။

(၄) ထိုပုဂ္ဂိုလ်မျိုးတွင် စိတ်ဓာတ်အမှန်ကို ခန့်မှန်းရန် ခက်ခဲတတ်၏။

## နှာခေါင်းကြီးသူနှင့် နှာခေါင်းသေးသူ

အမျိုးသား အမျိုးသမီးတို့တွင် နှာခေါင်းကြီးသူနှင့် နှာခေါင်းသေးသူဟူ၍ လူနှစ်မျိုးကို တွေ့ရှိရတတ်သည်။

နှာခေါင်းကြီးသူသည်. . .

(၁) လေးနက်စွာ တွေးခေါ် မြော်မြင်တတ်၏။

(၂) မိမိ၏ ယုံကြည်ချက်ကို ခိုင်မြဲစွာ ဆွဲကိုင်ထားတတ်၏။

(၃) နှာခေါင်းသေးသူထက် ကောင်းသောအလုပ်ကို ဖြစ်စေ၊ မကောင်းသောအလုပ်ကို ဖြစ်စေ၊ ထိရောက်အောင်မြင်



www.burmeseclassic.com

www.burmeseclassic.com


စွာ လုပ်ကိုင်ဆောင်ရွက်တတ်၏။

(၄) ကမ္ဘာကျော်ပုဂ္ဂိုလ်ကြီးများ၊ တိုင်းပြည်တွင် ထင်ရှားကျော်ကြားသော ပုဂ္ဂိုလ်ကြီးများ၊ သိပ္ပံပညာရှင်ကြီးများသည် နှာခေါင်းကြီးသူများ ဖြစ်တတ်၏။

နှာခေါင်းသေးနေလျှင်. . .

(၁) မိမိ၏ အရည်အသွေးကို အကောင်အထည်ဖော်နိုင်စွမ်းမရှိ၊ လုပ်ဆောင်နိုင်စွမ်းလည်း မရှိ၊ နောက်လိုက်ငယ်သားမျှသာ ဖြစ်တတ်၏။

(ကွယ်လွန်သူ တရုတ်ဖြူသမ္မတကြီး ချန်ကေရှိတ်နှာခေါင်းမျိုး)

## နှာခေါင်းပေါက်ကျယ်သူနှင့် နှာခေါင်းပေါက်ကျဉ်းသူ

လူတွင် နှာခေါင်းပေါက် အမျိုးမျိုးရှိသည်။

နှာခေါင်းပေါက်ကျယ်လျှင်. . .

(၁) သတ္တိရှိတတ်၏။

(၂) နှာခေါင်းပေါက်ကျဉ်းလျှင် ကြောက်စိတ် ရှိတတ်၏။

နှာခေါင်းပေါက်ကျဉ်းပြီး ရှည်လျားလျားဖြစ်နေလျှင်. . .

(၁) လှုပ်ရှားဖျတ်လတ်တတ်၏။

(၂) ကာယအင်အားရှိတတ်၏။

## နှာယောင်ပါးလျားသူနှင့် နှာယောင်ထုကောင်းသူ

နှာယောင်ပါးလျားလျှင်. . .

(၁) အသုံးအစွဲ ကြီးတတ်၏။

(၂) ငွေကြေး ကုန်ခန်းတတ်၏။


www.burmeseclassic.com

www.burmeseclassic.com



နှာယောင်ထုကောင်းပြီး ခပ်ပြားပြားရှိလျှင်. . .

(၁) ငွေကြေးစုဆောင်းသိမ်းဆည်းတတ်၏။

(၂) မည်သည့်ပစ္စည်းကိုမဆို စုဆောင်းထားတတ်၏။

**ဝက်နှာခေါင်း**

နှာသီးဖျားအထက်သို့လန်ပြီး နှာပေါက်လန်နေသော နှာခေါင်းမျိုး ဖြစ်သည်။

အပြုအမူ၊ အနေအထိုင်၊ ရိုင်းစိုင်းကာတတ်၏။ လူကြမ်းစိတ်ကြမ်းတတ်၏။ အလုပ်တစ်ခုကို လျှို့ဝှက်စွာ လုပ်ကိုင်ဆောင်ရွက်တတ်၏။ လူရမ်းကားများအပေါ်တွင် ဩဇာပေးနိုင်စွမ်းရှိတတ်၏။ စိတ်ဆန္ဒစောတတ်၏။ ဖွတ်တရွတ် လုပ်ကိုင်ဆောင်ရွက်တတ်၏။

**သဘင်သည်နှာခေါင်း**

နှာခေါင်းပေါက်များ ခပ်ရှည်ရှည်ဖြစ်၏။ အပေါ်သို့ ရှုန်း၍ မနေ၊ ပါးပြင်ပေါ်သို့ ခပ်တွဲတွဲရှိနေတတ်၏။

သုခုမသဘင်ဉာဏ် ကောင်းတတ်၏။ အရာရာကို တုပ၍ လုပ်ဆောင်နိုင်စွမ်း ရှိတတ်၏။ နှာပေါက်တို့ ရှည်ပြီး ခပ်လျှောလျှော ရှိနေလျှင် အသောဘက်တွင် ကျွမ်းကျင်တတ်၏။ ဟာသနှောပြီး လုပ်ကိုင်ဆောင်ရွက်တတ်၏။

**တီထွင် ဉာဏ်ရှိသော နှာခေါင်း**

နှာရိုးမှာ နှာခေါင်းပေါက်နှစ်ခု၏ အောက်သို့ ဆင်းလာ၏။

တစ်စုံတစ်ခုကို ဆန်းသစ်တီထွင်၍ ပြုလုပ်တတ်၏။ မေးနှင့်၊ မြန်းချင်၊ စပ်စုချင်သော ဉာဉ်ရှိတတ်၏။ သုတေသနပြုသူများတွင် ထိုနှာခေါင်းမျိုး ရှိတတ်၏။



www.burmeseclassic.com

www.burmeseclassic.com



**သံသယ နှာခေါင်း**

အလွန်ချွန်သော နှာခေါင်းမျိုးဖြစ်၏။

ချုပ်တည်းတတ်၏။ သတိတရား ရှိတတ်၏။ လျှို့ဝှက်စွာ လုပ်ဆောင်တတ်၏။ စပ်စုချင်တတ်၏။ မေးမြန်းချင်တတ်၏။ စပ်စု မေးမြန်းခြင်းမှာ သံသယ ပါရှိလာတတ်၏။ သက်ဝမကင်းသော စိတ်ဖြင့် စစ်စစ်ပေါက်ပေါက် မေးမြန်းလေ့ရှိတတ်၏။ လွန်စွာ ကြောက်စရာကောင်းသော လူစားမျိုး ဖြစ်တတ်၏။

## အမျိုးသားနှာခေါင်း လက္ခဏာ

အမျိုးသားတစ်ယောက်၏ နှာခေါင်းသည်. . .

(က)မြင့်မောက်ခြင်း။

(ခ) ဖြောင့်တန်းခြင်း။

(ဂ) နှာခေါင်းပေါက်ကျဉ်းခြင်း။

(ဃ)အရွယ်အားဖြင့် လက်လေးသစ်ခန့်သာရှိခြင်း။

တို့ဖြစ်နေလျှင် ချမ်းသာပြီး အသက်ရှည်တတ်သည်ဟု ရှေး ကျမ်းများတွင် ပြဆို၏။

နှာခေါင်းသည်. . .

(၁) ကောက်ကွေးခြင်းရှိလျှင် ဆိုးသွမ်းတတ်၏။

(၂) ပိပြားလွန်းလျှင် အသေဆိုးဖြင့် သေဆုံးရတတ်၏။

(၃) နှာခေါင်း အလယ်တွင် နိမ့်ကျပြီး ကျိုးနေလျှင် ဆင်းရဲ တတ်၏။

(၄) အလွန်ကြီးပြီး ပွနေလျှင် တဏှာရမ္မက်အားကြီးတတ် ၏။

(၅) ပြတ်ခြင်း(သို့မဟုတ်)တွဲခြင်းတို့ ရှိနေလျှင် သူတစ်ပါး အိမ်ရာကို စော်ကားတတ်၏။



www.burmeseclassic.com

www.burmeseclassic.com



(၆) လယ်ယာဘက်သို့ တိမ်းညွတ်ကောက်ကွေးလျှင် မြင်မြ ရာကို မဆင်မခြင် စားသောက်တတ်၏။

## အမျိုးသမီးနှာခေါင်း လက္ခဏာ

အမျိုးသမီးနှာခေါင်းသည်. . .

(၁) သေးငယ်ပြီး ပိန်နေလျှင် ရန်အောင်မြင်တတ်၏၊

(၂) ပိပြားလွန်းနေလျှင် အောင်သွယ်လုပ်စားတတ်၏၊

(၃) ပွပြီး ကြီးကားလွန်းနေလျှင် ကာမရာဂစိတ် လွန်ကဲတ ၏။

(၄) အနိမ့်အမြင့်မတူလျှင် အကုသိုလ်အလုပ်မှုဖြင့် အသ မွေးတတ်၏။

(၅) လုံးဝန်းပြီး နှာခေါင်းအပေါက် သေးငယ်လျှင် အလွန် ကောင်းတတ်၏။

## မနှာခေါင်း

နှာခေါင်းလုံးရှည်အံ့၊ မျက်နှာလှအံ့၊ လိမ္မာ၍ဖြူစင်အံ့၊ နှာခေါင်းအနား၌ အမွေးပေါက်အံ့၊ ရိုးသားမည်။

နှာခေါင်းကြီး၍ အချိုးအစား ကျသူသည် လူ့ရှင် လူ ဖြစ်လိမ့်မည်။

အဖျား၌လုံး၍ အစက်အပြောက်ကလေးများရှိသော ခေါင်းသည် မော်ကြွား၍ ယုံကြည်တတ်သူဖြစ်အံ့၊ ဝင့်ဝါတ ဖြစ်အံ့။

မိန်းမဖြစ်အံ့၊ ကိလေသာအားကြီး၍ ကြောက်စရာ မည်။

နှာခေါင်းကြီး၍ စိုက်ဆင်းအံ့၊ လောဘကြီး



www.burmeseclassic.com

www.burmeseclassic.com



သို့သော် အခြားသူများ၏ အလုပ်အကိုင်များကို မနာလိုဖြစ်လိမ့်မည်။

နှာခေါင်းမြင့်သောသူသည် ကိလေသာ အားကြီး၍ မုသား ပြောတတ်အံ့ ဟူ၍ ဆရာကြီး ဗိုမိုးနင်းက မသျှတ္တရတွင် ရေးသား ဖော်ပြထား၏။

**နှာခေါင်းလက္ခဏာ**

နှာချွန်မူ မိတ်ဆွေများတတ်၏။ နှာတိုမူ ဥစ္စာပါးတတ်၏။ နှာပွမူ ကြမ်းကြုတ်တတ်၏။ နှာပိန်မူ ယုတ်တတ်၏။ နှာဖြူမူ ပညာ ကြီးတတ်၏။ (သုတသန္နိစယမူကျယ်ကျမ်းအဆို)

**ဂန္ဓာလရာဇ် ကျမ်းအဆို**

ရှေး ဂန္ဓာလရာဇ် တရုတ်ဉပမိရုပ်ကျမ်းတွင် နှာခေါင်းနှင့်ပတ် သက်၍ နိမိတ်ဟောပြထားပုံမှာ (ပုံစံ နံပါတ် (၂))

**အမှတ်စဉ် (၁)။** ။ နေရာတွင် ဖော်ပြထားသောအရေး အကြောင်းရှိလျှင် အချုပ်အနှောင်ခံရခြင်းကို ဖော်ပြထားသည်။

**အမှတ်စဉ် (၂)။** ။ နေရာတွင် ဖော်ပြထားသောအရေး အကြောင်းရှိလျှင် ရုတ်တရက်သေဆုံးရတတ်သည်။ အပြင်းအထန် ဒဏ်ရာရပြီး သေဆုံးရတတ်သည်။ မတော်တဆထိခိုက် ဒဏ်ရာရပြီး သေဆုံးရတတ်သည် စသည်တို့ဖြစ်နိုင်ကြောင်းကို ဖော်ပြထားသည်။

❊ ❊ ❊ ❊ ❊



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com





နား

နားကားလျှင် ဥာဏ်ကောင်းသည်ဟု ဆို၏။ နားရှိသော ကြားရသည်။ နားသည် အရေးပါသော လူ့ခန္ဓာကိုယ်အစိတ်အပိုင်း တစ်ခုဖြစ်သည်။

## နားရွက်အမျိုးမျိုး

(၁) ကြီးသော နားရွက်။
(၂) သင့်တင့်သော နားရွက်။
(၃) ငယ်သော နားရွက်။
(၄) ဦးခေါင်းတွင် ကပ်နေသော နားရွက်။
(၅) ထောင်ပြီး ကားနေသော နားရွက်။
(၆) ထိပ်ဖျားချွန်သော နားရွက်
တို့ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



(၁) ကြီးသောနားရွက်

(၁) ဉာဏ်ပညာ ထက်မြက်တတ်၏။

(၂) ရှေ့ဆောင်ရှေ့ရွက် ပြုလုပ်တတ်၏။

(၃) အရာရာကို ဦးဆောင်မှု ပေးတတ်၏။

(၂) သင့်တင့်သောနားရွက်

(၁) ပွင့်လင်းသော စိတ်ဓာတ်မျိုး ရှိတတ်၏။

(၂) တရားမျှတမှုကို ကြိုက်နှစ်သက်တတ်၏။

(၃) မှန်ကန်စွာ လုပ်ကိုင်ဆောင်ရွက်တတ်၏။

(၃) သေးသောနားရွက်

(၁) စကားအလွန်များတတ်၏။

(၂) အလွန်ဝီရိယ ရှိတတ်၏။

(၄) ဦးခေါင်းတွင် ကပ်နေသောနားရွက်

(၁) အလွန်ဆိုးသွမ်းမိုက်မဲတတ်၏။

(၂) မကောင်းမှုများကို လူအများရှေ့တွင် လည်းကောင်း၊ လူကွယ်ရာတွင်လည်းကောင်း ပြုမူလုပ်ကိုင်တတ်၏။

(၅) ထောင်ပြီး ကားနေသော နားရွက်

(၁) ဉာဏ်ကောင်းတတ်၏။

(၂) လျင်မြန်ဖျတ်လတ်တတ်၏။

(၃) စမ်းသပ်တည်ထွင်မှုကို နှစ်ကြိုက်တတ်၏။

(၄) ဆန်းသစ်သော အတွေးအခေါ်ကို ကြိုက်နှစ်သက်တတ်၏။



www.burmeseclassic.com

www.burmeseclassic.com



(၆) ထိပ်ဖျားချွန်သော နားရွက်

(၁) ပျော်ရွှင်မှုကို လွန်စွာ ကြိုက်နှစ်သက်တတ်၏။
(၂) စကားကို ဖောင်ဖွဲ့၍ ပြောဆိုနေတတ်၏။
(၃) ပါးနပ်လိမ္မာပြီး အကင်းပါးသူများဖြစ်တတ်၏။

## အမျိုးသားနားရွက်လက္ခဏာ

အမျိုးသား၏ 'ကောင်း'သော နားလက္ခဏာများမှာ. . .
(က)နားကောက်ခြင်း။
(ခ) နားမွေးပေါက်ခြင်း။
(ဂ) နားရှည်လျားခြင်း။
တို့ဖြစ်လျှင် အသက်ရှည်တတ်၏။
(က)နားကြီးပြီး ပြန့်ခြင်း။
(ခ) သေးငယ်သော နားရွက်ပေါက်ရှိခြင်း။
(ဂ) ပြေပြစ် နူးညံ့ခြင်း။
တို့ရှိလျှင် ပစ္စည်းဥစ္စာကြွယ်ဝချမ်းသာတတ်၏။



နားရွက်အလွန်ချွန်လျှင် ပညာကြီးမားတတ်၏။ ဘုန်းတန်ခိုး အရှိန်အဝါ ကြီးမားတတ်၏။

နားရွက်ခရုသင်း (သို့မဟုတ်)ယောက်သွားနှင့် တူလျှင်၊ စစ်ဘုရင်၊ စစ်သေနာပတိ ဖြစ်တတ်၏။

'မကောင်း' သော နားလက္ခဏာများမှာ. . .
(က)သေးငယ်ပြီး အကြောများထင်ရှားစွာရှိနေခြင်း။
(ခ) ကောက်ခြင်း၊ ရွဲ့ခြင်း၊ စောင်းခြင်း တို့ရှိနေခြင်း။
(ဂ) နားရွက်တစ်ဖက်နှင့် တစ်ဖက်အရွယ်အစားခြင်မတူ၊ တစ်ဖက်က ကြီးပြီး တစ်ဖက်က သေးနေတတ်ခြင်း။

www.burmeseclassic.com

www.burmeseclassic.com



(ဃ)အသားနှင့်ကပ်ပြီး တည်ရှိနေခြင်း။
(င) ကြမ်းတမ်းခြင်း။
(စ) နားထူခြင်း။

တို့ဖြစ်နေလျှင် အနာအဖျားများတတ်၏။ ကြမ်းကြုတ်ရက်စက်တတ်၏။ ဆင်းရဲဒုက္ခရောက်တတ်၏။ ပူပင်သောကများတတ်၏။ အသေဆိုးဖြင့် ဘဝဆုံးပါးတတ်၏။

## အမျိုးသမီးနားရွက် လက္ခဏာ

အမျိုးသမီး၏ 'ကောင်း' သော နားရွက်လက္ခဏာများမှာ. .
(က)နားရွက်နှစ်ဖက် ရှည်လျားခြင်း။
(ခ) အထက်နှင့်အောက် အဖျားတို့ ဝန်းဝိုင်းခြင်း။
(ဂ) နားရွက်နှစ်ဖက်စလုံး ကား၍နေခြင်း။
(ဃ)နားရွက်မှာ သာမန်ထက် အနည်းငယ်ကြီးသယောင်ယောင် ထင်ရခြင်း။

တို့ရှိလျှင် အကျင့်သိက္ခာ ရှိတတ်၏။ ဥစ္စာဓနနှင့် ပြည့်စုံတတ်၏။ ထက်မြက်သော အသိပညာ ရှိတတ်၏။ အသက်ရှည်တတ်၏။

'မကောင်း'သော နားရွက်လက္ခဏာများမှာ. . .
(က)နားရွက်ကျယ်ပြန့်မှုကင်းခြင်း။
(ခ) နားရွက်တိုခြင်း။
(ဂ) အကြောများ ပေါ်လွင်နေခြင်း။
(ဃ) ရွဲ့စောင်းနေခြင်း။
(င) တစ်ဖက်နှင့်တစ်ဖက် အကြီးအသေးအရွယ် မတူညီခြင်း။

တို့ရှိလျှင် ဆင်းရဲတတ်၏။ ကာမဆန္ဒအားကြီးတတ်၏။



www.burmeseclassic.com

www.burmeseclassic.com



အသက်တိုတတ်၏။ စဉ်းစားဆင်ခြင်ဉာဏ်နည်းပါးတတ်၏။ စိတ်ထားယုတ်ညံ့တတ်၏။ တစ်ပါးသူအပေါ် မနာလို ဝန်တိုစိတ်ထားတတ်၏။

## နားရွက်လက္ခဏာများ

နားရွက်ကြီးမူ ဖြူစူတတ်၏။ ငယ်မူငြိုငြင်တတ်၏။ ဝန်းမူ ပညာရှိတတ်၏။ ချွန်းမူ မင်းဖြစ်တတ်၏။ ရှည်မူ ပညာကြီးတတ်၏။ နားတွင်းကျယ်မူ ကျော်စောတတ်၏။ နားမွေးများမူ လူအများချစ်တတ်၏။ (သုတသန္နိစယမူကျယ်ကျမ်း အဆို)



www.burmeseclassic.com

www.burmeseclassic.com




လာဘ်မိုးရွာစေသော

www.burmeseclassic.com

www.burmeseclassic.com





## နှုတ်ခမ်း

လူတွင် နှုတ်ခမ်းသည် အရေးကြီး၏။

နှုတ်ခမ်းလှသည် အလှတရား၏ အင်္ဂါတစ်ရပ်ဖြစ်၏။

နှုတ်ခမ်းထူနေလျှင် တော်သေးသည်။ တချို့နှုတ်ခမ်း ထူအမ်းအမ်းဖြစ်နေခြင်းကပင် ဆန့်ကျင်ဘက်လိင်ကို ဆွဲဆောင်သော ညို့ဓာတ်ဖြစ်နေတတ်သည်။

နှုတ်ခမ်းနီနေလျှင် သို့မဟုတ် ပန်းနုရောင်သန်းနေလျှင် လူအများက နှစ်သက်ကြသည်။

နှုတ်ခမ်းမည်းနေလျှင် လူအများက မနှစ်သက်ကြပါ။ တစ်ဦးနှင့် တစ်ဦး ရန်တွေ့သောအခါ နှုတ်ခမ်းကို အားကိုးကြပြီး 'နှုတ်သီးကောင်း' ဟူ၍ ခေါ်ဆိုကြသည်။

### နှုတ်ခမ်းအမျိုးမျိုး

(၁) ချွန်ပြီး စူနေသော နှုတ်ခမ်း

(၂) ချိုင့်ပြီး နိမ့်ဝင်နေသော နှုတ်ခမ်း



www.burmeseclassic.com

www.burmeseclassic.com



(၃) ညိုညာသော နှုတ်ခမ်း
(၄) အပေါ်အောက် ထူသော နှုတ်ခမ်း
(၅) အထူအပါးညီမျှသော နှုတ်ခမ်း
(၆) အပေါ်အောက်ပါးသောနှုတ်ခမ်း
(၇) အပေါ်ဘက်တွင် တိုသောနှုတ်ခမ်း
(၈) အပေါ်ဘက်တွင် ရှည်သောနှုတ်ခမ်း
(၉) အောက်ဘက်တွင် တိုသောနှုတ်ခမ်း
(၁၀) အောက်ဘက်တွင် ရှည်သော နှုတ်ခမ်း

တို့ဖြစ်သည်။

**(၁) ချွန်ပြီး စူနေသော နှုတ်ခမ်း။**

(၁) ဖွဲ့ရှိတတ်၏။
(၂) ကြင်နာသနားတတ်၏။
(၃) သည်းခံတတ်၏။
(၄) မကြာခဏ ရန်ဖြစ်တတ်၏။
(၅) စကားများစွာ ပြောဆိုတတ်၏။
(၆) လုပ်ကိုင်ရာတွင် ဖျတ်လတ်တတ်၏။
(၇) သေချာစွာ လုပ်ကိုင်ဆောင်ရွက်တတ်၏။
(၈) ဝမ်းနည်းကြေကွဲဖွယ်ရာများနှင့် အမြဲကြုံတွေ့ရတတ်၏။

**(၂) ချိုင့်ပြီး နိမ့်ဝင်နေသော နှုတ်ခမ်း။**



(၁) အေးဆေးစွာနေတတ်၏။
(၂) အကြံဉာဏ် ထုတ်နေတတ်၏။
(၃) ဉာဏ်ကောင်းတတ်၏။
(၄) အမြင်ကျယ်တတ်၏။



www.burmeseclassic.com

www.burmeseclassic.com



(၅) တစ်ဦးတည်းနေထိုင်တတ်၏။
(၆) မိမိကိုယ်မိမိ ထိန်းသိမ်းနိုင်စွမ်းရှိတတ်၏။

**(၃) ညီညာသော နှုတ်ခမ်း**

(၁) ကိုယ်ချင်းစာနာစိတ် ရှိတတ်၏။
(၂) တရားမျှတစွာ လုပ်ကိုင်ဆောင်ရွက်တတ်၏။
(၃) ကိစ္စအရပ်ရပ်ကို ကြောင်းကျိုးရှာပြီး ဖြေရှင်းမှုရတတ်၏။

**(၄) အပေါ်အောက်ထူသော နှုတ်ခမ်း**

(၁) လောဘကြီးတတ်၏။
(၂) မှတ်ဉာဏ်နည်းပါးတတ်၏။
(၃) မိမိကိုယ်မိမိ ထိန်းသိမ်းမှုနည်းပါးတတ်၏။
(၄) စီးပွားရေးလုပ်ငန်းကို အနည်းအကျဉ်းသာ လုပ်ကိုင်တတ်၏။
(၅) လူအများနှင့် ဆက်ဆံရေး ညံ့တတ်၏။

**(၅) အထူအပါးညီမျှသော နှုတ်ခမ်း**

(၁) ပေါင်းသင်းဆက်ဆံရေးကောင်းမွန်တတ်၏။
(၂) မိတ်ဆွေကောင်းများ ရှိတတ်၏။
(၃) လောဘစိတ် နည်းပါးတတ်၏။
(၄) ကိုယ်ချင်းစာနာစိတ် ရှိတတ်၏။
(၅) သာယာချိုသာစွာ ပြောဆိုဆက်ဆံတတ်၏။





www.burmeseclassic.com

www.burmeseclassic.com



**(၆) အပေါ်အောက်ပါးသော နှုတ်ခမ်း**

(၁) ပြတ်သားတိကျစွာ လုပ်ကိုင်တတ်၏။
(၂) ခေါင်းအေးအေးထားပြီး လုပ်ကိုင်တတ်၏။
(၃) အောက်ကျခံချင်သော စိတ်ဓာတ် မရှိ အလုပ်ကို အပင်ပန်းခံပြီး လုပ်ကိုင်တတ်၏။
(၄) လူအများကို ခေါင်းဆောင်တတ်၏။
(၅) ငွေကြေးကို တန်ဖိုးထားတတ်၏။
(၆) အပြောထက် အလုပ်ကို တန်ဖိုးထားတတ်၏။

**(၇) အပေါ်ဘက်တွင် တိုသောနှုတ်ခမ်း**

(၁) လောဘကြီးတတ်၏။
(၂) မိတ်ဆွေပေါ်များတတ်၏။
(၃) ပေါင်းသင်းဆက်ဆံမှု ပြေပြစ်တတ်၏။
(၄) အလုပ်ကို ကြိုးစား၍လုပ်ကိုင်တတ်၏။

**(၈) အပေါ်ဘက်တွင် ရှည်သောနှုတ်ခမ်း**

(၁) ကိုယ်ကျိုးကိုသာ ကြည့်ရှုတတ်၏။
(၂) အလုပ်ကို တန်ဖိုးထားတတ်၏။
(၃) ပြောဆိုလျှင် ခေါင်းမာတတ်၏။

**(၉) အောက်ဘက်တွင် တိုသောနှုတ်ခမ်း**

(၁) စိတ်ဓာတ်ပျော့ညံ့တတ်၏။
(၂) ကျန်းမာရေး ညံ့ဖျင်းတတ်၏။
(၃) အလုပ်ကို လုပ်ကိုင်ရာတွင် အောင်မြင်မှုနည်းပါးတတ်၏။



www.burmeseclassic.com

www.burmeseclassic.com


(၁၀) အောက်ဘက်တွင် ရှည်သော နှုတ်ခမ်း

(၁) ပြတ်သားစွာ လုပ်ကိုင်တတ်၏။

(၂) သစ္စာရှိတတ်၏။

(၃) ကြင်နာသနားတတ်၏။

(၄) ပေါင်းသင်းဆက်ဆံရေး ကောင်းမွန်တတ်၏။

(၅) အလုပ်ကို ဝီရိယစိုက်ပြီး လုပ်ကိုင်တတ်၏။

(၆) ကူညီနိုင်သော မိတ်ဆွေများရှိတတ်၏။

## နှုတ်ခမ်းဟာသူနှင့် နှုတ်ခမ်းစေ့သူ

လူတစ်ယောက်သည် အစဉ်သဖြင့် နှုတ်ခမ်းဟာ၍နေလျှင် အချစ်ရေးတွင် ရည်းစားများတတ်၏။ အလုပ်တစ်ခု မပြီးခင် နောက်တစ်ခုကို ပြောင်းလွဲလုပ်ကိုင်တတ်၏။

နှုတ်ခမ်းစေ့နေလျှင် အလေးအနက် တွေးတော စဉ်းစားတတ်၏။

## အချိုးမကျသော နှုတ်ခမ်း

အပေါ်နှုတ်ခမ်းနှင့် အောက်နှုတ်ခမ်းတို့ အချိုးမကျ၊ မညီမျှမှုကို ဆိုလိုသည်။ အောက်ဘက် နှုတ်ခမ်းရှေ့သို့ ငေါထွက်နေလျှင် မိုက်မဲတတ်၏။ ကျိုးကြောင်းဆင်ခြင်ဉာဏ် နည်းပါးတတ်၏။

## ယဉ်ကျေးသော နှုတ်ခမ်း

နှုတ်ခမ်းနှစ်ခုစလုံး ထူသယောင်ရှိနေတတ်၏။ ထိုနှုတ်ခမ်းမျိုးမှာ ကိုယ်အမူအရာ၊ မျက်နှာအမူအရာ ယဉ်ကျေးသိမ်မွေ့တတ်၏။ ကာမဂုဏ် အာရုံကို လိုက်စားတတ်၏။


www.burmeseclassic.com

www.burmeseclassic.com



## အာရုံလိုက်စားသော နှုတ်ခမ်း

အာရုံလိုက်စားသော နှုတ်ခမ်းသည် မည်းသော၊ ဖြူသော အရောင်များအတွင်းပိုင်း၌ ပေါ်လွင်နေတတ်၏။

ထို နှုတ်ခမ်းမျိုးသည် ဆန့်လွန်းကဲတတ်၏။ ချပ်တီးမှု နည်းပါးတတ်၏။ အာရုံဟူသမျှ ကြိုက်နှစ်သက်တတ်၏။

## အမျိုးသားနှုတ်ခမ်း လက္ခဏာ

'ကောင်း'သော နှုတ်ခမ်းများမှာ. . .

(က)မကြီးလွန်း မငယ်လွန်းခြင်း၊

(ခ) မထူလွန်း မပါးလွန်းခြင်း၊

(ဂ) အလယ်အလတ်သဘောရှိခြင်း။

တို့ ရှိလျှင် လူတော် လူကောင်းတစ်ယောက်ဟု မှတ်ယူသင့်၏။ အနီရောင်အဆင်းရှိလျှင် ပစ္စည်းဥစ္စာပေါကြွယ်ဝတတ်၏။

ညိုသော အရောင်အဆင်းရှိလျှင် ပညာကြီးမားတတ်၏။

'မကောင်း'သော နှုတ်ခမ်းများမှာ. . .

(က)နှုတ်ခမ်းအလွန်သေးငယ်ခြင်း။

(ခ) ခြောက်သွေ့ကွဲအက်ခြင်း။

(ဂ) အလွန်ကြီးမားခြင်း

တို့ ရှိလျှင် ဆင်းရဲတတ်၏။ နှုတ်ခမ်းမည်းလျှင် ယုတ်မာတတ်၏။

## အမျိုးသမီးနှုတ်ခမ်း လက္ခဏာ

အမျိုးသမီး၏ အထက်နှုတ်ခမ်းသည်. . .

(က)အလယ်တည့်တည့်တွင် အရေးအကြောင်းတို့ အနည်း



www.burmeseclassic.com

www.burmeseclassic.com



ငယ် မြင့်မောက်လျက်(နှုတ်ခမ်းထော်ခြင်းမျိုး မဟုတ်လျှင်) ပစ္စည်း ဥစ္စာပေါများတတ်၏။

(ခ) အထက်နှုတ်ခမ်း ထော်၍နေပြီး မညီမညာဖြစ်နေခြင်း။ နှုတ်ခမ်းတိုနေခြင်းတို့ ဖြစ်နေလျှင် ပစ္စည်းဥစ္စာများ ဆုံးပါးပျက်စီးတတ်၏။

အောက်နှုတ်ခမ်းတို့သည်

(က)နှင်းဆီပန်းကဲ့သို့ နီမြန်းခြင်း။

(ခ) ပြေပြစ် ဝန်းဝိုင်းခြင်း။

(ဂ) အလယ်တည့်တည့်တွင် အရေးအကြောင်းတို့ရှိနေခြင်း။

(ဃ)မထူမပါးလွန်းခြင်း။

တို့ ပါရှိလျှင် ချမ်းသာတတ်၏။ ကတော်၊ မယားဖြစ်တတ်၏။ အထက်တန်းလွှာမှ ပုဂ္ဂိုလ်များ၏ ချစ်မြတ်နိုးခြင်းကို ခံရသော ဂုဏ်သရေရှိ အမျိုးသမီး ဖြစ်တတ်၏။

အကယ်၍ အမျိုးသမီး၏ 'အောက်နှုတ်ခမ်းလွှာ'သည်. . .

(က)ပါးလွန်းနေခြင်း။

(ခ) တွဲလွန်းနေခြင်း။

(ဂ) အထက်နှုတ်ခမ်းနှင့် မထိခြင်း။

(ဃ)ခြောက်သွေ့ခြင်း။

တို့ရှိလျှင် ကုန်းချောတတ်၏။

အမျိုးသမီး အထက်နှုတ်ခမ်း၊ အောက်နှုတ်ခမ်းများနှင့် ပတ်သက်၍ နှုတ်ခမ်းထူလျှင် ယောနိနှုတ်ခမ်းလည်း ထူသည်။ နှုတ်ခမ်းမောက်လျှင် ယောနိ နှုတ်ခမ်းသားများလည်း မောက်သည်။ နှုတ်ခမ်းကျယ်လျှင် ယောနိပေါက်လည်း ကျယ်သည်ဟု အချို့ ရှေးကျမ်းများတွင် ပြဆိုထား၏။



www.burmeseclassic.com

www.burmeseclassic.com



## နှုတ်ခမ်းလက္ခဏာ

နှုတ်ခမ်းငယ်မူ ပျော်ရွှင်တတ်၏။ နှုတ်ခမ်းကြီးမူ၊ ထူမူ ဆင်းရဲတတ်၏။ နှုတ်ခမ်းနီမူ ဘုန်းရှိတတ်၏။ နှုတ်ခမ်းဖြူမူ အများပူဇော်တတ်၏။ မည်းမူ ရှုပ်ပွေတတ်၏။ နှုတ်ခမ်းပါးမူ စကားကောင်းတတ်၏။ (သုတသန္တိစယမူကျယ်ကျမ်းအဆို)

နှုတ်ခမ်းတစ်ခုက တစ်ခုထက် ထူသောသူ အသိဉာဏ် နည်းအံ့၊ လွယ်ကူစွာ နားမလည်သူဖြစ်အံ့၊ ရူးမိုက်အံ့။

နှုတ်ခမ်းပါး၍ နူးညံ့အံ့၊ သေးငယ်အံ့၊ စကားသွက်၏။ စကားများ၏၊ အသိအလိမ္မာရှိ၏။ တတ်သိနားလည်၏။ နှုတ်ခမ်းနီမြန်း၍ အနည်းငယ် ထူယောင်ယောင်ရှိအံ့။ သစ္စာရှိအံ့။ ကိုယ်ကျင့်တရားကောင်းအံ့။

နှုတ်ခမ်းထူသူသည် လွန်စွာရိုး၍ အဘယ်အရာမဆို ယုံလွယ်၏။ ပါးစပ်ငယ်သောသူသည် အေးချမ်း၏။ သစ္စာရှိ၏။ ကြောက်တတ်၏။ စကားသွက်၏။ အသိပညာနှင့် ပြည့်စုံ၏။

ပါးစပ်ကျယ်အံ့၊ မုသားပြောသူ၊ အရှက်မရှိသူ၊ စကားများသူ ရူးမိုက်သူ၊ သစ္စာမဲ့သူ၊ ရဲတင်းသူဖြစ်မည် ဟူ၍ ဆရာကြီးပီမိုးနင်း၏ မသျှုတ္တရ စာအုပ်တွင် ပြဆိုထား၏။


✲ ✲ ✲ ✲ ✲



www.burmeseclassic.com

www.burmeseclassic.com





## ပါးစပ်

ပါးစပ်ကြောင့် ကောင်းကျိုးလည်း ဖြစ်တတ်သည်။ ဆိုးကျိုးလည်း ဖြစ်တတ်သည်။

အပြောကောင်း၍ အကြည်ညိုခံရတတ်သည်။ အပြောဆိုး၍ အပြုံးခံရတတ်သည်။

ချစ်အောင်၊ မုန်းအောင် လုပ်နိုင်သည်မှာ ပါးစပ်ပင် ဖြစ်သည်။

### ပါးစပ်အမျိုးမျိုး

(၁) ငယ်သော ပါးစပ်
(၂) ကြီးသော ပါးစပ်
(၃) အပေါ်သို့လန်နေသော ပါးစပ်
(၄) အောက်သို့တွဲကျနေသော ပါးစပ်
(၅) ညီညာပြေပြစ်ပြီး လှပသော ပါးစပ်

တို့ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



(၁) ငယ်သော ပါးစပ်

များသောအားဖြင့် အမျိုးသမီးများတွင် တွေ့ရတတ်သည်၊
(၁) မှတ်ဉာဏ်ကောင်းတတ်သည်။
(၂) အကျင့်စာရိတ္တ မကောင်း၊ စိတ်နေစိတ်ထားမကောင်း
လူအများ၏ ကဲ့ရဲ့ပြစ်တင်ခြင်းကို ခံရတတ်၏။

ပါးစပ်သေးပြီး စူနေသော သဏ္ဌာန်ရှိလျှင်
(၁) စည်းကမ်းစနစ်ကျနတတ်၏။
(၂) ဝီရိယ ရှိတတ်၏။
(၃) ချွေတာစုဆောင်းတတ်၏။
(၄) တစ်ကိုယ်ကောင်း၊ အတ္တဟိတသမား ဖြစ်တတ်၏။

(၂) ကြီးသော ပါးစပ်

(၁) သဘောထားကြီးတတ်၏။
(၂) ပေးကမ်းစွန့်ကြဲတတ်၏။
(၃) အကူအညီပေးတတ်၏။
(၄) အေးဆေးစွာ နေထိုင်တတ်၏။
(၅) စဉ်းစားဉာဏ် ကောင်းမွန်တတ်၏။
(၆) စိတ်သဘောထားကောင်းမွန်တတ်၏။
(၇) အပေါင်းအသင်း ဝင်ဆန့်တတ်၏။
(၈) ပျော်စရာ စကားများ၊ ဟာသစကားများ၊ ပြောဆိုနေ
တတ်၏။
(၉) ဆန့်ကျင်ဘက် လိင်တို့၏ ချစ်ခင်စွဲလမ်းခြင်းခံရလောက်
အောင် ညို့အားကောင်းတတ်၏။
(ကမ္ဘာကျော် ရုပ်ရှင်မင်းသမီး ဆိုဖီလောရင့် ပါးစပ်မျိုး



www.burmeseclassic.com

www.burmeseclassic.com

### (၃) အပေါ်သို့ လန်နေသော ပါးစပ်

(၁) ပျော်ရွှင်စွာ နေထိုင်တတ်၏။
(၂) မိတ်ဆွေအပေါင်းအသင်းများကို ချစ်ခင်တတ်၏။
(၃) လူအများနှင့် ပျော်ရွှင်စွာ နေထိုင်တတ်၏။
(၄) အလုပ်ကို အပျော်သဘောမျိုးဖြင့် လုပ်ကိုင်ဆောင်ရွက်တတ်၏။
(၅) ရောင့်ရဲနိုင်သော စိတ်မရှိ၊ ချစ်သူများတတ်၏။
(၆) အိမ်ထောင်ဆက်များတတ်၏။
(ပြင်သစ် ရုပ်ရှင်မင်းသမီး ဘရစ်ဂျစ်ဘားဒိုး ပါးစပ်မျိုး)

### (၄) အောက်သို့ တွဲကျနေသော ပါးစပ်

(၁) အမြင်ကျယ်တတ်၏။
(၂) စကားနည်းတတ်၏။
(၃) ကျန်းမာရေးချို့တဲ့နေတတ်၏။
(၄) စဉ်းစားဆုံးဖြတ်ရာတွင် မှန်ကန်တတ်၏။
(၅) ကြင်နာသော စိတ်နှလုံးရှိတတ်၏။
(၆) အခက်အခဲ ကြုံတွေ့နေသူများအား အကူအညီပေးတတ်၏။

### (၅) ညီညာပြေပြစ်လှပသော ပါးစပ်

မကြီးလွန်း မသေးလွန်း လှပပြေပြစ်သော ပါးစပ်ပုံစံမျိုးကို ဆိုလိုသည်။

(၁) အကျင့်စာရိတ္တကောင်းတတ်၏။
(၂) စိတ်နေစိတ်ထား ကောင်းတတ်၏။
(၃) သနားကြင်နာစိတ် ရှိတတ်၏။



www.burmeseclassic.com

www.burmeseclassic.com



(၄) အတ္တဟိတ၊ ပရဟိတသမား ဖြစ်တတ်၏။

(၅) စကားပြောဆိုရာတွင် သာယာချောမွေ့စွာ ပြောဆိုတတ်၏။

(၆) လူ့ဘဝတွင်'ကံကောင်း' သူများ ဖြစ်တတ်၏။

## အမျိုးသားပါးစပ်လက္ခဏာ

အမျိုးသား၏ ပါးစောင်ပါးတို့သည်. . .

(က)အသားဖြင့် ပြည့်ဝနေခြင်း၊

(ခ) မို့မောက်နေခြင်း၊

တို့ဖြစ်နေလျှင် ချမ်းသာကြွယ်ဝသူ ဖြစ်တတ်၏။

ပါးစောင်ပါးတို့သည်. . .

(က)နိမ့်ကျပြီး ခွက်ဝင်နေခြင်း

(ခ) အမွေးအမျှင် ပေါက်နေခြင်း

တို့ ဖြစ်နေလျှင် စိတ်သောက များတတ်၏။ ဆင်းရဲတတ်၏။ မကောင်းသော စရိုက်များရှိတတ်၏။

## အမျိုးသမီးပါးစပ် လက္ခဏာ

အမျိုးသမီး၏ ပါးစောင်ပါးအိုသည်. . .

(က)ဝဖြိုးခြင်း၊

(ခ) လုံးဝန်းခြင်း၊

(ဂ) မြင့်မောက်ခြင်း၊

(ဃ)စိုပြည်ခြင်း

တို့ရှိခဲ့လျှင် လောကီချမ်းသာ ကိစ္စပြီးပြည့်စုံတတ်၏။ မိမိအား ချစ်ခင်စွဲလမ်းသော လင်ယောကျာ်းကို ရရှိတတ်၏။ လူချစ် လူခင်များတတ်၏။

အကယ်၍ အမျိုးသမီးပါးစောင်ပါးအိုသည်. . .



www.burmeseclassic.com

www.burmeseclassic.com



(က)မွေးညင်းများပေါက်ခြင်း၊

(ခ) အသားကင်းပြီး နိမ့်ချိုင့်ခြင်း၊

(ဂ) ကြမ်းတမ်းခြင်း၊

တို့ရှိခဲ့လျှင် ယုတ်မာတတ်၏။ ဘေးဒုက္ခဆိုးအမျိုးမျိုးနှင့် ကြုံတွေ့ရတတ်၏။ စိတ်သဘာဝမှာ ယောကျ်ားဆန်တတ်၏။

✻ ✻ ✻ ✻ ✻






www.burmeseclassic.com


www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

'မလှလျှင် သွား၊ လှလျှင် ခါး'ဟူ၍ ဆိုစကားရှိ၏။ မည်မျှပင် အပြစ်ကင်းစင်အောင် လှပ၍နေပါ။ သွားဖျက်လျှင် အလှပျက်တတ်သည်။

သွားများ ညီညာ၍နေလျှင် အရုပ်ဆိုး အကျည်းတန်သူပင် ဖြစ်စေ မြင်ရသူအဖို့ အသင့်အတင့် လှပသည်ဟု ထင်မှတ်ရ၏။

## အမျိုးသား သွားလက္ခဏာ

မွေးပြီးစ ယောကျ်ားလေးတို့တွင် တစ်နှစ် (၁၂)လအတွင်း အောက်သွားနှစ်ချောင်း စတင်ပေါ်ထွက်လာလျှင် တင့်တယ်ဖွယ် ရာ (ရာဇဒန္တ)ဖြစ်တတ်သည်။

အကယ်၍ ထိုယောကျ်ားလေးသည် အောက်သွားနှစ်ချောင်း စတင်၍ မထွက်ဘဲ အပေါ်သွားနှစ်ချောင်း စတင်ပြီး ထွက်လာလျှင် မတင့်တယ်၊ မဖွယ်မရာဖြစ်တတ်၏။

မွေးဖွားသည်နှင့် တစ်ပြိုင်နက် သွားပေါက်လျက်သားပါရှိ



www.burmeseclassic.com

www.burmeseclassic.com



လျှင် ဒုမင်္ဂလာ (မိဘနှစ်ပါး)ကို ဒုက္ခပေးတတ်၏။

အမျိုးသား၏ 'ကောင်း'သော သွားလက္ခဏာများမှာ. . .

(က)သွားများကြည်လင်တောက်ပနေခြင်း၊

(ခ) သကြားကဲ့သို့ ဖြူဆွတ်၍နေခြင်း၊

(ဂ) ညီညာပြီး ပြေပြစ်မှုရှိခြင်း၊

(ဃ)အပြားကြီးသောသွားများ နည်းပါးခြင်း

တို့ရှိလျှင် ကြီးပွားချမ်းသာတတ်၏။ နာမည်ကျော်စောထင်ရှားတတ်၏။ ပညာရှိဖြစ်တတ်၏။

အမျိုးသား၏ 'မကောင်း'သော သွားလက္ခဏာများမှာ. . .

အထက်သွားနှင့် အောက်သွားကို ရေတွက်ကြည့်ပါ။အထက်သွားသည် အောက်သွားအရေအတွက်ထက် လျော့နည်းပါးနေလျှင် ဆင်းရဲတတ်၏။

တစ်နည်းအားဖြင့် အမျိုးသားသွားသည် (၂၉)ချောင်းသာ အစဉ်လိုပင်ရှိနေလျှင်. . .

(၁) ဆင်းရဲတွင်းနက်တတ်၏။

(၂) စိတ်သောကများတတ်၏။

(၃) စီးပွားဖြစ်ထွန်းလျှင် ခဏမျှသာဖြစ်ထွန်းတတ်၏။ မကြာမီအတွင်း ပျက်ပြုန်းသွားတတ်၏။

(၄) အလုပ်ကြမ်း လုပ်ရတတ်၏။

(၅) အညတရဘဝဖြင့် ဘဝဆုံးပါးတတ်၏။

ဝံ သို့မဟုတ် မျောက်၏ သွားကဲ့သို့ ရှိလျှင် ယုတ်မာပြီး ဆင်းရဲတတ်၏။ ကြွက်သွားကဲ့သို့ ရှိလျှင် ကောက်ကျစ်စဉ်းလဲတတ်၏၊ ရက်စက်ကြမ်းကြုတ်တတ်၏။



www.burmeseclassic.com

www.burmeseclassic.com



## အမျိုးသမီးသွားလက္ခဏာ

အမျိုးသမီးသွားသည်. . .

(က)နွားနို့အဆင်းကဲ့သို့ ရှိခြင်း၊

(ခ) ညီညွတ်ပြေပြစ်ခြင်း၊

(ဂ) အထက်နှင့်အောက်သွားတို့ တူမျှသောညီညွတ်မှုရှိခြင်း၊

(ဃ)နီမြန်းသော အဆင်းရှိခြင်း၊

တို့ ရှိလျှင် ထိုအမျိုးသမီးသည် အထွတ်အထိပ်သို့ ရောက်ရှိတတ်၏။ ချမ်းသာ သုခနှင့် ပြည့်စုံတတ်၏။

"မကောင်း" သော အမျိုးသမီး၏ သွားလက္ခဏာများမှာ. . .

(က)ဆီးသီးမှည့်ခြောက်ကဲ့သို့ နီညိုသောအဆင်း ရှိခြင်း၊

(ခ) ကြီးလွန်းရှည်လွန်းနေခြင်း၊

(ဂ) ထူပြီး သွားထပ်များ ရှိနေခြင်း၊

တို့ရှိလျှင်. . .

(၁) စိတ်ယုတ်မာရှိတတ်၏။

(၂) လင်ယောကျ်ားကို မာယာဖြင့် မျှားပြီး ဒုက္ခအမျိုးမျိုး ပေးတတ်၏။

(၃) ကုန်းချောရန်တိုက်ပေးတတ်၏။

(၄) အထက်သွားများအလွန်ကြီးနေလျှင် မိဘနှင့် အမျိုးကိုပါ ပျက်စီးအောင် ကြံဆောင်တတ်၏။

(၅) သွားခေါလျှင် လင်ကို မအောက်မေ့တတ်၊ မကောင်းသောအကျင့်ဖြင့် အသက်ရှည်စွာနေရတတ်၏။

(၆) သွားကျဲပြီး ကွဲပြတ်ခြင်းတို့ရှိနေလျှင် ယုတ်မာသောအကျင့်များရှိတတ်၏။ လင်ယောကျ်ား၏ အကျိုးတရားများကို ပျက်စီးတတ်၏။



www.burmeseclassic.com

www.burmeseclassic.com



## သွားလက္ခဏာ

သွားကြီးမူ မြဲမြံတတ်၏။ ငယ်မူ ဆင်းရဲတတ်၏။ သွားကျဲမူ ဉာဏ်ရှိတတ်၏။ သွားစိတ်မူ စကားကြွယ်တတ်၏။ သွားချွန်မူ အများချစ်တတ်၏။ (သုတသန္တိစယမူကျယ် ကျမ်းအဆို)





www.burmeseclassic.com

www.burmeseclassic.com





## လျှာ

လျှာသည် ပါးစပ်တွင် ရှိပြီး အရသာကို ခံစားသည်။ 'လင်နဲ့မယား လျှာနဲ့သွား' ဟု ဆိုစကားရှိ၏။ မကြာမကြာ လျှာနှင့်သွားသည် ကိုက်မိလေ့ရှိ၏။

### အမျိုးသား လျှာလက္ခဏာ

အမျိုးသားလျှာသည်. . .

(က နီမြန်းပြီး ရှည်လျားခြင်း၊

(ခ) ပါးလျှပြီး သိမ်မွေ့ခြင်း၊

တို့ရှိလျှင် ချိုမြိန်သောအရသာကို အထူးနှစ်သက်တတ်၏။ ဝေဒလေးပုံကျမ်းကြီးများကို ရွတ်ဖတ်သရဇ္ဈာယ်ပြုနိုင်တတ်၏။

(က)လျှာသည် ကြာနီဖက်နှင့်တူခြင်း၊

(ခ) မကြီးမငယ်အရွယ် အသင့်ရှိခြင်း၊

(ဂ) နူးညံ့ပြီး အဖျားသည် ပြိုးပြွမ်းခြင်း

တို့ရှိလျှင် အရှိန်ဩဇာကြီးမားတတ်၏။

www.burmeseclassic.com

www.burmeseclassic.com



(က)လျှာတွင် ပြောက်ကျားသောအဆင်းရှိခြင်း၊

(ခ) နက်သောအဆင်းရှိခြင်း၊

တို့ရှိလျှင် မကောင်းမှုကို ခုံမင်တတ်၏။ အကျင့်ယုတ်တတ်၏၊ ဒုက္ခဆင်းရဲရောက်တတ်၏။

(က)လျှာသည် ထူပြီး ကြမ်းတမ်းခြင်း၊

(ခ) ဗျက်ကျယ်ပြီး ခြောက်သွေ့ခြင်း၊

(ဂ) အညစ်အကြေးနှင့် ယှဉ်နေခြင်း၊

တို့ရှိလျှင် ဉာဏ်ပညာနည်းပါးတတ်၏။ လူဆိုး၊ လူမိုက်ဖြစ်တတ်၏။ ဒုက္ခဆင်းရဲအပေါင်း မုချတွေ့တတ်၏။

## အမျိုးသမီးလျှာ လက္ခဏာ

အမျိုးသမီး လျှာသည်

(က)နီမြန်းသောအဆင်းရှိခြင်း၊

(ခ) အဖုအထစ်မရှိ ပြေပြစ်နူးညံ့ခြင်း၊

တို့ရှိလျှင် ဝီယဝါစာရှိကာ ချမ်းသာတတ်၏။

(ဂ) ဖြူသော အဆင်းရှိခြင်း၊

(ဃ) လျှာ အလယ်တွင် တွန့်၍နေခြင်း

တို့ရှိလျှင် ဆင်းရဲတတ်၏။ ရေနစ်သေဆုံးတတ်၏။

(င) ကြီးခြင်း၊

(စ) ထူနေခြင်း၊

(ဆ)လုံးချောနေခြင်း၊

တို့ရှိလျှင် အစားရမ္ဘက်ကြီးတတ်၏။ ဆင်းရဲတတ်၏။

(ဇ) ညိုသော အဆင်းရှိခြင်း၊

(ဈ) နက်သော အဆင်းရှိခြင်း

(ည)ဗျက်ကြီးပြီး ကျယ်ပြန့်ခြင်း၊



www.burmeseclassic.com

www.burmeseclassic.com



(တ)ချိုင့်ဝန်းများသဖွယ်ဖြစ်နေခြင်း

တို့ရှိလျှင် ယုတ်မာတတ်၏။ မေ့လျော့တတ်၏။ မုသားစကား ပြောဆိုတတ်ခြင်း။

(ထ)အထူးရှည်လျားခြင်း၊

တို့ရှိလျှင် မရပ်မနားအောင် စကားပြောလေ့ပြောထ ရှိတတ်၏။

(ဒ) လျှာပေါ်တွင် အနက်ပြောက် (သို့မဟုတ်) အင်ကွက်ပုံ သဏ္ဍာန် လေးထောင့်ကွက်ငယ်များရှိခြင်း။

တို့ရှိလျှင် အဆိပ်ရှိသော သတ္တဝါများကိုက်၍မသေပါ။ လင်ယောကျ်ားအပေါ်၌လည်းကောင်း၊ လူအများအပေါ်၌လည်းကောင်း သြဇာညောင်းတတ်၏။

## လျှာလက္ခဏာ

လျှာလယ်၌ကြက်မူ ရွှေ၊ ငွေ၊ စပါးပေါတတ်၏။ ကျီးလျှာနှင့်တူမူ ချစ်သူပေါတတ်၏။ လျှာဝန်းမူ ပညာတတ်၏။ လျှာဖြူမူ ခက်ထန်တတ်၏။ လျှာပါးမူ ဘုန်းရှိတတ်၏။ လျှာရှည်မူ အများခဝပ်ရ၏။ (သုတသန္နိစယမူကျယ်ကျမ်းအဆို)

✲ ✲ ✲ ✲ ✲



www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com





## မေးစေ့

လူတစ်ယောက်မေးအတိုအရှည်၊ အဝိုင်းအဝန်းတို့ကို ကြည့်ပြီး လူ၊ မလူ ကို သိသာထင်ရှားနိုင်သည်။

### မေးစေ့အမျိုးမျိုး

မေးစေ့ကို ဘေးစောင်း (ဘေးတိုက်) အနေအထားမှ ကြည့်လျှင်. . .

(၁) ချိုင့်ဝင်နေသော မေးစေ့၊
(၂) ညီညာပြေပြစ်သော မေးစေ့၊
(၃) ငေါထွက်နေသော မေးစေ့၊
(၄) ကျယ်ပြန့်ပြီး ကားနေသော မေးစေ့၊
(၅) ကျဉ်းမြောင်းသေးသွယ်သော မေးစေ့တို့ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



**(၁) ချိုင့်ဝင်နေသော မေးစေ့**

(၁) စိတ်အားငယ်တတ်၏။
(၂) မိမိကိုယ်မိမိ ပြုပြင်ထိန်းသိမ်းတတ်၏။
(၃) အလုပ်တစ်ခုကို ပြတ်သားစွာ ဆုံးဖြတ်တတ်သည်။ သို့သော် တစ်ခါတစ်ရံ ချီတုံချတုံ ဖြစ်တတ်၏။

**(၂) ညီညာပြေပြစ်သော မေးစေ့**

(၁) ခေတ်မီသော အတွေးအခေါ်ကို လက်ခံတတ်၏။
(၂) ပေါင်းသင်းဆက်ဆံရေး ကောင်းတတ်၏။
(၃) အလုပ်တစ်ခုကို လျင်မြန်ဖျတ်လတ်စွာ လုပ်ကိုင်တတ်၏။

**(၃) ငေါထွက်နေသော မေးစေ့**

(၁) သူတစ်ပါး ပြောဆိုသည်ကို လက်မခံ၊ ခေါင်းအလွန်မာတတ်၏။
(၂) အလုပ်ကို ဖြည်းဖြည်းမှန်မှန် လုပ်ကိုင်တတ်၏။
(၃) အလုပ်ကို မလုပ်မီ သေချာစွာ စဉ်းစားပြီးမှ လုပ်ကိုင်ဆောင်ရွက်လေ့ ရှိတတ်၏။
(၄) အမှားအယွင်း နည်းပါးတတ်၏။

**(၄) ကျယ်ပြန့်ပြီး ကားသောမေးစေ့**

(၁) ခွန်အားဗလ ကောင်းတတ်၏။
(၂) အလုပ်ကို စိတ်ရောကိုယ်ပါ လုပ်တတ်၏။



www.burmeseclassic.com

www.burmeseclassic.com



**(၅) ကျဉ်းမြောင်းသေးသွယ်သောမေးစေ့**

(၁) စိတ်အားငယ်တတ်၏။

(၂) ကျန်းမာရေး ချို့တဲ့တတ်၏။

(၃) အလုပ်ကို ကြိုးစားလုပ်ကိုင်လိုစိတ် နည်းပါးတတ်၏။

(၄) အေးဆေးစွာ လုပ်ကိုင်ဆောင်ရွက်လေ့ ရှိတတ်၏။

## ရှေ့တည့်တည့်မေးစေ့

မေးစေ့ကို ရှေ့တည့်တည့်မှ ကြည့်လျှင်...

(၁) လေးထောင့်မေးစေ့

(၂) ချွန်သောမေးစေ့

(၃) ဘဲဥပုံမေးစေ့

(၄) နှစ်ထပ်မေးစေ့

(၅) ချိုင့်ခွက်ဖြစ်ပေါ်သောမေးစေ့ တို့ဖြစ်သည်။

**(၁) လေးထောင့်မေးစေ့**

(၁) ခိုင်မာသော စိတ်ဓာတ် ရှိတတ်၏။

(၂) လွတ်လပ်မှုကို ကြိုက်နှစ်သက်တတ်၏။

(၃) ယုံကြည်ချက် ပြင်းထန်တတ်၏။

(၄) အလုပ်တစ်ခုကို ပြီးဆုံးအောင် လုပ်ဆောင်တတ်၏။

**(၂) ချွန်သောမေးစေ့**

(၁) ခွန်အား နည်းပါးတတ်၏။

(၂) စိတ်အလိုမကျ ဖြစ်တတ်၏။

(၃) မှတ်ဉာဏ် ကောင်းတတ်၏။



www.burmeseclassic.com

www.burmeseclassic.com



(၃) **ဘဲဥပုံမေးစေ့**

(၁) အနုပညာဝါသနာ ထုံတတ်၏။

(၂) ပျော်ရွှင်စွာ နေတတ်၏။

(၃) ပညာတစ်ရပ်ကို လေ့လာလိုက်စားလျှင် အလွယ်တ
တတ်မြောက်တတ်၏။

(၄) **နှစ်ထပ်မေးစေ့**

(၁) အနည်းငယ် စိတ်တိုတတ်၏။

(၂) လျှင်မြန်ဖျတ်လတ်တတ်၏။

(၃) ချမ်းသာကြွယ်ဝတတ်၏။

(၄) စိတ်နှလုံးကောင်း ရှိတတ်၏။

(၅) မိမိကိုယ်မိမိ ထိန်းသိမ်းနိုင်တတ်၏။

(၅) **ချိုင့်ခွက်ဖြစ်ပေါ်သော မေးစေ့**

ရယ်ရွှင်သောအခါ၌လည်းကောင်း၊ ရိုးရိုးနေထိုင်သော
၌လည်းကောင်း၊ ချိုင့်ခွက်လေးများ ဖြစ်ပေါ်နေတတ်သော မေး
ဆိုလိုသည်။

ထိုမေးစေ့ရှင်သည်. . .

(၁) အနုပညာကို ဝါသနာထုံတတ်၏။

(၂) အနုပညာဖြင့် ကမ္ဘာကျော်ကြားတတ်၏။

(၃) ထက်မြက်သော စိတ်ဓာတ်ရှိတတ်၏။

(ကမ္ဘာကျော်ရုပ်ရှင်မင်းသားကတ်ဒါးဂလတ်မေးစေ့)





www.burmeseclassic.com

www.burmeseclassic.com



## အချစ်ကြီးတတ်သူမေးစေ့

ထူးခြားစွာမေးစေ့တွင် ကန့်လန့်ဖြတ် ခပ်နက်နက်အထစ် အချိုင့်ရှိလျှင် အလွန်အကျူးချစ်တတ်၏။ မြို့ထားမတတ် အချစ်ကြီးတတ်၏။ ဘဝတွင် ပြင်းထန်လွန်ကဲသောအချစ်က အုပ်စိုးနေတတ်၏။

## မေတ္တာရှင်မေးစေ့

မေးစေ့ကျဉ်းကျဉ်းနှင့် လေးထောင့်ကျကျဖြစ်နေလျှင် လူတိုင်းကို ချစ်ခင်တတ်၏။ မြင်သမျှကို ချစ်ခင်တတ်၏။ ချစ်သူတစ်ဦးနှင့်ကွဲလျှင် နောက်တစ်ဦးကို အမြန်ဆုံး ချစ်ခင်သွားတတ်၏။

## ချစ်စိတ်ပြင်းထန်သောမေးစေ့

ကျယ်ပြီးဝိုင်းသောမေးစေ့မျိုး ဖြစ်၏။ ချစ်ခင်စုံမက်မှုကို ပွင့်လင်းစွာ ပြဆိုတတ်၏။ အမျိုးသမီးများတွင် ထိုမေးစေ့မျိုးပါရှိလျှင် သနားကြင်နာစိတ် လွန်ကဲတတ်၏။

## စေတနာရှင် မေးစေ့

ဝိုင်းပြီးပြည့်ဖြိုးသော မေးစေ့ရှိလျှင် စိတ်စေတနာ လွန်ကဲတတ်၏။

## အတ္တစွဲ မေးစေ့

ငေါ၍ထွက်နေသော မေးစေ့မျိုး ဖြစ်၏။ ပါးလျားသော နှုတ်ခမ်းမျိုးနှင့် တွဲဖက်မိလျှင် ပိုပြီး ဆိုးတတ်၏။ မိမိတစ်ဦးတည်း အတွက်သာ စဉ်းစား တွေးတောတတ်၏။



www.burmeseclassic.com

www.burmeseclassic.com



## အမျိုးသားမေးစေ့လက္ခဏာ

အမျိုးသားအောက်နှုတ်ခမ်းနှင့် မေးဖျားအကြားတွင် ရှိသော နေရာကို (စိဗုက) ဟူ၍ခေါ်၏၊ ထို စိဗုကသည်. . .

(က)အသားဖြင့် ပြည့်ဖြိုးခြင်း၊

(ခ) လုံးဝန်းပြီး နူးညံ့ခြင်း၊

(ဂ) မကြီးလွန်း၊ မရှည်လွန်းခြင်း တို့ရှိလျှင် ကြံတိုင်းအောင် ဆောင်တိုင်းမြောက်သော ယောကျ်ားဖြစ်တတ်၏။

ယင်းစိဗုကသည်

(က)လွန်စွာ ပိန်ကပ်ခြင်း၊

(ခ) ကြီးလျှင် လွန်စွာကြီးလွန်းခြင်း၊

(ဂ) နှစ်စိတ်နှစ်ခြမ်း ကွဲသကဲ့သို့ ဖြစ်နေခြင်းတို့ရှိလျှင် ဒုက္ခကြီးစွာ ရောက်တတ်၏၊ လုပ်သမျှ အလုပ်တိုင်း ပျက်စီးတတ်၏။

## အမျိုးသမီးမေးစေ့လက္ခဏာ

မေးစေ့တွင် အမွေးကင်းခြင်း၊ နူးညံ့ခြင်း၊ လုံးဝန်းခြင်းများရှိလျှင် ကြီးပွားချမ်းသာတတ်၏၊ ကတော်မယား ဖြစ်တတ်၏၊ ပညာရေးဘက်တွင် ထူးချွန်တတ်၏။

အကယ်၍မေးစေ့ မေးဖျားတွင် အမွေးများပေါက်ခြင်း၊ ကွေးကောက်ခြင်း၊ သေးငယ်ကြုံလှီခြင်းတို့ရှိလျှင် ဒုက္ခရောက်တတ်၏။

စိဗုကသည် ဝန်းဝိုင်းခြင်း၊ ပြည့်ဖြိုးခြင်း၊ သိမ်မွေ့နူးညံ့ခြင်း၊ လက်သစ်နှစ်သစ်(လက်ခလယ်လက်ချောင်း ဖျက်အကျယ်နှစ်ဆ) ရှိခြင်းတို့ ဖြစ်နေလျှင် ငယ်ရွယ်စဉ်က ဆင်းရဲတတ်၏၊ အရွယ်ရောက်လာလျှင် ကြီးပွားချမ်းသာတတ်၏။

စိဗုကနေရာတွင် အမွေးများပေါက်ခြင်း၊ လက်နှစ်သစ်ထက်



www.burmeseclassic.com

www.burmeseclassic.com



ပို၍ရှည်လျားခြင်း၊ နှစ်ခုကွဲလျက် ရှိခြင်းတို့ရှိလျှင် ဒုက္ခကြီးစွာ ရောက်တတ်၏။ အညတရဘာဝဖြင့် သေဆုံးတတ်၏။

## ဂန္ဓလရာစ်ကျမ်းအဆို

ဂန္ဓလရာဇ်ကျမ်းအဆိုအရ (ပုံစံနံပါတ် ၃) တွင်

**နံပါတ်(၁)။** ။ အထက်နှုတ်ခမ်းတွင် အရေးအကြောင်းရှိလျှင် အမွေခံသားသမီး ကင်းမဲ့တတ်၏။ ဤအချက်မှာ တရုတ်အမျိုးသားတို့၏ အယူအဆအရ အရေးကြီးဆုံးအချက်ဖြစ်သည်။

**နံပါတ်(၂) (၃)။** ။ ပါးစပ်အောက် မေးစေ့တစ်ဝိုက်တွင် အရေးအကြောင်းများစွာရှိက ရေသချိုင်းကို တွေ့နိုင်ကြောင်းကို ဖော်ပြသည်။

✲ ✲ ✲ ✲ ✲





www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



## လည်ပင်း

လည်ပင်းကို 'ရှေ့လည်တိုင်' ဟူ၍တင်စားပြီး ခေါ်တတ်၏။ လည်တိုင်ကြော့ရှင်းမှုရှိက အမွှမ်းတင်ကြ၏။ လည်တိုင် တိုလွန်းလျှင် (သို့မဟုတ်) ရှည်လွန်းလျှင် ကဲ့ရဲ့ရှုံ့ချတတ်၏။

### လည်ပင်းသဘာဝ

လည်ချောင်းလည်တိုင်ကို ခြုံ၍ခေါ်လျှင် 'လည်ပင်း' ဟူ၍ ခေါ်သည်။ ခွဲခြားလိုလျှင် လည်ပင်းအရှေ့ဘက်ခြမ်းကို 'လည်ချောင်း'၊ အနောက်ဘက်ခြမ်းကို 'လည်တိုင်' ဟု ဆိုလျှင် ရသည်။

လည်ချောင်းရှည်သူများသည် စိတ်ဓာတ် လွတ်လပ်လိုတတ်၏။ အဝန်းအားကြီးလျှင် ခန္ဓာကိုယ်အင်အား ပို၍ ရှိတတ်၏။ သေးငယ်နေလျှင် အင်အားနည်းပါးတတ်၏။

လည်တိုင်ရှေ့ဘက်သို့ ညွတ်နေလျှင် စိတ်ထက်သန်တတ်၏။ ဆန္ဒကြီးတတ်၏။ နောက်ဘက်သို့ ယိုင်နေလျှင် မာနကြီးတတ်၏။ ဟိတ်ဟန်ကြီးတတ်၏။ လျှို့ဝှက်တတ်၏။ ဂရုမစိုက် အလေးမထားဘဲ နေတတ်၏။



www.burmeseclassic.com

www.burmeseclassic.com



## အမျိုးသားလည်ပင်းလက္ခဏာ

လည်ပင်းတွင်

(က)အမွေးများစွာ ပေါက်နေခြင်း၊

(ခ) အကြောပြိုင်းပြိုင်း ပေါ်လွင်နေခြင်း၊

(ဂ) အဆစ်အဆက်တို့ ပေါ်လွင်ထင်ရှားနေခြင်း

တို့ရှိလျှင် အမြဲမပြတ် ရောဂါဝေဒနာဆိုးတစ်ခုခု ကပ်ငြိတွယ်ပြီး ဆင်းရဲဒုက္ခ ကြုံတွေ့နေရတတ်၏။

လည်ပင်းလုံးပြီး တိုနေလျှင် ချမ်းသာတတ်၏၊ အမေ့အကြောင်းသုံးကြောင်းထင်ရှားစွာ ရှိလျှင် ဘုန်းတန်ခိုးကြီးမားတတ်၏။ ကောင်းသောလည်ပင်းရှိသူသည် အစာကို သွားဖြင့် ဆွဲဖြတ်စားသောက်တတ်၏။

လည်ပင်းရှည်လွန်းလျှင် မကောင်း၊ မြို့ရွာများသို့ လှည့်ပြီး တရားဟောဆရာယောင်ယောင်ဖြင့် ကြွားဝါလေ့ ရှိတတ်၏၊ အကြောပြိုင်းပြိုင်းထပြီး ပိပြားသောလည်ပင်းရှိသူသည် ပင်ပန်းကြီးစွာ လုပ်ကိုင်စားရတတ်၏။

## အမျိုးသမီးလည်ပင်းလက္ခဏာ

လည်ပင်းသည်

(က)ပြည့်ဖြိုးခြင်း

(ခ) အသားရှိပြီး လုံးဝန်းခြင်း

(ဂ) ပြေပြစ် ချောမွတ်ခြင်း

(ဃ)လည်ရေးအရစ် သုံးသွယ်ရှိခြင်း

(င) မထင်ရှားသော ရေမျှဲစလုတ်ရှိခြင်း

တို့ရှိလျှင် ကြီးပွား ချမ်းသာတတ်၏။ အမည် ထင်ရှားတတ်၏။ စေတနာကောင်းတတ်၏။



www.burmeseclassic.com

www.burmeseclassic.com



အကယ်၍ အမျိုးသမီးလည်ပင်းသည်

(က)ကြုံလှီပြီး နေခြင်း

(ခ) ပိပြား သေးသွယ်ခြင်း

(ဂ) ရှည်လျားပြီး ရေမျိုစလုတ် ပေါ်လွင်ထင်ရှားနေခြင်း

တို့ဖြစ်လျှင် ဆင်းရဲတတ်၏။

လည်ပင်းမညီညွတ်လျှင် အစေအပါးကျေးကျွန်ဖြစ်တတ်၏။

ရေမျိုစလုတ်ကြီးလွန်းလျှင် မုဆိုးမ ဖြစ်တတ်၏။

ရေမျိုစလုတ်လုံးဝမရှိဘဲ ပိပြားလွန်းနေလျှင် အမြုံဖြစ်တတ်၏။

လည်ပင်းသေးငယ်နေလျှင် ပစ္စည်းဥစ္စာ ရှားပါးတတ်၏။ အလုပ်အကိုင် အကြံအစည် ပျက်ယွင်းတတ်၏။ ဂုဏ်ကျက်သရေ ညှိုးနွမ်းတတ်၏။

လည်ပင်းတုတ်ခိုင်ပြီး ကြီးနေလျှင် အမည်ထင်ရှားတတ်၏။

လည်ကုပ်(ဇက်)သည်

နုးညံ့ပြီး အသားများဖြင့် ပြည့်ဖြိုးလျှင် အကြံဟူသမျှ အောင်မြင်တတ်၏။ ကြီးပွား ချမ်းသာတတ်၏။

(က)မွဲခြောက်သောအသားအရေ ရှိခြင်း

(ခ) ကွေ့ကောက်သောအကြောများ ပေါ်လွင်နေခြင်း

(ဂ) ကြမ်းတမ်းသော အမွေးများရှိခြင်း

တို့ရှိလျှင် ကောက်ကျစ်စဉ်းလဲတတ်၏။ ယုတ်မာတတ်၏။ ရောဂါဝေဒနာဆိုးများ ကပ်ငြိတတ်၏။

✵ ✵ ✵ ✵ ✵




www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com





## ဝမ်း

ပခုံးနှစ်ဘက်ကြားခေါင်းပေါက်တဲ့လူချင်း တူသော်လည်း ဝါသနာအကျင့်စရိုက် မတူကြပါ။

### အမျိုးသားပခုံးလက္ခဏာ

ပခုံးသည် အစဉ်အားဖြင့် အရင်း၌ ကြီးပြီး မြင့်မောက်ကာ အဖျားသေးငယ် သိမ်သွားလျှင် ဘဝတိုးတက်မှု သဘောအမြဲရှိတတ်သည်။

ပခုံးသည်

(က)ခွက်ဝင်နေခြင်း

(ခ) လွန်စွာပါးကပ်သေးငယ်ခြင်း

(ဂ) မွေးညင်းများ ပေါက်ရောက်ခြင်း

(ဃ)ပခုံးလျှောနေခြင်း

တို့ဖြစ်နေလျှင် တစ်ခဏမျှသာ စည်းစိမ်ဥစ္စာများကို ခံစားရတတ်၏။ သိန်းထီပေါက်ခြင်း၊ မင်းချီးမြှောက်ခြင်းများ ရုတ်တရက်



www.burmeseclassic.com

www.burmeseclassic.com



ပေါ်ပေါက်သည့်တိုင် မနှေးမမြန် အနိစ္စရောက်တတ်၏။

အမျိုးသားများ ပခုံးနိမ့်လျှောနေလျှင် အထူးသတိပြုပါ။ ယောက်ျားသဘာဝ ဆုံးရှုံးရတတ်၏။

ပခုံးစွန်း၊ ပခုံးညှပ်ရိုး လက်မောင်းစပ်ရာ ဌာနသည်

(က)ကောင်းစွာဆက်စပ်သော အခြင်းအရာရှိခြင်း

(ခ) ပခုံးစွန်းသည် အနည်းငယ် မြင့်မောက်သယောင် ဖြစ်နေခြင်း။

(ဂ) ပခုံးစွန်းသည် ပြည့်ဖြိုးနေခြင်း

တို့ရှိလျှင် ထိုသူသည် သူရသတ္တိနှင့် ပြည့်စုံတတ်၏။

(က)ပခုံးစွန်း၊ ပခုံးညှပ်ရိုးတို့ ညွတ်ခြင်း၊ ကွေးခြင်းတို့ဖြစ်နေလျှင် ပစ္စည်းဥစ္စာ မဲ့တတ်၏။ အချုပ်အနှောင် ကြိမ်ဖန်များစွာ ခံရတတ်၏။

(ခ) ညှပ်ရိုးတစ်ဖက်နှင့် တစ်ဖက် အနိမ့်အမြင့် မတူညီလျှင် ယုတ်မာသောစိတ်ဓာတ် ရှိတတ်၏။ ဆင်းရဲတတ်၏။

## အမျိုးသမီးပခုံးလက္ခဏာ

ပခုံးသည်. . .

(က)အသားဖြင့် ပြည့်ဖြိုးနေခြင်း

(ခ) မြင့်မောက်နေခြင်း

(ဂ) အရင်းပိုင်းကြီးပြီး အဖျားပိုင်းသေးငယ်ကာ ဝန်းလုံးခြင်း

တို့ဖြစ်လျှင် ပစ္စည်းဥစ္စာတို့ဖြင့် ပြည့်စုံတတ်၏။

အကယ်၍ ပခုံးသည်. . .

(က)အသားများ ကင်းခြင်း

(ခ) လွန်စွာ ပါးလျားခြင်း





www.burmeseclassic.com

www.burmeseclassic.com



(ဂ) ခွက်၍ ဝင်နေခြင်း

(ဃ)ပခုံးနိမ့်လျောနေခြင်း

တို့ရှိလျှင် ဆင်းရဲပင်ပန်းတတ်၏။ မုဆိုးမ ဖြစ်တတ်၏။ အိမ်ထောင်ဆက်များသူ ဖြစ်တတ်၏။ အပျော်အပါး လိုက်စားတတ်၏။

✲ ✲ ✲ ✲ ✲





www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com





## လက်

လူ့ခန္ဓာကိုယ်ကို လက်က များစွာ အကျိုးပြုသည်။ လက်သည် အရေးကြီးသည်။ လက်ကို သရုပ်ခွဲပြီး ဟောသော လက္ခဏာပညာ ဟူ၍ ရှိသေးသည်။

### လက်ပုံသဏ္ဌာန် (၇)မျိုး

(၁) မူလလက်
(၂) လေးထောင့်လက်
(၃) လှုပ်ရှားလက်
(၄) အတွေးအခေါ်လက်
(၅) ကတော့ပုံလက်
(၆) စိတ်ကူးယဉ်လက်
(၇) စုပေါင်းလက် တို့ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



## (၁) မူလလက်

အလွန်တိုသော လက်မလက်ချောင်းများ ပါရှိတတ်၏။ လက်သည်းများ အထူးပင် သေးငယ်နေတတ်၏။ ထိုလက်မျိုးကို မူလလက် (အနိမ့်စားလက်) ဟူ၍ ခေါ်ဆို၏။

မူလလက်သည် စိတ်ဓာတ်အလွန်ညံ့ဖျင်းတတ်၏။ အလုပ်အကိုင် အတည်တကျ မရှိ ဒေါသကြီးတတ်၏။ လုပ်ရည် ကိုင်ရည် ညံ့ဖျင်းတတ်၏။ ယုတ်မာညစ်ညမ်းသော အပြုအမူ အနေအထိုင် ရှိသူများ ဖြစ်တတ်၏။

## (၂) လေးထောင့်လက်

လက်အရှယ်မှာ သင့်တင့်အောင် ရှိတတ်၏။ လက်ဝါးပြင် လေးထောင့်ကျနေတတ်၏။ လက်အလျား၊ အနံညီတူနေခြင်းကို ဆိုလို၏၊ လက်ချောင်းအဖျားထိပ်ပိုင်းနှင့် လက်သည်းတို့ပါ လေးထောင့်သဏ္ဌာန်ပြနေသည်ကို လေးထောင့်လက် (သို့မဟုတ်) အသုံးဝင်လက်ဟူ၍ ခေါ်ဆို၏။

ထိုလေးထောင့်လက်သည် စိတ်ကူးဉာဏ်ထက်မြက်တတ်၏၊ အတွေးအခေါ်ကောင်းတတ်၏။ လုပ်ရည်ကိုင်ရည် စနစ်ကျပြီး စေ့စပ်သေချာတတ်၏။ တရားဥပဒေကို အထူးပင် ရိုသေလေးစားတတ်၏။ လုပ်ကိုင်ရာတွင် ကြိုးစားမှု ရှိတတ်၏။ လက်တွေ့ကျကျ လုပ်ကိုင်၍ အောင်မြင်တတ်၏။ သစ္စာရှိပြီး ကတိတည်တတ်၏။ မိတ်ဆွေသင်္ဂဟများအပေါ် ချစ်ခင်လေးစားတတ်၏။ တစ်ခါတစ်ရံတွင် လက်တွေ့မျက်တွေ့ကျလွန်းမှုကြောင့် ရုပ်ဝါဒီဆန်တတ်ပြီး စိတ်သောကရောက်တတ်၏။ ရှေ့နေဝတ်လုံကြီးများ၊ ဆရာဝန်ကြီးများ၊ သိပ္ပံပညာရှင်ကြီးများ၊ စီး းရေးသမားကြီးများ၊ နိုင်ငံရေးသမားကြီးများ ဖြစ်တတ်၏။



www.burmeseclassic.com

www.burmeseclassic.com



(၃) လှုပ်ရှားလက်

လက်အနေအထားမှာ ကောက်ကွေ့နေတတ်၏။ လက်ထိပ်များ အနည်းငယ် ပိုင်းနေတတ်၏။ အောက်သို့ အနည်းငယ်ရှုံ့နေတတ်၏။ လက်ချောင်းရင်းပိုင်းမှာ ကားနေတတ်၏။ လက်ကောက်ဝတ်ဘက်သို့ လက်ချောင်းများ ရှုံ့သွားကြတတ်၏။

အချို့မှာ လက်ဝါးပြင် မာကြောနေတတ်၏။ အချို့မှာ ပျော့ပြောင်းနေတတ်၏။ ထိုလက်မျိုးကို လှုပ်ရှားလက် သို့မဟုတ် ထက်မြက်သောလက်ဟူ၍ ခေါ်ဆို၏။

လှုပ်ရှားလက်သည် စိုးရိမ်စိတ်လွန်ကဲတတ်၏။ အနားယူမှု နည်းပါးတတ်၏။ လျှင်မြန်ဖျတ်လတ်တတ်၏။ စိတ်ရောကိုယ်ပါ စွမ်းစွမ်းတမာန် လုပ်ကိုင်လေ့ ရှိတတ်၏။ စူးစမ်းရှာဖွေလိုသည့် စိတ်ဓာတ်ရှိတတ်၏။

လှုပ်ရှားလက်မျိုးသည် အမျိုးသမီးများတွင် အထူးရှားပါး၏။ လက်ချောင်းရင်းပိုင်းများကျယ်ပြန့်လျှင် ပိုပြီးထွန်းတောက်တတ်၏။ တိကျစွာ လုပ်ကိုင်ဆောင်ရွက်တတ်၏။ လက်ရင်းပိုင်းကျယ်ပြန့်လျှင် တစ်ခါတစ်ရံ စိတ်ကူးယဉ်ဆန်တတ်၏။ လက်ဝါးပြင် ပျော့လျှင် ဝီရိယ ပိုတတ်၏။ ကြံ့ခိုင်မှု နည်းပါးတတ်၏။ တစ်ခဏချင်း လုပ်ငန်းကို ပြောင်းလဲတတ်၏။

(၄) အတွေးအခေါ်လက်

လက်ချောင်းများနှင့် လက်သည်းများ ရှည်လျားသေးသွယ်နေတတ်၏။ လက်ဆစ်များ အနည်းငယ် သန်မာကြီးထွားနေတတ်၏။ ထိုလက်ကို အတွေးအခေါ်လက် သို့မဟုတ် ဖုထစ်လက် ဟုခေါ်ဆို၏။

အတွေးအခေါ်လက်သည် ပြဿနာအရပ်ရပ်ကို ယထာဘူတ



www.burmeseclassic.com

www.burmeseclassic.com



ကျအောင် စဉ်းစားတွေးခေါ် ဆုံးဖြတ်တတ်၏။ မိတ်ဆွေပေါင်းသင်း ရာတွင် သေချာစွာ စဉ်းစားပြီးမှ ပေါင်းသင်းတတ်၏။ ရင်းနှီးသော မိတ်ဆွေအပေါင်းအသင်း နည်းပါးတတ်၏။ စီးပွားရေးဘက်တွင် အထူးပင် အောင်မြင်တတ်၏။ အလွန်ချမ်းသာကြွယ်ဝတတ်၏။

ပေးကမ်းစွန့်ကြဲ လှူဒါန်းတတ်၏။ အကျင့်စာရိတ္တကောင်းမွန် တတ်၏။ စည်းကမ်းရှိပြီး သေသပ်သန့်ရှင်းစွာ နေထိုင်တတ်၏။ အမူ အရာတည်ငြိမ်တတ်၏။ စိတ်တန်ခိုး ပြင်းထန်တတ်၏။ အသေးအဖွဲ ကိစ္စလေးကိုပင် သေချာစွာ စဉ်းစားပြီး ဖြေရှင်းတတ်၏။ အမှား အယွင်းနည်းပြီး အောင်မြင်ကျော်ကြားတတ်၏။ ဘာသာရေးတွင် အထူးပင် ရှိသေကိုင်းရှိုင်းတတ်၏။ ဘုန်းတော်ကြီးများ၊ စာရေး ဆရာ၊ ကဗျာဆရာများ ဖြစ်တတ်၏။

## (၅) အနုပညာရှင်လက်

လက်ချောင်းများ အနည်းငယ် ရှည်လျားနေတတ်၏။ အရင်း တုတ်ပြီး အဖျားရှူးကားနေတတ်၏။ ကတော့ပုံဖြစ်နေ၍ အနုပညာ ရှင်လက် သို့မဟုတ် ကတော့ပုံလက်ဟု ခေါ်ဆို၏။

အနုပညာရှင်လက်သည် စိတ်ကူးယဉ်တတ်၏။ သဘာဝ အလှအပနှင့် ဂီတအနုပညာကို ခုံမင်မြတ်နိုးတတ်၏။ အလုပ်တစ်ခု ကို မြန်ဆန်စွာ လုပ်ကိုင်တတ်၏။ အနုပညာဆန်နေ၍ အနေအထိုင် ကပိုကရို နေတတ်၏။ လျင်မြန်ဖျတ်လတ်တတ်၏။ စိတ်ကူးဉာဏ် အထူးပင် ကောင်းမွန်တတ်၏။ စကားပြောကောင်းသူများ ဖြစ်တတ် ၏။

မြင်ရုံမျှဖြင့် သိလွယ်တတ်လွယ်သော ဦးနှောက်မျိုးရှိတတ် ၏။ အလုပ်တစ်ခုကို စွဲမြဲစွာ လုပ်ဆောင်လေ့မရှိ အပေါင်းအသင်းအ သိုင်းအဝန်းကို လေးစားစွာ ဆက်ဆံတတ်၏။



www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးများဖြစ်လျှင် အချစ်ရေးကို အထူးဂရုပြုတတ်သည်။ တွေ့လျှင် တွေ့ချင်း၊ စဉ်းစား၍မနေ၊ ဆင်ကန်းတောတိုးပြီး နှစ်နှစ်ကာကာ ချစ်ကြိုက်တတ်၏။

နှလုံးသား နူးညံ့တတ်၏။ အချစ်ကြီးသူများ ဖြစ်တတ်၏။ အလွန်အကြူးချစ်မိတတ်၏။ ခဏမျှသာ စိတ်ဆိုးတတ်၏။ ပင်ကိုယ်သဘာဝစိတ်ထားမှာ ဖြူစင်တတ်၏။ ကြင်နာစိတ်က လွှမ်းမိုးနေတတ်၏။

တစ်ခါတစ်ရံတွင် ဖောက်ပြန်ကျူးလွန်တတ်သည်။ ထို့ကြောင့် နှစ်လိုဖွယ်ကောင်းသော အသွင်လက္ခဏာရပ်များ ဆုံးရှုံးပျက်စီးတတ်၏။ ဂီတအနုပညာများနှင့် ပန်းချီပညာရှင်များတွင် ထိုလက်မျိုးကို တွေ့မြင်ရတတ်၏။

## (၆) စိတ်ကူးယဉ်လက်

လက်ချောင်းများ သေးသွယ်ပြီး ရှည်လျားနေတတ်သည်။ ဖြောင့်မတ်ပြီး ညီညာနေသောလက်ကို စိတ်ကူးယဉ်လက် သို့မဟုတ် အဆွေးသမားလက်ဟူ၍ ခေါ်ဆို၏။

စိတ်ကူးယဉ်လက်သည် ဘဝတွင် ဝမ်းနည်းပူဆွေးမှုများနှင့်သာ ရောပြွမ်းနေတတ်၏။ စိတ်ကူးယဉ် ဆန်လွန်းနေတတ်၏။ အလုပ်အကိုင်မည်သို့ပင် လုပ်ကိုင်နေသော်လည်း လက်တွေ့အကောင်အထည်ဖော်ရန် လမ်းစပျောက်နေတတ်၏။ အရောင်အသွေးလှပမှုကို နှစ်သက်မြတ်နိုးတတ်၏။ အနုပညာကို အထူးခံစားတတ်၏။

ကံကို အထူးယုံကြည်ပြီး ဘာသာရေးခံယူချက် လွန်ကဲတတ်၏။ ရှေးဟောင်းအယူအဆများကို ယုံကြည်လက်ခံထားတတ်၏။



www.burmeseclassic.com

www.burmeseclassic.com



(၇) အရေးအနှေးလက်

လက်ချောင်းနှင့် လက်ဝါးပြင်ကိုကြည့်လျှင် အမျိုးမျိုးသော ပုံစံတွင် အံဝင်နေသည်ကို တွေ့ရတတ်၏။ လက်ညှိုးသည် ချွန်နေသည်။ လက်ခလယ်မှာ လေးထောင့်ဖြစ်နေတတ်သည်။ လက်သူကြွယ်မှာ အတွေးအခေါ်လက်ဖြစ်နေတတ်၏။ လက်သန်းမှာ အနုပညာလက် ဖြစ်နေတတ်၏။ ထိုလက်မျိုးကို အရေးအနှေးလက် သို့မဟုတ် စုပေါင်းလက်ဟု ခေါ်ဆို၏။

အရေးအနှေးလက်သည် စိတ်နေစိတ်ထား တည်တန့်ခိုင်မြဲမှုမရှိ၊ တစ်သမတ်တည်း မရှိ၊ အမြဲ ပြောင်းလဲသောသဘော ရှိတတ်၏။

ပန်းချီကိုလည်း လိုက်စား၊ ဂီတပညာလည်း ဆုံးခန်းမတိုင်၊ ဟိုမရောက် သည်မရောက်နှင့်သာ လုပ်ဆောင်လေ့ရှိတတ်၏။ တစ်ခါတစ်ရံတွင် စိတ်ဝင်စားသော အလုပ်တစ်ခုကို ရဲရဲတွာလုပ်ကိုင်မိ၍ တစ်ဟုန်ထိုး အောင်မြင်ကျော်ကြားသွားတတ်၏။

အောင်မြင်ကျော်ကြားသူ နည်းပါးတတ်၏။ ယောင်ခြောက်ဆယ်ဘဝဖြင့်သာ အချိန်ကုန်သည်က များတတ်၏။

## လက်ဖဝါးအရောင်အမျိုးမျိုး

လက်အရောင်အသွေးကို ခွဲခြားဆန်းစစ်ကြည့်လျှင်. . .

(၁) ပန်းရောင်လက်ဖဝါး
(၂) နီသောလက်ဖဝါး
(၃) အဝါရောင်လက်ဖဝါး
(၄) ဖြူသောလက်ဖဝါး
(၅) အပြာရောင်လက်ဖဝါး
(၆) အမည်းရောင်လက်ဖဝါး တို့ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



**(၁) ဝန်းရောင်လက်ဗဝါး**

ဘဝကို တန်ဖိုးထားပြီး သာယာအဆင်ပြေစွာနေထိုင်တတ်၏။ ဉာဏ်ထက်မြက်ပြီး လူအများကို ဆွဲဆောင်နိုင်စွမ်းရှိတတ်၏။ ကြိုးစားမှုကြောင့် လောကီစည်းစိမ်ချမ်းသာကို ရရှိတတ်၏။ ကံကောင်းသူများ ဖြစ်တတ်၏။ တစ်ခါတစ်ရံတွင် ကြမ်းကြုတ်ရက်စက်တတ်၏။

**(၂) နီသောလက်ဖဝါး**

သွေးအား သွေးကြောကောင်းတတ်၏။ ခွန်အားဗလ လွန်ကဲတတ်၏။ စကားပြောရာတွင် ခပ်ပြတ်ပြတ် ဘုကျကျ ပြောတတ်၏။ အစားကြီးတတ်၏။ ရက်စက်တတ်၏။စိတ်ပူပင်ကြောင့်ကြတတ်၏။ စိတ်ကို ထိန်းသိမ်းနိုင်စွမ်းအား နည်းတတ်၏။ အချစ်ရေးကိစ္စတွင် ကမူးရှူးထိုး ဖြစ်တတ်၏။

**(၃) အဝါရောင်လက်ဖဝါး**

ဘဝတွင် ပျော်ရွှင်မှု မရတတ်အောင် ရှိတတ်၏။ ဦးနှောက် အကြည်ဓာတ် ပျက်စီးချွတ်ယွင်းကာ မောဟများပြီး တွေဝေနေတတ်၏။ ခွန်အားဓာတ် ယုတ်လျော့တတ်၏။ အာရုံကြောနှင့် ကြွက်သားတို့ လှုပ်ရှားမှုအားနည်းတတ်၏။ ဘဝတိုက်ပွဲတွင် ကံဆိုးတတ်၏။

**(၄) ဖြူသောလက်ဖဝါး**

သွေးအားနည်းတတ်၏။ ပူနွေးခြင်း ကင်းမဲ့နေတတ်၏။ အချစ်ရေးတွင် အေးတိအေးစက်ရှိတတ်၏။ အထီးကျန်ဘဝဖြင့် နိဂုံးချုပ်တတ်၏။



www.burmeseclassic.com

www.burmeseclassic.com



(၅) အပြာရောင်ထက်ဝေါး

နှလုံးရောဂါ စွဲကပ်တတ်၏။ နှလုံးသားရေးရာနှင့် ပတ်သက်၍ ရက်စက်သော ရာဇဝတ်မှုများကို ကျူးလွန်တတ်၏။ ဒေါသကြီးတတ်၏။ စိတ်သဘောထား ကျွတ်ဆတ်ဆတ်နိုင်တတ်၏။

## လက္ခဏာအရေးအကြောင်းအရောင်အဆင်း

လက်ဝါးပြင်တွင် ဖြတ်သန်းသော လက္ခဏာအရေးအကြောင်းများ နီမြန်းသည့်အဆင်းရှိလျှင် ပျော်ရွှင်မြူးထူးလိုသော စိတ်ဓာတ်ရှိတတ်၏။

လက္ခဏာအရေးအကြောင်းများ မည်းညစ်နေလျှင် သူတစ်ဦး၏ ကျေးဇူးကို မသိတတ်၊ ထင်မိထင်ရာကို ဖွတ်လုပ်တတ်၏။

လက္ခဏာအရေးအကြောင်းများ ဝါနေလျှင် ကြမ်းကြုတ်သော အကျင့်ဆိုးရှိသူ ဖြစ်တတ်၏။

လက္ခဏာအရေးအကြောင်းများ အရောင်အဆင်း ရောနှော၍ နေလျှင် လှံ့လဝီရိယနည်းငယ်သာ ရှိတတ်၏။ သည်းခံတတ်၏။

## လက်မအနေအထားနှင့် စိတ်နေသဘာဝ

လက်ဆစ်ပညာတွင် 'လက်မ' ကို အရေးတကြီးထားပြီး ဟောလေ့ရှိ၏။ လက်မကို သုံးပိုင်းခွဲခြား၍ သတ်မှတ်ထား၏။

လက်မထိပ်မှ လက်မ၏အလယ်ဆစ်ထိ ပထမအဆစ်။

လက်မအလယ်ဆစ်မှ အောက်ခြေဆစ်အထိ ဒုတိယအဆစ်။

လက်မအဆုံးလက်ကောက်ဝတ်အထိ (လက်မ၏နံဘေးပြင်) တတိယအဆစ်။



www.burmeseclassic.com

www.burmeseclassic.com



(၁) လက်မပထမအဆစ်။

လူ၏စိတ်နေသဘောထားနှင့် ဆန္ဒ။

(၂) လက်မဒုတိယအဆစ်။

စဉ်းစားတတ်တတ်သော အသိဉာဏ်။

(၃)လက်မတတိယအဆစ်။

ချစ်ရေးကိစ္စ အိမ်ထောင်မှု

ဟူ၍ မှတ်ယူထားရမည်။

**ပထမအဆစ်အဟော**

လက်မ၏ပထမအဆစ်သည် ရှည်လျားဖြောင့်တန်းနေလျှင်

(က)မိမိကိုယ်ကို ယုံကြည်ခြင်း

(ခ) မိမိကိုယ်ကို အားကိုးခြင်း

(ဂ) တစ်ပါးသူအပေါ် လွှမ်းမိုးအုပ်စိုးနိုင်ခြင်း တို့ဖြင့် ပြည့်စုံတတ်၏။ (ပုံစံ-၂)

လက်မ၏ပထမအဆစ်သည် အသားပြည့်ပြီး နောက်သို့ ကော့လန်နေလျှင် နှမြောခြင်း၊ တွန့်တိုခြင်းမရှိ ရက်ရောစွာ ပေးကမ်းတတ်၏။

လက်မ၏ပထမအဆစ်သည် အသားပါးလှပ်၊ ပြားကပ်ပြီး နောက်သို့ ကော့လန်နေလျှင်. . .

(က)ဒေါသမာန်၊ မာနကင်းပြီး စိတ်သဘောထား နူးညံ့ခြင်း။

(ခ) ဝေဖန်ချင့်ချိန်တတ်သော စိတ်သဘောထားရှိခြင်း။

(ဂ) တစ်ပါးသောသူတို့၏အခက်အခဲများကို ဝေဖန်ပိုင်းခြား ဆုံးဖြတ်တတ်ခြင်း။

စသည်တို့ဖြင့် ပြည့်စုံသူ ဖြစ်တတ်၏။

လက်မ၏ပထမအဆစ်သည် အသားပြည့်ဝနေလျှင် စိတ်ခွန်



www.burmeseclassic.com

www.burmeseclassic.com



အား ကောင်းမွန်တတ်၏။

အကယ်၍ လက်မ၏ပထမအဆစ်သည် အသားပြည့်ဝနေသည်သာမက လက်မ၏အလျားသည် လက်သန်း၏အရှည်နှင့် ညီတူနေခဲ့လျှင်. . .

(၁) အလိုဆန္ဒဟူသမျှ ပြည့်ဝတတ်၏။ ဩဇာကိတ္တိမ ရှိသူလည်း ဖြစ်တတ်၏။

(၂) အများနှင့် ဆက်ဆံရာတွင် ထမြောက် အောင်မြင်တတ်၏။

လက်မ၏ပထမအဆစ်သည် အသားပြည့်ဝ၍ လက်မဖျားချွန်ပြီး နောက်သို့ကော့လန်နေလျှင်. . .

(၁) အသုံးအဖြုန်းကြီးသူဖြစ်တတ်၏။

(၂) လက်ဖွာတတ်၏။

(၃) စိတ်မြန်တတ်၏။

လက်မများသည် တောင့်တင်းဖြောင့်တန်း၍ ပထမအဆစ်မှ လက်မထိပ်အထိ ဖြောင့်တန်းနေလျှင် (ပုံစံ-၄)

(၁) စိတ်ခိုင်မာသူ၊ အိန္ဒြေကြီးသော သူလည်းဖြစ်တတ်၏။

(၂) မည်ကဲ့သို့သော အခက်အခဲများပင် တွေ့ကြုံနေစေကာမူ မတုန်မလှုပ်၊ မချောက်မချားတတ်၊ ဝေဖန်နိုင်းချိန်၍ ပြုမူသွားတတ်၏။

(၃) စကားပြောဆိုရာတွင် ချိုသာယဉ်ကျေးတတ်၏။

(၄) ကတိတည်တည် ဖြောင့်မှန်တတ်၏။

လက်မ၏ပထမအဆစ်သည် အပေါ်သားကားပြီး လက်ဖြဲဘက်သို့ လက်မဆစ်ကောက်နေလျှင်. . .

(၁) များစွာ နှမြောတွန့်တိုတတ်၏။



www.burmeseclassic.com

www.burmeseclassic.com



(၂) ဝီရိယကောင်းသူဖြစ်တတ်၏။
(၃) အတွေးအမြင် ကြီးမားတတ်၏။
(၄) ပိုက်ဆံကြေးငွေအရာတွင် စေးနဲတတ်၏။
(၅) တစ်ပါးသူတို့အပေါ်တွင် အယုံအကြည်ကင်းမဲ့တတ်၏။

လက်မ၏ပထမအဆစ်သည် သေးငယ်နေလျှင် (ပုံစံ-၂)

(၁) စိတ်သဘောထား ပြောင်းလွဲတတ်၏။
(၂) တစ်ပါးသူတို့ လွှမ်းမိုးခြင်းကို ခံရတတ်၏။
(၃) လူ့အောက်သို့ အစဉ်ကြို့လိုသော စိတ်ရှိတတ်၏။

တင်းပုတ်သဏ္ဌာန် လက်မ၏အရင်းသိမ်ပြီး ပထမအဆစ်ပိုင်းထူ၍ ကြီးမားနေလျှင်. . .

(၁) အရှက်အကြောက် ကင်းမဲ့နေတတ်၏။
(၂) အမွှေ မကောင်းမှုများပြုလိုသော ဆန္ဒရှိတတ်၏။
(၃) အသက်ကို သတ်ဖြတ်ရန် ဝန်မလေးသူ ဖြစ်တတ်၏။

**ဒုတိယအဆစ်အကြောင်း**

လက်မ၏ဒုတိယအဆစ်သည် အသားထူ၍ အလျားရှည်လျှင် မိမိ၏အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းဆိုင်ရာတွင် နိုင်းဆတတ်၏။

ဒုတိယအဆစ်၏အလျားသည် ပထမအဆစ်အလျားထက် ရှည်လျားနေလျှင်. . .

(၁) မိမိကိုယ်ကျိုးအတွက် ချင့်ချိန်နိုင်းဆတတ်သော ဉာဏ်နည်းပါးတတ်၏။
(၂) သူတစ်ပါးအတွက် ကောင်းမွန်သော အကြံဉာဏ်နှင့် ဩဝါဒ ပေးစွမ်းနိုင်တတ်၏။

လက်မ၏ဒုတိယအဆစ်သည် ပထမအဆစ်နှင့် အလျားချင်း



www.burmeseclassic.com

www.burmeseclassic.com



ညီတူနေလျှင်. . .

(၁) စဉ်းစားချင့်ချိန်နိုင်သော အသိဉာဏ် အလွန်အကြူး ကောင်းမွန်တတ်၏။

(၂) ကြင်နာသနားတတ်၏။

လက်မ၏ဒုတိယအဆစ်သည် အချိုးအစားမကျဘဲ အသား ထူထဲနေလျှင် (ပုံစံ-၆)

(၁) စိတ်ခွန်အားနည်းပါးတတ်၏။

(၂) မည်သည့်အမှုကိစ္စတွင်မဆို သူများနောက်မှ လိုက်တတ် ၏။

(၃) အကြံကောင်း၊ ဉာဏ်ကောင်းနှင့် စီစဉ်တတ်သောဉာဏ် နည်းပါးတတ်၏။

(၄) မိတ်ဆွေသင်္ဂဟများအမြင်နှင့် တစ်ဖက်တစ်လမ်း ဖြစ် နေတတ်၏။

လက်မ၏ ဒုတိယအဆစ်သည် ပုံပန်းကျနပြီး ခါးသိမ်နေလျှင် (ပုံစံ-၅)

(၁) တစ်ဖက်သားကျလောက်အောင် ပရိယာယ်မာယာတို့ ဖြင့် ဝေဖန်အသုံးချနိုင်စွမ်း ရှိတတ်၏။

(၂) မည်သည့်အခက်အခဲမျိုးကိုမဆို လွယ်ကူစွာ အောင်မြင် နိုင်သော သတ္တိအစွမ်းရှိတတ်၏။

**တတိယအဆစ်အယော**

လက်မ၏ ဒုတိယအဆစ်အဆုံးမှသည် လက်ကောက်ဝတ် အထိကို တတိယလက်မအဆစ်ဟု ခေါ်ဆိုသည်။ ရှင်းလင်းစွာသိ နိုင်ရန် (ပုံစံ-၁)ကို ကြည့်ပါ။

လက်မ၏တတိယအဆစ်သည် ရှင်းလင်းရှည်လျား၍ အစွန်း



www.burmeseclassic.com

www.burmeseclassic.com



နှစ်ခုသည်ထောင့်စွန်းကျကျရှိလျှင်. . .

(၁) အမြင်အားဖြင့် သိပ်သည်းကျစ်လစ်သူဖြစ်နေတတ်၏။

(၂) အချစ်ရေးနှင့်ပတ်သက်ပြီး 'စွံ' သူဖြစ်နေတတ်၏။

အကယ်၍ လက်မ၏တတိယအဆစ်သည် ပုံပန်းမကျ တိုတောင်းနေလျှင်. . .

(၁) အချစ်ရေးကိစ္စတွင် များစွာ လိုက်စားတတ်၏။

(၂) အစဉ်အမြဲ ကာမဂုဏ်မှုကိုသာ တွေးတောနေတတ်၏။

လက်မ၏ တတိယအဆစ်အဖျားပိုင်းတွင် ထင်ရှားသော အဆစ်သည် ပေါ်လွင်လျက် လက်မ၏ အဆစ်အောက်ပိုင်းသည် ညီညာလုံးချောနေလျှင်. . .

(၁) စိတ်သဘောနူးညံ့တတ်၏။

(၂) မိတ်ဆွေပေါများတတ်၏။

(၃) အမြဲပျော်ရွှင်မြူးထူးနေတတ်၏။

(၄) တစ်ဖက်သားအပေါ်တွင် ခင်မင်စွာပေါင်းသင်းဆက်ဆံတတ်၏။

(၅) ချစ်ခင်နှစ်သက်ဖွယ်သော ဇနီးသော်လည်းကောင်း၊ ခင်ပွန်းသော်လည်းကောင်း ရရှိတတ်၏။

(၆) စိတ်ကူးဉာဏ်ကောင်း၍ အခက်အခဲကို လွယ်ကူစွာ အောင်မြင်နိုင်တတ်၏။

(၇) တစ်ခါတစ်ရံ ရုတ်တရက် စိတ်တိုတတ်၏။ သို့သော် ခဏအတွင်း ပြေပျောက်တတ်၏။ ကိုယ်ချင်းစာနာစိတ် ပေါ်လာတတ်၏။

(၈) ရွှေနေရွှေရပ်၊ စာရေးဆရာ၊ စာစီဆရာအလုပ်တို့နှင့် အကျိုးပေးတတ်၏။

www.burmeseclassic.com

www.burmeseclassic.com



## လက်သည်းပွင့်ခြင်း

(၁) လက်မလက်သည်းခွံပေါ်တွင် အဖြူပွင့်လျှင် ချစ်သူ ခင်သူ ပေါ်များတတ်၏။ အမည်းပွင့်လျှင် လူမုန်းများ တတ်၏။ ဥစ္စာပစ္စည်း အကုန်အကျများတတ်၏။

(၂) လက်ညှိုးတွင် အဖြူပွင့်လျှင် ဥစ္စာပစ္စည်းရတတ်၏။ အမည်းပွင့်လျှင် ဥစ္စာပစ္စည်း ပျောက်တတ်၏။

(၃) လက်ခလယ်တွင် အဖြူပွင့်လျှင် ဥစ္စာပစ္စည်း မြောက်များစွာ ရတတ်၏။ အမည်းပွင့်လျှင် မကြာမီအတွင်းသေဆုံး တတ်၏။

(၄) လက်သန်းကြွယ်တွင်အဖြူပွင့်လျှင် ဥစ္စာပစ္စည်းများစွာ ရရှိတတ်၏။ အမည်းပွင့်လျှင် သူတစ်ပါး ငြိုငြင်ခြင်းခံ ရတတ်၏။ (၅) လက်သန်းတွင် အဖြူပွင့်လျှင် အတတ် ပညာသင်ကြားရတတ်၏။ အမည်းပွင့်လျှင် ပညာ ဆုတ်ယုတ်တတ်၏။

ရှိသမျှ လက်သည်းအားလုံးပွင့်နေလျှင် စိတ်ကောက်တတ်သူ စိတ်သဘော မဖြောင့်သူ ဖြစ်တတ်၏။

လက်သည်းခွံအားလုံး အဖြူရောင်ထွက်နေလျှင် သီလ၊ သမာဓိ၊ ပညာနှင့် ပြည့်စုံသူ ဖြစ်တတ်၏။

လက်သည်းခွံအားလုံး မည်းနေလျှင် သူတစ်ပါးအပေါ် လိမ် လည် ကောက်ကျစ်တတ်၏။

လက်သည်းခွံအားလုံးနီရဲနေလျှင် ရက်စက်ကြမ်းကြုတ်တတ် ၏။

**စာရေးသူမှတ်ချက်။** ။(လက်သည်းခွံအရောင်အဆင်းသည် ရောဂါ ဖြစ်နေသူများနှင့် မသက်ဆိုင်ကြောင်း သတိပြုပါ။)



www.burmeseclassic.com

www.burmeseclassic.com



## လက်သည်းခွံနှင့် စိတ်နေစိတ်ထား

(၁) လက်သည်းရှည်လျားနေလျှင် ရောဂါထူတတ်၏။
(၂) လက်သည်းခွံသေးငယ်နေလျှင် မကောင်းကြံတတ်၏။
(၃) လက်သည်းခွံသေးပြီး ဝိုင်းနေလျှင် ခေါင်းမာခက်ထန်တတ်၏။
(၄) လက်သည်းခွံ မညီညွတ်ဘဲ ကွေ့ကောက်နေလျှင် ကြောက်စိတ်ရှိသူ၊ သူရဲဘောနည်းသူဖြစ်တတ်၏။
(၅) လက်သည်းခွံကြီးမား၍ အရင်းဘက်၌ ဝိုင်းဝန်းနေလျှင် ကိုယ်ပိုင်အလုပ်ဖြင့် ချမ်းသာကြွယ်ဝတတ်၏။
(၆) လက်သည်းသွယ်၍ ရှည်နေလျှင် စိတ်နှလုံးကောင်းမွန်တတ်၏။ ဦးနှောက်ကောင်းပြီး ချင့်ချိန်တတ်သော ဉာဏ်နှင့်ပြည့်စုံတတ်၏။ ကိုယ်ပိုင်လုပ်ရည်ကိုင်ရည် ရှိသူ ဖြစ်၏။
(၇) လက်သည်းခွံတိုသောသူများသည် ရှည်သောသူများထက် သတိမှတ်ဉာဏ်ကောင်းတတ်၏။
(၈) လက်သည်းတိုသောသူသည် အငြင်းသန်တတ်၏။
(၉) လက်သည်းရှည်သောသူသည် စိတ်ကူးဉာဏ် ကောင်းမွန်တတ်၏။ လက်မှုပညာ ထူးချွန်တတ်၏။ လုပ်ငန်းဆောင်တာတွင် စိတ်ရောကိုယ်ပါ လုပ်ကိုင်တတ်၏။
(၁၀) လက်သည်းခွံသည် အလျားထက် အနံက ကျယ်ပြန့်နေခဲ့လျှင် ဉာဏ်ပညာနှင့် ပြည့်စုံသော ဆေးဆရာဝန်၊ သမားတော်စသည်တို့ ဖြစ်တတ်၏။
(၁၁) လက်သည်းရှည်၍ ပြန့်ထွက်နေလျှင် ရက်စက်ကြမ်းကြုတ်သူဖြစ်တတ်၏။



www.burmeseclassic.com

www.burmeseclassic.com



(၁၂) လက်သည်းခွံသေးငယ်၍ ပုညွပ်နေလျှင် လိမ်လည်ကောက်ကျစ်စဉ်းလဲတတ်၏။

(၁၃) လက်သည်းပါးလှပ်သောသူသည် လိမ်လည်တတ်၏။

(၁၄) လက်သည်းဝိုင်းစက်သူသည် ပျော်ရွှင်မှုများစွာကို နှစ်သက်လိုလားတတ်၏။

(၁၅) လက်သည်းကို သွားဖြင့် ကိုက်သူသည် သစ္စာ၊ သမာဓိ မရှိ၊ အာရုံလွှန်စွာများပြားပြီး မကောင်းမှုကို ပြုလုပ်တတ်၏။

## လက်သည်းခွံအနေအထားနှင့် ကျန်းမာရေး

တစ်နည်းအားဖြင့် လူတို့၏ ကျန်းမာရေးနှင့် ရောဂါအမျိုးအမည်များကိုပင် ညွှန်ပြသည်ဖြစ်ရာ၊ ဖော်ပြပါပုံနှင့် တိုက်၍ ကြည့်ပါ။

**(၁) လက်သည်းခွံသည် ကြီးမားဝိုင်းဝန်းသည်။ လက်သည်းအရင်း၌ လခြမ်းပုံသဏ္ဌာန် အဖြူဝိုင်း သေးငယ်နေသည်။ အရောင်အဆင်းမှာ ပြာနှမ်းနှမ်းဖြစ်နေလျှင်...**

(၁) စိတ်တိုတတ်၏။

(၂) ကျန်းမာရေးချို့တဲ့တတ်၏။

(၃) နှလုံးရောဂါ စွဲကပ်နေတတ်၏။

**(၂) လက်သည်းခွံ တိုတောင်းပြီး ဝိုင်းဝန်းနေလျှင်...**

(၁) လည်ချောင်းနှင့် ပတ်သက်သော ရောဂါစွဲကပ်နေတတ်၏။



www.burmeseclassic.com

www.burmeseclassic.com



(၃) **လက်သည်းနွံရှည်လျားရှိ၍လက်ထိပ်အပြားဘက်သို့ ကားတက်ပြီး ကျယ်ပြန့်နေလျှင်...**

(၁) အဆုပ်ရောဂါ စွဲကပ်သူ (သို့မဟုတ်) အဆုပ်ရောဂါနှင့်ဆိုင်သော ရောဂါစွဲကပ်၏။

(၄) **လက်သည်းနွံတို့သည် အရင်းသိမ်၍ အဖျားထိပ်ဖက်တွင် လွန်စွာကားလျက် (ပင်လယ်ရေသဏ္ဍာန်) ရှိလျှင်**

လေသင်မုန်း၊ လေငန်း၊ သွက်ချပါဒရောဂါများ စွဲကပ်တတ်၏။

* * * * *





www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com






အမှတ်မထင်ကြည့်လျှင် လူတိုင်း၏ ကျောကုန်း ကျောပြင်သည် အတူတူဟု ထင်မှတ်ရ၏၊ ကျောကုန်းတိုင်း မတူကြပါ။ ကျောလျားရှည်လျှင် အပျင်းထူတတ်၏။ ကျောအလယ် ခွက်ဝင်ပြီး ရေတံလျှောက်သဖွယ်ဖြစ်နေလျှင် ဆင်းရဲတတ်၏ ဟု စကားစဉ် ရှိ၏။

## အမျိုးသားကျောကုန်း လက္ခဏာ

ကျောကုန်းသည်. . .

(က)အကြောပြိုင်းပြိုင်းထနေခြင်း၊

(ခ) ကွေ့ကောက်နေခြင်း၊

(ဂ) ကျောကုန်းကြီးလွန်းပြီး အမွေးပေါက်နေခြင်း၊

(ဃ)ကျောအလယ်တွင် ရေတံလျှောက်သဖွယ် ခွက်နေခြင်း

တို့ရှိလျှင်

www.burmeseclassic.com

www.burmeseclassic.com



(၁) ဆင်းရဲတာရှည်တတ်၏။
(၂) ပစ္စည်းဥစ္စာပါးရှားတတ်၏။
(၃) ဆင်းရဲငြိုငြင်စွာ အသက်မွေးရတတ်၏။
(၄) ဆွေမျိုးသားချင်းများကို ဦးစွာပျက်စီးတတ်၏။

ထိုမကောင်းသော ကျောကုန်းလက္ခဏာနှင့် ကင်းလျှင် 'ကံ' ကောင်းသူဖြစ်တတ်၏။

## အမျိုးသမီး ကျောကုန်းလက္ခဏာ

ကျောကုန်းသည်. . .

(က)ပြည့်ဖြိုးသော အသားများ ထက်ခြမ်းခွဲထားသည့် ဝါးလုံးခြမ်း သဏ္ဌာန်ရှိနေခြင်း၊
(ခ) အကြောပြိုင်းပြိုင်းထနေခြင်း၊
(ဂ) အမွေးအမျှင်ထူခြင်း၊

တို့ဖြစ်နေလျှင် မုဆိုးမ ဖြစ်တတ်၏။

❋ ❋ ❋ ❋ ❋






www.burmeseclassic.com

www.burmeseclassic.com





## ရင်ဘတ်ပြင်

လူတွင် ရင်ဘတ်သည် အရေးကြီး၏။ အမျိုးသမီးတို့၏ အလှတွင် ရင်သည် အလှတစ်ပါးဖြစ်သည်။ ခါးသေး ရင်ချီနေခြင်းသည် မတို့၏ ကျက်သရေပင်ဖြစ်သည်။

### အမျိုးသားရင်ဘတ်ပြင် လက္ခဏာ

ရင်ဘတ်ပြင်သည်. . .
(က)မြင့်မောက်နေခြင်း၊
(ခ) အသားတို့ဖြင့် ပြည့်ဝနေခြင်း၊
(ဂ) ရှည်လျားပြီး ကျယ်ပြန့်မှုရှိခြင်း
တို့ရှိလျှင်. . .
(၁) အကြီးအကဲဖြစ်တတ်၏။
(၂) ဥစ္စာနေ ကြွယ်ဝ ချမ်းသာတတ်၏။
(၃) အသက်ရှည်တတ်၏။



www.burmeseclassic.com

www.burmeseclassic.com



အကယ်၍ ရင်ဘတ်ပြင်သည်. . .

(က)မညီမညွတ်ရှိနေခြင်း၊

(ခ) နိမ့်မြင့် ရွဲ့စောင်းခြင်း၊

(ဂ) အလွန်ချိုင့်နေခြင်း၊

တို့ရှိလျှင်. . .

(၁) အရွယ်မရောက်မီ သေဆုံးတတ်၏။

(၂) မသေခဲ့လျှင် ပစ္စည်းဥစ္စာများ ပျက်စီးတတ်၏။

## အမျိုးသမီး ရင်ဘတ်ပြင် လက္ခဏာ

ရင်ဘတ်ပြင်သည်. . .

(က)မို့မောက်ပြည့်ဖြိုးခြင်း၊

(ခ) အမွေးအမျှင်ကင်းရှင်းရခြင်း (အမျိုးသားရင်အုပ်တွင် အမွေးပေါက်ခြင်းသည် အပြစ်မဟုတ်ပါ)

(ဂ) အသားမြတ်များ ဖွံ့ဖြိုးရခြင်း၊

တို့ရှိလျှင် ချမ်းသာကြီးပွားတတ်၏။ လင်ယောက်ျားကောင်း ရတတ်၏။

အကယ်၍ ရင်ဘတ်ပြင်သည်. . .

(က)ကြုံလှီခြင်း၊

(ခ) ကြမ်းတမ်းခြင်း၊

တို့ရှိလျှင် အကျင့်စာရိတ္တမကောင်းဖြစ်တတ်၏။

## အမျိုးသား သားမြတ်သီးလက္ခဏာ

အမျိုးသား သားမြတ်သီးသည် နှစ်ဘက်စုံညီအပေါ်သို့ ချွန်တက်နေလျှင် မိမိစိတ်ကို အစိုးရသူဖြစ်တတ်၏။ သားမြတ်သီးသည် ယောင်ယောင်မျှ ကြီးလျှင် ချမ်းသာတတ်၏။



www.burmeseclassic.com

www.burmeseclassic.com



သားမြတ်သီးသည်. . .

(က)တစ်ဖက်နှင့်တစ်ဖက် အနိမ့်အမြင့်အားဖြင့် မညီမညွတ်ခြင်း

(ခ) အကြီးအငယ်အားဖြင့် မညီညွတ်ခြင်းတို့ ဖြစ်နေလျှင် ဥစ္စာပစ္စည်းများ ပြတ်လပ်ပြီး၊ အမြဲလိုပင် ဆင်းရဲနေတတ်၏။

## အမျိုးသမီး သားမြတ်သီး လက္ခဏာ

သားမြတ်သီးသည်. . .

(၁) ညီခြင်း၊ နက်ခြင်းရှိပြီး ဝန်းလုံးနေလျှင် ချမ်းသာတတ်၏။

(၂) နို့သီးခေါင်း (သားမြတ်သီး)သည် အသားတွင်း၌ ပိပြားနစ်မြုပ်နေပြီး ရှည်လျားလွန်းနေလျှင် စည်းစိမ်ချို့တဲ့တတ်၏။

(၃) နို့သီးခေါင်းသည် အအုံရင်းမှစ၍ ငိုက်ကျနေပြီး၊ အသီးက အပေါ် သို့ပြန်ကော့ထောင်တက်နေလျှင် ညားသမျှ လင်ယောကျ်ားတို့ သေဆုံးတတ်၍ 'လင်သေမ' ဖြစ်တတ်၏။

## အမျိုးသား အသားမြတ်လက္ခဏာ

ရင်ဘတ်အသားမြတ်သည်

(က)ပြည့်ဖြိုးမို့မောက်နေခြင်း၊

(ခ) နူးညံ့နေခြင်း၊

တို့ရှိလျှင် ဂုဏ်ကျက်သရေနှင့် ပြည့်စုံတတ်၏။

အသားမြတ်သည် တစ်ဖက်နှင့်တစ်ဖက် အနိမ့်အမြင့် မညီ



www.burmeseclassic.com

www.burmeseclassic.com



လျှင် ရုန့်ရင်းကြမ်းတမ်းတတ်၏။ အကျင့်ယုတ်မာတတ်၏။ ဆင်းရဲဒုက္ခရောက်တတ်၏။

## အမျိုးသမီးအသားမြတ် လက္ခဏာ

အသားမြတ်သည်

(၁) **ဝန်းလုံးခြင်း၊ တင်းမာခြင်း၊ ဆူဖြိုးစိုပြည်ခြင်းတို့ရှိလျှင်**
ကြီးပွားချမ်းသာတတ်၏။ ကတော်မယားဖြစ်တတ်၏။

(၂) **အနေတော်အရွယ်အစားရှိသည့်တိုင် စိုပြည်မှုကင်းပြီး မွဲခြောက်ခြောက်ဖြစ်နေလျှင်**
ဆင်းရဲပင်ပန်းတတ်၏။

(၃) **ရေအိုးကဲ့သို့ရှိလျှင်**
သီလမရှိ။ အကျင့်ပျက်အံ့ဟု သာမုဒ္ဒိကကျမ်း အဆိုရှိ၏။

(၄) **ရှည်လျားပြီး တွဲနေလျှင်**
လင်ငယ်နေတတ်၏။ သို့မဟုတ် အိမ်ထဲတွင် လင် နှစ်ယောက်စလုံး တစ်ပြိုင်တည်း ယူထားတတ်၏။

(၅) **အသားမြတ်သည်**
(က)နို့အုံတင်းမာမှုကင်းခြင်း၊
(ခ) လျော့လျည်းပျော့ရွဲနေခြင်း၊
(ဂ) တစ်ခုနှင့်တစ်ခု ဝေးစွာ တည်ရှိခြင်း၊
(ဃ)နို့မရှွင်ခြင်း၊
(င) နို့မထွက်ခြင်း၊



www.burmeseclassic.com

www.burmeseclassic.com



(၈) နှုရည်ညစ်မည်းနေခြင်း၊
တို့ရှိလျှင် စိတ်ထားယုတ်ညံ့တတ်၏။

**(၆) လက်ယာဘက်နို့အုံသည် ဝိုင်းကြီးပြီး မြင့်နေလျှင်** သားယောက်ျား အရင်မွေးတတ်၏။ လက်ဝဲဘက်နို့အုံသည် ကြီးပြီး မြင့်နေလျှင် သမီးမိန်းကလေး ဦးစွာ မွေးတတ်၏။

## အမျိုးသားဝမ်းဗိုက် လက္ခဏာ

ဝမ်းဗိုက်သည်

(၁) သေးငယ်ခြင်းရှိလျှင် မင်းစိုးရာဇာဖြစ်တတ်၏။

(၂) မကြီးလွန်း မသေးလွန်းရှိလျှင် စည်းစိမ်ချမ်းသာနှင့် ပြည့်စုံတတ်၏။

(၃) စူပွ၍နေလျှင် ရောဂါမျိုးစုံတတ်၏။ မိန်းမအား မှီခိုကပ်ရပ်ပြီး အသက်မွေးရသူ ဖြစ်တတ်၏။

(၄) မညီမညွတ်ဘဲ ပိန်သေးနေလျှင် လိမ်လည်လှည့်ဖြား တတ်၏။

(၅) ရှုံ့ဝင်ပြီး ဝမ်းခေါင်းနက်ရှိုင်းခြင်းရှိလျှင် အမြဲမပြတ်မြင့်သောနေရာမှ ချော်ချွတ်ပြီး လိမ့်ကျတတ်၏။

(၆) လက်ဝဲဘက်သို့ တွဲနေလျှင် လွန်စွာ ယုတ်ညံ့သူ ဖြစ်တတ်၏။

(၇) ဝမ်းဗိုက်အလွန်ကြီးပြီး ဆူဖြိုးနေလျှင် အစားကြီးတတ်၏။

(၈) လောက်စာလုံးကဲ့သို့ လုံးချောနေလျှင် မိုက်မဲတတ်၏။

(၉) ဝမ်းဗိုက်ခေါက်ထူလွန်းလျှင် ရောဂါမျိုးစုံပြီး ကံဆိုးတတ်၏။



www.burmeseclassic.com

www.burmeseclassic.com



## အမျိုးသမီး ဝမ်းဗိုက်လက္ခဏာ

အမျိုးသမီး ဝမ်းဗိုက်ဝမ်းပြင်သည် အထစ်အဖု မရှိ ညီညွတ်စွာ ရှိအပ်၏။ တစ်ဘက်ဘက်သို့ တွဲ၍ ကျနေလျှင် ကျက်သရေကင်းမဲ့စေတတ်၏။

အသားမြတ်နှင့် ချက်အကြားရှိ ဝမ်းပြင်းအလယ်သားသည် ကျယ်ပြန့်ခြင်း မရှိလျှင် ဥစ္စာဓနများစွာ ပိုင်ဆိုင်ရတတ်၏။

ဝမ်းဗိုက်ပြားချပ်လွန်းလျှင် မကောင်းမှု ပြုလေ့ရှိတတ်၏။ (သာမုဒ္ဒိက သျှတ္တရကျမ်းအဆို)

## အမျိုးသားချက်လက္ခဏာ

ချက်သည်. . .

(က)ကျယ်ပြန့်ခြင်း၊

(ခ) အတွင်းသို့နက်ခြင်း၊

(ဂ) လက်ယာရစ်တည်ရှိခြင်း၊

တို့ရှိလျှင် ပညာ၊ ဥစ္စာနှစ်ပါး ပြည့်စုံတတ်၏။ အကယ်၍ ချက်သည်

(က)ကြာပန်းကြာပွင့် သဏ္ဌာန်နှင့်တူခြင်း၊

(ခ) စက်ဝိုင်းသဏ္ဌာန်ကဲ့သို့ တည်ရှိခြင်း၊

တို့ရှိလျှင် ဩဇာအရှိန်အဝါ ကြီးမားတတ်၏။ ချက်သည် အပြင်သို့ စူထွက်နေလျှင် ကောင်းသောလက္ခဏာမဟုတ် ။ စိတ်ထားယုတ်ညံ့တတ်၏။ မကောင်းသောအကျင့်အကြံများ ရှိတတ်၏။

www.burmeseclassic.com

www.burmeseclassic.com



## အမျိုးသမီး ချက်လက္ခဏာ

ချက်သည်. . .

(က)ချက်တွင်းနက်ခြင်း၊

(ခ) ချက်သည် စူထွက်၍ မနေခြင်း (ချက်ပိုမဖြစ်ရ)

(ဂ) ချက်သည် ကြာပန်းကြာချပ်သဏ္ဍာန်နှင့် တူနေခြင်း၊

(ဃ)လက်ယာရစ်စက်ဝှေသဏ္ဍာန်ရှိခြင်း၊

တို့ရှိလျှင် မလွဲကေန် ဥစ္စာပညာနှင့် ပြည့်စုံပြီး စိတ်ချမ်းသာတတ်၏။

## အမျိုးသား ခါးလက္ခဏာ

ခါးသည်. . .

(က)ရှည်လျားခြင်း၊

(ခ) ကြီးမားခြင်း၊

(ဂ) တုတ်ခိုင်ခြင်း၊

တို့ရှိလျှင် ချမ်းသာကြွယ်ဝတတ်၏။

အလွန်သေးငယ်ကြုံလှီသော ခါးရှိလျှင် စိတ်ထားယုတ်နိမ့်တတ်၏။ မိန်းမဆန်တတ်၏။

ထူးခြားစွာ ခါးတွင် မွေးညင်းများပေါက်နေလျှင် ဆင်းရဲတတ်၏။

ခါးသည် ခွေး မျောက်၊ ကုလားအုပ်ကဲ့သို့သော ခါးမျိုးရှိလျှင် အလွန်ဆင်းရဲ နိမ့်ကျတတ်သည်ဆို၏။ အလွန်ပြဲဖရှိပြီး အရှိန်အဝါကြီးမားသော ယောက်ျားကောင်း၊ ယောက်ျားမြတ်တို့၏ ခါးသည် ခြင်္သေ့မင်းကဲ့သို့ လည်းကောင်း၊ ကျားသစ်များကဲ့သို့ လည်းကောင်း ရှိရမည်ဟူ၍ ရှေးကျမ်းဂန်များတွင် ပြဆိုထား၏။



www.burmeseclassic.com

www.burmeseclassic.com



## အမျိုးသမီး ခါးလက္ခဏာ

"ခါးသေး ရင်ချီ ပဒုမ္မနီ" ဟူသော ဆိုစကားရှိ၏၊ အမျိုးသမီး၏ ခါးသည် တဖြောင့်တညီတည်း မရှိအပ်၊ ခါးတွင် အမွေးအမျှင်များ မပေါက်အပ်ပါ။

ရင်ချီပြီး တင်သားမြင့်မောက်ခြင်းရှိလျှင် ခါးသည် အလိုအလျောက် တင့်တယ်ပြီးသား ဖြစ်သည်၊ အမျိုးသမီးတို့၏ ရုပ်အဆင်းသည် စနမည်၍ ခါးကြီးပြီး တောင့်တင်းနေလျှင် ကျက်သရေကင်းမဲ့တတ်၏။

(၁) ခါး အလွန်သေးခြင်း၊
(၂) မွေးညင်းများကင်းခြင်း၊

တို့ရှိလျှင် လင်ယောကျ်ား၏ ချစ်ခင်မြတ်နိုးခြင်းကို ခံရတတ်၏။

## အမျိုးသားတင်ပါး လက္ခဏာ

တင်ပါးသည်. . .
(က)မြင့်မောက်လွန်းနေခြင်း၊
(ခ) ဖွံ့ဖြိုးလွန်းနေခြင်း၊
(ဂ) ပိန်ကပ်လွန်းနေခြင်း၊

တို့ရှိလျှင် စိတ်အပြောင်းအလွဲ မြန်တတ်၏။ ကောက်ကျစ်စဉ်းလဲတတ်၏။ ဆင်းရဲချို့တဲ့တတ်၏။



www.burmeseclassic.com

www.burmeseclassic.com



## အမျိုးသမီးတင်ပါး လက္ခဏာ

(က)တင်ပါး ပြားချပ်ခြင်း၊
(ခ) အလုံးအထည်ညီညွတ်ခြင်း၊
(ဂ) မြင့်မောက်နေခြင်း၊

တို့ရှိလျှင် ချမ်းသာ ကြွယ်ဝတတ်၏။ အကယ်၍ တင်ပါးသည်. . .

(က)ကောက်ခြင်း၊
(ခ) ရှုံ့ခြင်း၊
(ဂ) ကြမ်းတမ်းခြင်း

တို့ရှိလျှင် ဆင်းရဲပင်ပန်းပြီး ပစ္စည်း၊ ဥစ္စာ ချို့တဲ့တတ်၏။

## အမျိုးသား ပေါင် လက္ခဏာ

ပေါင်သည်. . .

(က)ပေါင်နှစ်ဘက်စလုံး အသားတို့ဖြင့် ပြည့်ဝနေခြင်း၊
(ခ) ပေါင်သည် နူးညံ့ပြေပြစ်မှုရှိခြင်း၊

တို့ရှိလျှင် လူ့ခနမှ အဆင့်အတန်းမြင့်မားစွာ နေရတတ်၏။ စည်းစိမ် ချမ်းသာကြီးမားတတ်၏။

အမျိုးသား၏ ပေါင်နှစ်ဘက်ကို ယှဉ်၍ကြည့်ပါ။ ဆက်စပ်မှုရှိပြီး အကြားမရှိလျှင် တစ်စုံတစ်ခုသော ဂုဏ်သတင်းဖြင့် ထင်ရှားကျော်ကြားတတ်၏။

ပေါင်နှစ်ဘက်သည် ဗျက်အားဖြင့် ကျယ်ပြန့်နေခြင်းရှိလျှင် အမျိုးသမီးများ ချစ်ခင်စွဲမက်တတ်သည်ဟု ရှေးကျမ်းဂန်များတွင် ပြဆိုထား၏။



www.burmeseclassic.com

www.burmeseclassic.com



မကောင်းသော ပေါင်မှာ. . .

(က)အရင်းအဖျား ကြီးမားနေခြင်း၊

(ခ) အရင်းအဖျား မကြီးသော်လည်း ပေါင်အလယ်ပိုင်းတွင် ပိန်ကြုံနေတတ်ခြင်း၊

(ဂ) ပေါင်အလယ်ပိုင်းတွင် အသားနည်းပါးပြီး ပိပြားနေခြင်း၊

တို့ရှိလျှင် အလုပ်အကိုင် အကြံအစည်များ မအောင်မြင်တတ်၊ ခရီးများများသွားနေသူ ဖြစ်တတ်၏။

## အမျိုးသမီးပေါင် လက္ခဏာ

ပေါင်သားသည်. . .

(က)ဆင်နှာမောင်းကဲ့သို့ အချိုးအစားရှိခြင်း၊

(ခ) နူးညံ့သော အသားတို့ဖြင့် ပြည့်ဖြိုးနေခြင်း၊

(ဂ) မွေးညင်းကင်းစင်ပြီး သန့်ရှင်းခြင်း၊

(ဃ)ပျော့ပျောင်းမှုရှိခြင်း၊

တို့ရှိလျှင် ဩဇာရှိတတ်၏။ စည်းစိမ်ချမ်းသာနှင့် ပြီးပြည့်စုံတတ်၏။

ပေါင်နှစ်ဘက်ကို ယှဉ်ကပ်ကြည့်လျှင် အကြားမထင်လျှင် သူဌေးမ (သို့မဟုတ်) မှူးမတ်ကတော်၊ သူဌေးကတော် ဖြစ်တတ်၏။

ပေါင်သားသည်. . .

(က)ကြမ်းတမ်းခြင်း၊

(ခ) မွေးညင်းများခြင်း၊

(ဂ) အသားကင်းပြီး ပိပြားနေခြင်း၊

တို့ရှိလျှင် ထမင်းတလုပ်အတွက် ပင်ပန်းဆင်းရဲစွာ ရှာဖွေ၍ သောက်ရတတ်၏။



www.burmeseclassic.com

www.burmeseclassic.com



## အမျိုးသား ဒူးဆစ်လက္ခဏာ

ဒူးဆစ်သည်. . .

(က)ဝန်းဝိုင်းနေခြင်း၊

(ခ) ကြီးသော ဒူးဆစ်ရှိခြင်း

တို့ရှိလျှင် အကြီးအမှူး ဖြစ်တတ်၏။ ရာထူးကြီးများ ရရှိတတ်၏။

(က)ဒူးဆစ်ရှည်လျှင် အသက်ရှည်တတ်၏။

(ခ) တုတ်ခိုင်ပြီး ကြီးနေလျှင် သတ္တိရှိတတ်၏။

(ဂ) ဒူးဆစ်သည် ပြေပြစ်ပြီး ပြူထွက်နေခြင်း မရှိလျှင် အသက်ရှည်၍ ချမ်းသာကြီးပွားတတ်၏။


မကောင်းသော ဒူးဆစ်များမှာ. . .

(၁) ဒူးဆစ် သေးငယ်သေးသိမ်ပြီး လမ်းလျှောက်စဉ် တဂုတ်ဂုတ် အသံမြည်နေလျှင် ရောဂါမျိုးစုံတတ်၏။ အသက်တိုတတ်၏။

(၂) ဒူးဆစ်တွင် အသားကင်းပြီး ခြောက်သွေ့ ပိန်ကပ်နေလျှင် ခရီးလှည့်လည်ရင်း အရပ်တစ်ပါးတွင် အညတရ ဘဝဖြင့် သေကြေရတတ်၏။

(၃) ဒူးဆစ်နှစ်ဘက်သည် အားယုတ်ပြီး အလွန်သေးငယ်နေလျှင် တစ်ပါးသူအား ညှဉ်းဆဲချုပ်နှောင်သတ်ဖြတ်မှုဖြင့် အသက်မွေးရတတ်၏။

(၄) ဒူးဆစ်နှစ်ဘက်သည် မညီမညွတ် (သို့မဟုတ်) အနိမ့်အမြင့် ရှိနေလျှင် ဆင်းရဲဒုက္ခရောက်တတ်၏။





www.burmeseclassic.com

www.burmeseclassic.com


## အမျိုးသမီး ဒူးဆစ်လက္ခဏာ

(၁) ဒူးဆစ်တွင် အသားများပြည့်နေလျှင် ချမ်းသာတတ်၏။ ထင်ရှား ကျော်ကြားတတ်၏။

(၂) ဒူးဆစ်တွင် အသားများကင်းပြီး အမွေးများ ထူထပ်စွာ ပေါက်နေလျှင် အကျင့်စာရိတ္တပျက်ပြီး ကာမဆန္ဒလွန်ကဲ တတ်၏။

(၃) လမ်းသွားလျှင် အသံမြည်လျှင် ဆင်းရဲတတ်၏။

## အမျိုးသား ခြေသလုံး လက္ခဏာ

ခြေသလုံးသည်. . .

(၁) ခြေသလုံးကြွက်သားသည် နူးညံ့ပြီး အသားတို့ပြည့်နေ လျှင် ဘုန်းတန်ခိုးကြီးတတ်၏။

(၂) နူးညံ့သောမွေးညင်းတို့ တစ်ပင်နှစ်ပင် ပေါက်နေလျှင် လူအများ ချစ်ခင်တတ်၏။

(၃) မွေးညင်းတို့ပျော့ပျောင်းပြီး ကောက်ကွေးနေလျှင် လူ ပျင်းဖြစ်တတ်၏။

(၄) ခြေသလုံး ကြွက်သားသည်တဖြောင့်တပြေးတည်း ရှိနေ လျှင် ဆင်းရဲပင်ပန်းတတ်၏။ နောက်ဆုံးတွင် အနှောင် အဖွဲ့တွေ့ကာ သေကြေ ပျက်စီးရတတ်၏။

## အမျိုးသမီး ခြေသလုံး လက္ခဏာ

ခြေသလုံးသည်. . .

(က)အမွေးကင်းခြင်း၊

(ခ) ပိပြားနိမ့်ကျခြင်းမရှိဘဲ ပြည့်ဝနေခြင်း၊

တို့ရှိလျှင် ကြီးပွားချမ်းသာတတ်၏။


www.burmeseclassic.com

www.burmeseclassic.com



(က)အမွေးများစွာပေါက်ခြင်း၊

(ခ) ပိပြားနိမ့်ကျခြင်း၊

တို့ရှိလျှင် အပျင်းထူတတ်၏။ တခုလပ် မုဆိုးမ ဖြစ်တတ်၏။

ခြေသလုံးကြွက်သားတွင် အကြောထခြင်း ကင်းပြီး၊ အမွေး ပေါက်ခြင်း မရှိမှသာ ကတော်မယားဖြစ်တတ်၏။

## အမျိုးသားခြေဖမိုး လက္ခဏာ

ခြေဖမိုးသည်. . .

(က)အသားတို့ဖြင့် ပြည့်ဝနေခြင်း၊

(ခ) နူးညံ့သော အသားအရေရှိခြင်း၊

(ဂ) အကြောတို့မပေါ်လွင်ခြင်း၊

(ဃ)ပြေပြစ်မှုရှိခြင်း၊

(င) ချွေးထွက်နည်းပါးခြင်း၊

(စ) မွေးညင်းနည်းပြီး၊ ပေါက်သော မွေးညင်းတို့မှာ နူးညံ့ခြင်း၊

(ဆ)လိပ်ကျောကုန်းကဲ့သို့ အလယ်တွင် မြင့်မောက်နေခြင်း၊

တို့ရှိလျှင် မြင့်မြတ်သော နှလုံးရှိပြီး ကျေးဇူးတရားကို အစဉ် ...န်၍ ဆပ်လေ့ရှိတတ်၏။

## အမျိုးသမီး ခြေဖမိုး လက္ခဏာ

ခြေဖမိုးတွင် အကြောတို့ပြိုင်းပြိုင်းထနေခြင်း မရှိ၊ စိုစွတ်ချွေး ...တ်လွန်းခြင်း မရှိမှသာ ချမ်းသာကြီးပွားတတ်၏။ သို့မဟုတ်လျှင် ...ရာ အတည်တကျ မရှိ၊ ဆင်းရဲပင်ပန်းစွာ ရှာဖွေစားသောက်ရ ...တ်၏။



www.burmeseclassic.com

www.burmeseclassic.com



## အမျိုးသားခြေဗျက်စိ လက္ခဏာ

ခြေဗျက်စိသည်. . .

(က)အသားတို့ဖြင့် ဖုံးအုပ်လျက်ရှိခြင်း၊

(ခ) အကြောမထခြင်း၊

(ဂ) ယောင်ယောင်လေးမျှသာ ပေါ်လွင်ပြီး ကြာငုံသဏ္ဍာန်နှင့် တူနေခြင်း၊

(ဃ)နူးညံ့မှုရှိခြင်း၊

(င) ကြက်ဥသဏ္ဍာန် လုံးချောနေခြင်း၊

(စ) ညီညွတ်ပြေပြစ်မှုရှိခြင်း၊

တို့ရှိလျှင် ကြီးပွားချမ်းသာတတ်၏။ ထင်ရှားကျော်ကြားတတ်၏။ 'ကံ'ကောင်းတတ်၏။ ယင်းအမျိုးသားခြေဗျက်စိ လက္ခဏာနှစ်ခု သို့မဟုတ် သုံးခု ချွတ်ယွင်းနေလျှင် မကောင်းကျိုးများပေးတတ်သည်ကို သတိပြုပါ။

## အမျိုးသမီးခြေဗျက်စိလက္ခဏာ

ခြေဗျက်စိသည်. . .

(က)လုံးဝန်းနေခြင်း၊

(ခ) အကြောမထင်ခြင်း၊

(ဂ) အဆင်ပြေပြစ်ခြင်း

တို့ရှိလျှင် ပညာဥစ္စာနှစ်ခုစလုံး ပြီးပြည့်စုံတတ်၏။

(က)ကြီးမားနေခြင်း၊

(ခ) ငေါထွက်နေခြင်း၊

(ဂ) ချိုင့်ခွက်၍ ဝင်နေခြင်း၊

တို့ရှိလျှင် အခိုင်းအစေ (သို့မဟုတ်) အစေအပါးဖြစ်တတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



## အမျိုးသား ခြေဖနောင့် လက္ခဏာ

ခြေဖနောင့်သည်. . .

(၁) ကြီးပြီး မြင့်မောက်နေလျှင် အသက်ရှည်တတ်၏။

(၂) တိုပြီး သေးငယ်နေလျှင် အသက်တိုတတ်၏။

(၃) ခြေဖနောင့်ရှည်လျှင် ဘုန်းတန်ခိုးကြီးတတ်၏။ ချမ်းသာတတ်၏။

## အမျိုးသမီး ခြေဖနောင့် လက္ခဏာ

ခြေဖနောင့်သည်. . .

(က)ခြေဖဝါးနှင့် အဆင်ပြေနေခြင်း၊

(ခ) ခြေဖဝါးနှင့် သင့်လျော်သော အရွယ်အစားရှိနေခြင်း၊

(ဂ) ခြေဖနောင့်သား အထင်အရှား ရှိနေခြင်း၊

တို့ရှိလျှင် စိတ်သဘောထား အလွန်ကောင်းမွန်တတ်၏။ စည်းစိမ် ဥစ္စာဓန တို့ဖြင့် ပြည့်စုံတတ်၏။

အကယ်၍ ခြေဖနောင့်သည်. . .

(က)အလွန်ကြီးမားလွန်းနေခြင်း၊

(ခ) အသားနည်းပါးနေခြင်း၊

(ဂ) အလွန်ရှည်လျားနေခြင်း၊

တို့ရှိလျှင် ဆင်းရဲတတ်၏။

## အမျိုးသား ခြေဖဝါးပြင် လက္ခဏာ

ခြေဖဝါးပြင်သည်. . .

(က)အသားပြည့်ပြီး မို့မောက်နေခြင်း၊

(ခ) နူးညံ့ခြင်း၊

(ဂ) ခြေဆီထွက်ခြင်း၊



www.burmeseclassic.com

www.burmeseclassic.com



(ဃ)ချောညောင်းခြင်း၊

(င) နီမြန်းသော အရောင်အဆင်းရှိခြင်း၊

(စ) ဖနောင့်မှ အထက်သို့ သွားသော အရေးအကြောင်းများ ရှိခြင်း၊

တို့ရှိလျှင် စည်းစိမ်ချမ်းသာနှင့် ပြည့်စုံတတ်၏။ အကြီးအကဲ ဖြစ်တတ်၏။ ထူးခြား ထင်ရှားသော ယောကျ်ားကောင်း ယောကျ်ားမြတ် ဖြစ်တတ်၏။

မကောင်းသော ခြေဖဝါးပြင်မှာ. . .

(၁) ခြေဖဝါးပြင်အလယ်၌ အတွင်းသို့ ခွက်ပြီး ဝင်နေပြီး မြေနှင့်မထိ အလယ်တွင် ပြတ်နေလျှင် မိန်းမရ ကံမကောင်း၊ 'မိန်းမသတ်၍ သေအံ့' ဟူ၍ ရှေးကျမ်းဂန်များတွင် ပြဆိုထား၏။

(၂) ခြေဖဝါးပြင်သည် ခြောက်သွေ့ပြီး အသားကင်းနေလျှင် အစဉ် ရောဂါကပ်ငြိလေ့ရှိသော ဂိလာနပုဂ္ဂိုလ် ဖြစ်တတ်၏။

(၃) ခြေဖဝါးပြင်သည် သန့်ရှင်းစင်ကြယ်မှု မရှိ အစဉ်သဖြင့် အညစ်အကြေးတို့ ကပ်ငြိနေလျှင် အမျိုးကို ဖျက်ဆီးသူ ဖြစ်တတ်၏။

(၄) ခြေဖဝါးပြင်တွင် အရေးအကြောင်းများ ကင်းမဲ့နေပြီး (ရှင်းလင်းနေခြင်း) ဖြစ်လျှင် ဆင်းရဲတတ်၏။

ခြေဖဝါးပြင် အရောင်အဆင်း အပြစ်များမှာ. . .

(က)ခြေဖဝါးပြင်၏ အရောင်အဆင်းသည် ဝါနေလျှင် မကောင်းသော အကုသိုလ်များကို ပြုလုပ်တတ်၏ (ဥပမာ- မပြစ်မှားအပ်သူ ၏ သားမယား၊ သမီးတို့ကို ခိုမင်စွာ မွေ့လျော် ဖျက်ဆီးတတ်၏)



www.burmeseclassic.com

www.burmeseclassic.com



(ခ) ခြေဖဝါးပြင် အရောင်အဆင်းသည် နက်နေလျှင် ဘိန်း၊ ဆေးခြောက်၊ မူးယစ်ဆေးဝါးများကို ခုံမင်ပြီး အကျင့်ပျက်တတ်၏။

## အမျိုးသမီး ခြေဖဝါး လက္ခဏာ

ခြေဖဝါးသည်. . .

(က)နူးညံ့ခြင်း၊

(ခ) နီသော အရောင်အဆင်းရှိခြင်း၊

(ဂ) ပူနွေးသော အငွေ့အသက်ရှိခြင်း၊

(ဃ)ပြည့်မောက်ညီညွတ်ခြင်း၊

(င) ချွေးနှင့်ခြေဆီများ မထွက်ခြင်း၊

တို့ရှိလျှင် ချမ်းသာ ကြီးပွားတတ်၏။ အမည် ထင်ရှားတတ်၏၊

မကောင်းသောအမျိုးသမီး၏ခြေဖဝါး လက္ခဏာများမှာ. . .

(က)လွန်စွာ ခြောက်သွေ့ခြင်း၊

(ခ) ကြမ်းတမ်းခြင်း၊

(ဂ) အပြတ်ပြတ်ဖြစ်ပြီး ကွဲအက်နေခြင်း၊

(ဃ)မြေတွင် နင်းသောအခါ အလုံးစုံ မထင်ခြင်း၊

(င) တစ်ခြမ်းမျှသာ ထင်ရှားခြင်း၊

တို့ရှိလျှင် ဆင်းရဲတတ်၏။ အလုပ်အကိုင် အဆင်မပြေတတ်၊ 'ကံ' ဆိုးတတ်၏။ မထင်မရှားဖြင့် ဘဝဆုံးပါးတတ်၏။

ခြေဖဝါးပြင်ပေါ်ရှိ အရေးအကြောင်းတို့သည်. . .

(က)ထင်ရှားပြီး ရှုပ်ရှက်ခတ် မဖြစ်ခြင်း၊

(ခ) ခြေဖဝါးအလယ်တွင် ဖြောင့်တန်းသောလမ်းကြောင်းရှိခြင်း၊



www.burmeseclassic.com

www.burmeseclassic.com



(ဂ) အရေးအကြောင်းများ ပြတ်သားရှင်းလင်းစွာ ရှိနေခြင်း၊
တို့ရှိလျှင် ချမ်းသာ ကြွယ်ဝတတ်၏။
အကယ်၍ ခြေဖဝါးပြင်ပေါ်ရှိ အရေးအကြောင်းတို့သည်
(က)ရှုပ်ထွေးနေခြင်း၊
(ခ) ညစ်ညမ်းနေခြင်း
တို့ရှိလျှင် ပညာဉစ္စာ ကင်းမဲ့နေတတ်၏။

## အမျိုးသား ခြေမ လက္ခဏာ

ခြေမသည်. . .
(က)ဝိုင်းခြင်း၊
(ခ) အသားပြည့်မောက်ပြီး မြင့်မောက်ခြင်း၊
(ဂ) ခြေမ၏ ပါးပျဉ်း၊ ပုံသဏ္ဌာန်ရှိခြင်း၊
တို့ရှိလျှင် အမည်ထင်ရှားတတ်၏။ ဂုဏ်ကျက်သရေနှင့်
တင့်တယ်တတ်၏။ ကြွယ်ဝချမ်းသာတတ်၏။
မကောင်းသော ခြေမ လက္ခဏာများမှာ. . .
(က)ခြေမတွင် အကြောအပြိုင်းပြိုင်းပေါ်လွင်နေခြင်း၊
(ခ) ပိပြားပြီး ဗျက်ကျယ်နေခြင်း၊
(ဂ) စက်ဝေ့လည်း မပါရှိခြင်း၊
(ဃ)အလွန်ကြီးမားနေခြင်း၊
တို့ရှိလျှင်. . .
(၁) တဏှာအလွန်ကြီးတတ်၏။
(၂) လိင်အင်္ဂါလည်း ကြီးတတ်၏။
(၃) တစ်ပါးသူ၏ မယားနှင့် မဖွယ်မရာ ပြုလုပ်တတ်၏။



www.burmeseclassic.com

www.burmeseclassic.com



## အမျိုးသမီး ခြေမ လက္ခဏာ

ခြေမသည်. . .

(၁) အသားပြည့်ဝ့ပြီး မြင့်မောက်ဝိုင်းဝိုက်နေလျှင် ပညာ၊ ဥစ္စာနှင့် ပြီးပြည့်စုံတတ်၏။ ခင်ပွန်းယောက်ျားအား ချမ်းသာမှုများစွာ ပေးတတ်၏။

(၂) ခြေမသည် အလွန်ရှည်လျားလွန်းလျှင် ပညာမဲ့ပြီး မိုက်မဲ တွေဝေတတ်၏။

(၃) ပိပြားသေးငယ်ပြီး မညီမညွတ် ရွဲ့စောင်းနေလျှင် ယုတ်မာတတ်၏။

(၄) ခြေမ ကြီးသင့်သည်ထက် အလွန်ကြီးသော် မုဆိုးမ ဖြစ်တတ်၏။ ခြေမ ကြီးသော် တဏှာရာဂ စိတ်ဆန္ဒအား ကြီးတတ်သည်ဟု အဆိုတစ်ရပ် ရှိ၏။

## အမျိုးသား ခြေချောင်း လက္ခဏာများ

(၁) အမျိုးသား ခြေညှိုးသည် ထူးခြားစွာ ခြေမထက် ကြီးလျှင် မိန်းမခြေဇာကို မလွန်ဆန်နိုင်သူ ဖြစ်တတ်၏။

(၂) ခြေညှိုးသည် ထူးခြားစွာ သေးငယ်နေလျှင် မိန်းမ သေဆုံးပြီး ဒုက္ခအကြီးအကျယ်ရောက်တတ်၏။

(၃) ခြေညှိုးသည် ခြေမထက် ရှည်လျားပြီးနေလျှင် မိန်းမကို နိုင်ရတတ်၏။ ခြေညှိုးရှည်လေလေ မိန်းမကို နိုင်လေလေ ဖြစ်တတ်သည်ကို အထူးသတိပြုပါ။

အမျိုးသား၏ ခြေချောင်းများသည်. . .

(၁) နူးညံ့သိမ်မွေ့ခြင်း၊

(၂) ညီညာဖြောင့်မတ်နေခြင်း၊

(၃) ကွဲအက်ခြင်း မရှိခြင်း





www.burmeseclassic.com

www.burmeseclassic.com



တို့ဖြစ်လျှင် ဆင်၊ မြင်း၊ ရတနာများကို ပိုင်ဆိုင်သူဟု ရှေးကျမ်းဂန်များတွင် ပြဆို၏။ မျက်မှောက်စကားနှင့်ဆိုရလျှင် ယာဉ်အမျိုးမျိုးကို ပိုင်ဆိုင်သူဟု မှတ်ယူရာ၏။

(၄) ခြေချောင်းကြီးငယ်တို့သည် တစ်ခုနှင့်တစ်ခု ယှဉ်ကပ်ခြင်း မရှိ၊ ကျဲကားနေခြင်း၊

(၅) တိုနေသယောင်ယောင် ရှိနေခြင်း၊

(၆) ပြားချပ်ပြီး အကြောတို့ ပြိုင်းပြိုင်းပေါ်လွင်နေခြင်း၊

တို့ဖြစ်လျှင် အစေအပါး ဖြစ်တတ်၏။

ခြေချောင်းတို့တွင် ခြေခလယ်သည် ကြီးနေလျှင် အမှုကိစ္စများကို ပျက်စီးအောင်လုပ်တတ်၏။ ခြေခလယ်လွန်စွာမှ သေးငယ်လျှင် ဆင်းရဲတတ်၏။

ခြေသူကြွယ် ရှည်လျားပြီး ကြီးနေလျှင် ရွှေ၊ ငွေ၊ ပစ္စည်းရတနာများ ပေါကြွယ်ဝတတ်၏။

ခြေသန်းသည် ခြေညှိုးထက် တုတ်ခြင်း၊ ကြီးခြင်း (သို့မဟုတ်) လွန်စွာမှ ငယ်ခြင်းဖြစ်နေလျှင် မိမိအရွယ်မရောက်ခင် မိခင်သေဆုံးရတတ်၏။

ခြေသန်း လွန်စွာမှ သေးငယ်နေလျှင် ကာမပိုင်မယားကို ပြစ်မှားတတ်၏။

## အမျိုးသမီး ခြေချောင်း လက္ခဏာများ


ခြေချောင်းငယ်များသည်. . .

(က) နူးညံ့ခြင်း၊

(ခ) အသွေးအရောင်ကောင်းခြင်း၊

(ဂ) အသားပြည့်ဖြိုးခြင်း၊

(ဃ) မြင့်မောက် လုံးဝိုင်းခြင်း





www.burmeseclassic.com

www.burmeseclassic.com



တို့ရှိလျှင် ချမ်းသာကြွယ်ဝတတ်၏။

ခြေချောင်းငယ်တို့သည်

(က)အသားနည်းလွန်းခြင်း၊

(ခ) ပိန်ကြုံ၍နေခြင်း၊

(ဂ) ရှည်လျားလွန်းနေခြင်း၊

(ဃ)မညီမညာ မလှမပ ဖြစ်နေခြင်း၊

တို့ရှိလျှင် မကောင်းသော အကျင့်စာရိတ္တရှိတတ်၏။ ဥစ္စာ၊ ပစ္စည်း ဆင်းရဲတတ်၏။

ခြေချောင်းငယ်များသည်. . .

(က)များစွာတိုတောင်းလွန်းနေခြင်း၊

(ခ) ပိပြားပြီး ကျီးခြေသည်းကဲ့သို့ ဖြစ်နေခြင်း

တို့ရှိလျှင် အသက်တိုတတ်၏။ အခိုင်းအစေ ဖြစ်တတ်၏။

ခြေချောင်းတို့သည် အချိုးအစား မှန်ကန်မှုမရှိ တစ်ချောင်းနှင့် တစ်ချောင်း ထပ်လျက်ရှိလျှင် အောင်သွယ်အလုပ်ကို ဝါသနာထုံတတ်၏။ လင်များလည်း မကြာခဏ ပြောင်းလဲယူတတ်၏။

လမ်းသွားလျှင် ဖုန်တထောင်းထောင်းထအောင် လျှောက်လှမ်းတတ်သော အမျိုးသမီးသည် ကာမဆန္ဒခံစားမှုတွင် ရောင့်ရဲနိုင်ခြင်းမရှိ၊ ဆွေမျိုးတို့ဂုဏ်ကို ပျက်စီးအောင် လုပ်တတ်၏။

ခြေသန်းသည် အပေါ်သို့ ကော့ထောင်လျက် မြေပြင်တွင် ခြေသန်း အရာ မထင်လျှင် သူတစ်ပါး လင်ယောကျ်ားအား ကြာခိုတတ်၏။

ခြေသူကြွယ်သည် ကော့ထောင်ပြီး မြေနှင့်မထိလျှင် လင်ယောကျ်ား သုံးဦးထက် မနည်း ပြောင်းယူတတ်လာ၏။

အလယ်ခြေလေးနှင့် မြေမထိလျှင် အိမ်ထောင်ဆက်များတတ်၏။



www.burmeseclassic.com

www.burmeseclassic.com


ခြေသန်းနှင့် ခြေသူကြွယ်တို့ကောထောင်လျက် မြေနှင့် မထိလျှင် လင်ယောကျ်ား အတည်တကျ မရှိ၊ အလေလိုက်သောအမျိုးသမီး ဖြစ်တတ်၏။

## အမျိုးသား ခြေသည်းခွံ လက္ခဏာ

အမျိုးသား၏ ခြေသည်းခွံသည်
(က)အညစ်အကြေး ကင်းစင်ခြင်း၊
(ခ) သန္တာအဆင်းနှင့် တူနေခြင်း၊
(ဂ) နူးညံ့ပျော့ပျောင်းနေခြင်း၊
(ဃ)လိပ်ကျောကုန်းကဲ့သို့ ခုံးမောက်နေခြင်း၊
(င) မှန်သားကဲ့သို့ အရောင်အဆင်း ကြည်လင်နေခြင်း၊
တို့ဖြစ်နေလျှင် အမြဲမပြတ် ချမ်းသာတတ်၏။
မကောင်းသော ခြေသည်းခွံများမှာ. . .
(က)ယောက်သွားကဲ့သို့ မာကျော ထူကဲနေခြင်း၊
(ခ) ကွဲအက်၍နေတတ်ခြင်း၊
(ဂ) ပိန်သေးရှည်လျားနေခြင်း၊
(ဃ)အရောင်အဆင်း ကင်းမဲ့နေခြင်း၊
(င) အစဉ်အမြဲ ညစ်ပတ်နေခြင်း
တို့ရှိလျှင် စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲ ဖြစ်တတ်၏။ အစဉ်သဖြင့် ပင်ပန်းနွမ်းနယ်သော အလုပ်ကို လုပ်ကိုင်ရတတ်၏။

## အမျိုးသမီး ခြေသည်းခွံ လက္ခဏာ

ခြေသည်းခွံသည်. . .
(က)နူးညံ့ခြင်း၊
(ခ) အရောင်အဆင်းနီမြန်းခြင်း၊


www.burmeseclassic.com

www.burmeseclassic.com



(ဂ) ပြားချပ်နေခြင်း မရှိခြင်း၊

တို့ရှိလျှင် 'ကံ' ကောင်းပြီး ချမ်းသာတတ်၏။ ထိုအချက် တစ်ချက် နှစ်ချက် ချို့ယွင်းနေလျှင် မကောင်းကျိုးများကို ခံစားရတတ်၏။

## ရယ်ရွှင်ခြင်း လက္ခဏာ

ကြီးကျယ်မြင့်မြတ်သော ယောကျ်ားတို့၏ ရယ်ရွှင်ခြင်း သဘောမှာ သွားများကို မမြင်အောင် ပြုံးရုံသာပြုံးတတ်၏။ ဖြည်းညင်းစွာ ပြုံးရယ်ခြင်းကို ပြုမူသောအခါ ကိုယ်လှုပ်ခြင်း ကင်းတတ်၏။

ရယ်ရွှင်ခြင်းပြုရာတွင်. . .

(က)ပခုံးဦးခေါင်း တို့ကို လှုပ်ရှားခြင်း၊

(ခ) မျက်စိပိတ်ပြီး မျက်ရည်များထွက်အောင် ရယ်ရွှင်ခြင်း၊

(ဂ) ဖောက်ပြန်သော အသံကိုပြု၍ ရယ်မောခြင်း၊

တို့ပြုလျှင် ဒေါသကြီးတတ်၏။ လိမ်ညာတတ်၏၊ ပညာမရှိဘဲနှင့် ပညာရှိယောင်ဆောင်သူများ ဖြစ်တတ်၏။

လူတစ်ဦးနှင့်တစ်ဦး တွေ့လျှင် စကားမပြောမီ ပြုံးရယ်တတ်သူ၊ (သွားပေါ်၍ တဟီးဟီး တဟားဟား ရယ်ရွှင်တတ်သူ)ကို သတိထားပါ။ ထိုသူသည် အမြင်အားဖြင့် ပြုံးရယ်နေသော်လည်း အတွင်းစိတ်တွင် ကောက်ကျစ်တတ်သူဟု တရုတ်အမျိုးသားတို့ ဆိုစကားရှိ၏။





www.burmeseclassic.com

www.burmeseclassic.com


## ငိုကြွေးခြင်း လက္ခဏာ

ထူးခြားတိုးတက် ကြီးပွားမည့်သူတို့၏ ငိုကြွေးပုံမှာ. . .

(က)မျက်ရည်ကျလေ့ မရှိခြင်း၊

(ခ) တောင်မှ စီးကျသော ရေကဲ့သို့လည်းကောင်း၊ သမုဒ္ဒရာ လှိုင်းတံပိုးကဲ့သို့လည်းကောင်း၊ နက်သောအသံကိုပြုပြီး ငိုတတ်၏။

ဆင်းရဲဒုက္ခရောက်မည့်သူတို့၏ ငိုကြွေးပုံမှာ. . .

(က)မျက်ရည်များစွာ ကျခြင်း၊

(ခ) ကျယ်လောင်စွာ ငိုကြွေးလေ့ရှိခြင်း၊

(ဂ) ရင်ဘတ်ကို ထုရိုက်၍လည်းကောင်း၊ မြေကြီးတွင် လူး လိမ့်၍ လည်းကောင်း ငိုကြွေးလေ့ရှိတတ်၏။

## နှာချေတ ခြင်း လက္ခဏာ

လူသည် သဘာဝအားဖြင့် နှာချေတတ်ခြင်း သဘောရှိ၏။ ထိုနှာချေတတ်ခြင်းကို သရုပ်ခွဲရလျှင်. . .

(၁) ကုသိုလ်ကောင်းမှု ပြုလေ့ရှိသော သူ၏ နှာချေသော အသံသည် သက်သာသည့် သဘောရှိတတ်၏။

(၂) နှာချေရာတွင် ရှည်သောအသံဖြင့် တစ်ကြိမ်တည်း (ဝါ) တစ်ခွန်းတည်းသာ ချေလျှင် စည်းစိမ်ချမ်းသာနှင့် ပြီး ပြည့်စုံတတ်၏။

(၃) နှစ်ကြိမ်ဆက်၍ ချေလေ့ရှိလျှင် ချမ်းသာတတ်၏။

(၄) သုံးကြိမ်ဆက်ပြီး ချေလေ့ရှိလျှင် အသက်ရှည်တတ်၏။

(၅) ထို့ထက် လွန်ကဲပြီး အကြိမ်ကြိမ်ဆက်၍ နှာချေလေ့ရှိ လျှင် ဆင်းရဲတတ်၏။ စိတ်ဒုက္ခရောက်တတ်၏။


www.burmeseclassic.com

www.burmeseclassic.com



## သွားကြိုတ်ခြင်း လက္ခဏာ

"အိပ်စက်သောခါ သွားကြိတ်တတ်သော အလေ့အထရှိလျှင်သော် လည်းကောင်း၊ အစာစားသကဲ့သို့ ပါးစပ်လှုပ်သော အလေ့အထ ရှိလျှင်သော်လည်းကောင်း မည်မျှပင်ကောင်းမြတ်သော ဥပမိရုပ်လက္ခဏာများနှင့် ပြည့်စုံစေကာမူ ယုတ်လျော့ပျက်စီးတတ်သည် ဟူ၍ ရှေးပညာရှိကြီးများ မိန့်ဆိုခဲ့ပေသတည်း။

သဗ္ဗေသတ္တာ အဝေရာဟောန္တု
သုတေသီခြင့်ထွန်း





www.burmeseclassic.com

www.burmeseclassic.com



ကျမ်းကိုးစာရင်း။

(၁) ဆရာကြီး ဦးဘိုးမြစ် ပြုစုသော "လောကဟိတရာသီကျမ်း" (၁၂၆၅ ခု တော်သလင်းလအတွင်းပုံနှိပ်)

(၂) ဆရာကြီးဦးသာဂရ စီစဉ်ရေးသားသည့် "သုတသန္နိစယမူကျယ်ကျမ်း"

(၃) ဆရာတော် ဦးသီလစာရ (ဘာသာပြန်) သော "ဟတ္ထသမုဒြိကဇောတိကျမ်း"

(၄) ညောင်လေးပင် ဆရာတော်၏ "လက္ခဏာတော် ၈၀"

(၅) စိန်ပန်းမြိုင်စာပေမှ "လူ့လက္ခဏာကျမ်း"

(၆) တောက်ထွန်း၏ "လူ့ကဲခတ်နည်း"

(၇) ဆရာကြီးပီမိုးနင်းရေး "ထွက်သက်ဝင်သက်အောင်မြင်ရေး" မှ မသျှတ္တရ။

(၈) ဦးစံဝင်း (ကုဏ္ဍလိနီ)၏ "သိပ္ပံနည်းကျ ရှုပလက္ခဏာ" (၃)ကြိမ်။

(၉) သာမုဒြိက ပညာရှင် ဆရာဗေဒပြုစုသည့် "လက်သရုပ်ခွဲ ပညာလျှို့ဝှက်ချက်များ အဖွင့်ကျမ်း"

(၁၀) ဆရာဗေဒနှင့် သုတေသီမြင့်ထွန်း ပြုစုသော "လက္ခဏာ ဂဏ္ဌိ" ကျမ်း။

(၁၁) သုတေသီမြင့်ထွန်း ပြုစုသော "မှဲ့သျှတ္တရ"

(၁၂) သုတေသီမြင့်ထွန်း၏ "ဥပမိရုပ် အပေါ မိတ်ဆက်" (ဆောင်းပါး) ဉာဏ်လင်း ဓမ္မစာပဒေသာ၊ ၁၉၈၃ ခုနှစ်၊ အောက်တိုဘာလ။

(၁၃) သုတေသီမြင့်ထွန်း၏ "သင်ဘယ်လိုလူစားလဲ" (ဆောင်းပါးများ) ဖွဲ့သတ္တိဂျာနယ်၊ အတွဲ (၁)၊ အမှတ် (၆)၊ ၁၉၈၄ ခု ဒီဇင်ဘာလ (၁၅) ရက်မှ အတွဲ (၁)၊ အမှတ် (၁၀)၊ ၁၉၈၅ ခု မတ်လ (၁၅)ရက်နေ့အထိ။



www.burmeseclassic.com

www.burmeseclassic.com



(1) CHINESE MAGIC AND SUPERSTITONS IN MALAYA BY LEON COMBER
(2) ZONES OF THE FACE BY DR. DADI BALSARA (ASIA MAGAZINE JANUARY 2.1983.

ကြယ်ပွင့်ပြကျမ်းနှင့် ဆောင်းပါးစာတမ်းများသည် ဤစာအုပ်အတွက် အဓိက ကိုးကားသော ကျမ်းများ ဖြစ်၏။



www.burmeseclassic.com